
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# မြေမြိမ်းလှိုင်

မနော်ဟာရီ

www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စာမူခွင့်ပြုချက်အမှတ်
၅၀၀၆၅၃၀၆၀၇

မျက်နှာဖုံးခွင့်ပြုချက်အမှတ်
၅၀၀၅၉၆၀၅၀၈

ထုတ်ဝေသူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်စာပေ

ပုံနှိပ်သူ
ဦးမောင်မျိုး
ကြောင်နှစ်ကောင်ပုံနှိပ်တိုက်

ထုတ်ဝေခြင်း
ပထမအကြိမ် ၂၀၀၈ ခုနှစ် ဩဂုတ်လ
အုပ်ရေ ၅၀၀ ၊ တန်ဖိုး (၃၀) ကျပ်

www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာပေါ်တွင် ...

မည်သူမှ မသိရှိလိုက်သည့်

ငြိမ်းချမ်းအေးမြ ဖြူစင်လွန်းကာ

နွေးထွေးမှုတွေကို ပေးနိုင်စွမ်းသော

မီးလျှံလေးတစ်စ ရှိခဲ့ဖူးသည် ...။

ပြန်လည်ရယူနိုင်ခြင်းငှာ မစွမ်းနိုင်သည့်

အတိတ်သက္ကရာဇ်များဆီ

အတွေးခြေလှမ်းများနှင့် တစ်ထစ်ချင်း

နင်းတက်သွားသည့်အခါ

အလိုတော်အရ လှုပနေခဲ့သော

နေ့ရက်များကို တွေ့လိုက်ရလေသည် ...။

ကြောင်နှစ်ကောင်စား

www.burmeseclassic.com

www.burmeseclassic.com

## September

ထိုနေ့က ကောင်းကင်သည် ကြည်စင် လင်းချင်းနေခဲ့လိမ့်မည်။

ကျွန်တော့်လို တိမ်ရိပ်တိမ်လိပ်တွေ တစိုးတစိမျှမရှိဘဲ နွေးထွေး လှပနေခဲ့လိမ့်မည် ထင်သည်။

သေချာတာက ထိုနေ့တွင် **'ဖိုးသကြိန်'** ဆိုသောကောင်က ထုံးစံ အတိုင်း သူ့အမေကို ဆရာ၊ ဆရာမ နားနေခန်းထဲပို့ပြီး အတန်းပိုင်ဆရာမ ၏ ခြင်းကလေးကိုဆွဲကာ အတန်းထဲဝင်လာခြင်း ဖြစ်သည်။ မျက်နှာမှာ လည်း မျက်နှာပိုးသပ်မရသလို မချိုမချဉ်နှင့်။

"ဆရာမခြင်းထဲက ဟင်းခိုးစားလာတာလား"

ကျွန်တော့် ရှေ့တည့်တည့်တွင် လာထိုင်ကာ ကျွန်တော်နှင့်အတူ သချာ်ထိုင်တွက်နေသော သန့်စင်က လှမ်းပြော၏။ ဖိုးသကြိန်ကတော့ **'သန့်စင်'** စကားကို စိတ်မဝင်စား။ ကျွန်တော့်ကို လှမ်းခေါ်၏။





"မိုးတိမ်"

"ဘာလဲ"

"ဒီနေ့ လူသစ်ရောက်မယ်"

"အဲဒါဘာဖြစ်လဲ"

ကျွန်တော်က စိတ်မဝင်စားသလို ပြောသော်လည်း သန့်စင်ကတော့ မျက်မှောင်ကြုတ်၏။

"ဟင် ... ငါတို့အတန်းက ဒီနှစ် အဝင်အထွက် အတော်များတာပဲ"

သန့်စင် ဘာကိုဆိုလိုမှန်း ကျွန်တော် သိသည်။ သို့သော် ဒီကောင့် စကားက ကားလွန်းသည်။ ကျောင်းထွက်သွားတာက စုစုပေါင်းမှ နှစ် ယောက်။ တစ်ယောက်က အချစ်ကို ကိုးကွယ်ရန် ဆုံးဖြတ်ကာ ချစ်သူ့ နောက် လိုက်သွားခဲ့သည်။ နောက်တစ်ယောက်က ကျောင်းပြောင်း။ အဝင် ကလည်း တစ်ယောက်ပဲရှိသည်။ ကျွန်တော်တို့ အတန်းပိုင်ဆရာမ၏ တူ ဝမ်းကွဲ **'ကျော်သူရ'** ဖြစ်သည်။

"အေး ... ဒါပေမယ့် ခုဝင်လာတာက ကောင်မလေးကွ"

ဖိုးသကြိန်က သူ့ လိုရင်းစကားကို အဆုံးသတ်ရန် သန့်စင်ကို ထောက်ခံရင်း စကားဆက်၏။ ကောင်မလေးဆိုလျှင် သေချာတာက ကျွန်တော့် ဘေးနေရာပင်။ ကျွန်တော်တို့အတန်းက ယောကျ်ားလေးတစ် ယောက်၊ မိန်းကလေးတစ်ယောက် တစ်ယောက်ခြားစီ ထိုင်ရသည်။ ဆူ လွန်း၍ ဖြစ်သည်။ ဆရာမ၏ အစီအမံက မှန်ပါသည်။ ထိုသို့ ခြားလိုက် ကတည်းက တွတ်ထိုးသံတွေ လျော့သွားပြီး၊ ရန်ဖြစ်သံလည်း မရှိသလောက် ဖြစ်သွားခဲ့ရသည် မဟုတ်ပါလား။

"ဒါဆိုရင် မိုးတိမ်ဘေးမှာ ထိုင်ရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

"ဒါပေါ့" /

သူတို့ လေသံကြီးတွေက တကယ့် တစ်မျိုးကြီးတွေ။ အရွယ်နှင့် ...လိုက်ဟု ကျွန်တော် ခံစားရသည်။ ကျွန်တော်ကတော့ 'ဖိုးသကြန်' ၏ ...အသံကို သူ့အမေအား ကြားစေချင်မိတာအမှန်။

ခဏနေတော့ **'ငုဝါခိုင်'** ရောက်လာသည်။

"သချ်ာတွေ ပြီးပြီလား မိုးတိမ်"

"အင်း... ဒီမှာ သန့်စင်ကို ပြန်တွက်ပြနေတာ"

"ဒါဆို ငါလည်း အတူတွက်မယ်"

ငုဝါက ကျွန်တော့်ဘေးမှာ ထိုင်သူဖြစ်သည်။ ငုဝါဘေး ထောင့် ...ခုံးမှာက ဖိုးသကြန်။ ကျွန်တော်တို့လိုင်းက လေးယောက်တစ်လိုင်း ထိုင် ...သည်။

"နင် အိမ်မှာ မတွက်ခဲ့ဘူးလား"

"တွက်တယ်၊ အဲဒီတစ်ပုဒ်က အဖြေမရလို့၊ နံပါတ် (၈)"

ဖိုးသကြန်က ဆရာကြီးလုပ်ကာ မေးသည်ကို ငုဝါက အကောင်း ...ပြော၏။

"နင်က ညံ့တာကိုး"

"အေးလေ ညံ့တယ်၊ ဒါကြောင့် တော်တဲ့ မိုးတိမ်ဆီမှာ လာရှင်း ...င်းတာ"

ငုဝါက လေအေးအေးနှင့် ပြန်ပြောခြင်း ဖြစ်သော်လည်း တွေးကြည့် ...ျှင် ဖိုးသကြန်ကို မိုးတိမ်လိုမတော်ဟု ပြောရာလည်း ရောက်သဖြင့် ...းသကြန်တစ်ယောက် အောင့်တောင့်တောင့် ဖြစ်သွားပုံရသည်။ အသံ ...တိတ်သွား၏။ ကျွန်တော်ကတော့ "ခုမှနားအေးတယ်" ဟု စိတ်ထဲက





ရေရွတ်လိုက်မိသည်။

ပထမခေါင်းလောင်းထိုးတော့ သန့်စင် ထိုင်ရာကထကာ ဆွဲယူ ထားသောခုံကို နေရာတကျ ပြန်ထားသည်။ ဆရာမ အတန်းထဲ ဝင်လာ ချိန်ထိ ဆရာမနောက်မှ ဘယ်သူမှပါမလာ။ ထို့ကြောင့် ကျွန်တော်က ဖိုးသကြန်ကို အဓိပ္ပာယ်ပါပါကြည့်ကာ မဲ့ပြလိုက်၏။ နောက်တစ်တန်း ကျော်မှ သန့်စင်က ချောင်းဟန့်သည်။ ဖိုးသကြန်ကတော့ ခေါင်းကုတ် လျက်။

"မင်္ဂလာပါဆရာမ"

"မင်္ဂလာပါကွယ်"

ဆရာမက သူမ နေရာတွင်ထိုင်ရင်း ကျောင်းခေါ်ချိန် စာအုပ်ကို ထုတ်၏။ နာမည်ခေါ်ရန် ပြင်ရင်းမှ တစ်စုံတစ်ခုကို သတိရဟန်နှင့် –

"သြော် ... ဒီနေ့ ကျောင်းသူတစ်ယောက် အသစ်ဝင်တယ်၊ နာမည်က 'ပြေမီးလျှံ' တဲ့၊ ဒီတော့ အေးသွားအောင် ဆရာမတို့ 'မိုးတိမ်' နားပဲ ထားလိုက်ကြရအောင်"

ခပ်အုပ်အုပ် ရယ်သံများ လျှံကျလာသည်။

"ကဲ ... မရယ်နဲ့၊ ဟိုမှာလာနေပြီ"

ဆရာမ စကားအဆုံးမှာ အတန်းဝသို့ ကောင်မလေးတစ်ယောက် ရောက်လာသည်။ ဖြူဝင်းနေသော အသားအရေ၊ ဆံပင် ညိုမှောင်မှောင် များနှင့် မျက်တောင်ရှည်ကြီးများကို ပိုင်ဆိုင်သော ကောင်မလေးကို သူတို့ တစ်တန်းလုံး တအံ့တသြ ကြည့်မိကြသည်။

လူနှင့်နာမည်က လိုက်မှမလိုက်တာ။

နာမည်က ပူပြင်းသလောက် ကောင်မလေးက အေးချမ်းငြိမ်သက်



www.burmeseclassic.com

www.burmeseclassic.com



လွန်းသည်ဟု ခံစားရသောကြောင့် ဖြစ်သည်။

"လာ သမီး၊ ဒီရှေ့က ခုံမှာထိုင်"

"မိုးတိမ် ... မိုးတိမ်"

ဆရာမ စကားအဆုံး ကောင်မလေးက ကျွန်တော့်နား ရောက်အလာမှာ ကျွန်တော့်နာမည်ကို ခပ်တိုးတိုး ရေရွတ်သံများကို ကြားလိုက်ရသည်။ ဆရာမက –

"ဘာဖြစ်တာလဲ" ဟု ခပ်ဆတ်ဆတ် မေးလိုက်မှ အသံများ တိတ်သွားကြသည်။ ပြီးတာနှင့် ဆရာမက ကျောင်းခေါ်ချိန်စာရင်း ခေါ်သည်။ ပြီးတာနှင့် သူမ၏ ဘာသာရပ်ဖြစ်သော ဓာတုဗေဒကို သင်၏။ စာသင်ရင်းက 'ပြေမီးလျှံ' ဆိုသော ကောင်မလေးကို မှာသေးသည်။

"သမီး လိုတဲ့စာတွေ သူငယ်ချင်းတွေဆီက ကူးနော်"

"ဟုတ်"

မီးလျှံမလေးက ခေါင်းညိတ်၏။ တစ်ချိန်ပြီးတစ်ချိန် မနားတမ်း စာသင်သွားသည်မှာ နေ့လည် မုန့်စားလွှတ်ချိန်ကျမှ ခြေဆန့်လက်ဆန့်ချိန်ရတော့သည်။ ဖိုးသကြ်န်က အမေဆီက ထမင်းချိုင့်ယူရန် လစ်ခနဲ ထွက်သွား၏။ ငုဝါက ထမင်းဘူးဖွင့်ရင်း ကျောင်းသူအသစ်ကို (ကျွန်တော့်ကို ကျော်၍) လောကွတ်လုပ်သည်။

"စားပါဦး"

"စား ... လျှံ့ကို စာကူးဖို့ စာအုပ်တွေပဲ ငှားပေးပါနော်"

"ဟာ ... ငှားမှာပေါ့၊ ဟဲ ဟဲ ... ငုဝါ လက်ရေးကမလှဘူး၊ မိုးတိမ်ဆီက ယူပါလား"

"မိုးတိမ်"





ကောင်မလေးက ငုဝါစကားကို သံယောင်လိုက်၏။

"မိုးတိမ်ဆိုတာ သူလေ"

"ဩော် ... ဟုတ်ကဲ့၊ လျှံ့ကို စာအုပ်လေး ငှားနိုင်မလားလို့၊ တစ်နေ့ တစ်ဘာသာပေါ့၊ နောက်နေ့ စာပြန်ကြည့်စရာ မလိုတဲ့နေ့တွေမှာပေးလေ၊ အိမ်စာပါရင်တော့ မယူဘူး၊ စနေ၊ တနင်္ဂနွေ ပိတ်တဲ့အခါကျမှ၊ တနင်္လာနေ့မှာ အိမ်စာမပြရမယ့် ဘာသာမျိုးတွေ ယူမယ်လေ"

အမယ်လေး ... အကွက်က စေ့ပါပေ့။ ဘယ်တုန်းတည်းက ဘယ်လောက် စဉ်းစားထားမှန်းမသိ။ သူမ စဉ်းစားပုံက သူမအတွက် မဟုတ်။ တစ်ဖက်သားအတွက် စဉ်းစားထားခြင်း ဖြစ်သည်။

"ရပါတယ်၊ ကိစ္စမရှိဘူး၊ ကူးနိုင်သလောက်သာ ယူသွား၊ မနိုင်ရင် ကျွန်တော်ရယ်၊ ငုဝါရယ်၊ ဖိုးသကြ်န်ရယ် ကူကူးပေးမယ်"

"ဟုတ်တယ် ... ဟုတ်တယ်"

ဘယ်တုန်းက ပြန်ရောက်လာမှန်းမသိသော ဖိုးသကြ်န်က အားပါးတရ ဝင်ထောက်ခံ၏။

"ငုဝါလည်း ကူးပေးမယ်၊ ငုဝါလက်ရေးကို ခံစားနိုင်ရင်ပေါ့"

ငုဝါက ရယ်ရင်းပြော၏။ 'လျှံ' ဆိုသော ကောင်မလေးကတော့ ရယ်သည်။

"ခံစားနိုင်ပါတယ်၊ လျှံကိုယ်တိုင်က လက်ရေးလှတာမှ မဟုတ်တာ၊ အားနာတာတစ်ခုပဲ"

"အားမနာနဲ့ ... အားမနာနဲ့၊ သူငယ်ချင်းချင်း အားနာစရာမှ မဟုတ်တာ"

ဖိုးသကြ်န် လေသံက မတရားကြီး သိသာနေသဖြင့် ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



ခံစားရတာမို့ အကြည့်နှင့် လှမ်းဟန့်ရသေးသည်။ ပြီးမှ ကျွန်တော် မုန့်စားတန်းဖက် ထွက်ရန်ပြင်ရသည်။ ဒီနေ့ ထမင်းဘူးမပါ။ မေမေမှ နေမကောင်းပဲ။

"ဘယ်လဲမိုးတိမ်၊ ထမင်းမစားဘူးလား"

ငုဝါက လှမ်းမေး၏။

"ငါ ဒီနေ့ ထမင်းဘူးမပါလို့ မုန့်သွားစားမလို့"

"ဒီမှာလာစားလေ"

ဒါမျိုးတော့ ဖိုးသကြန်က မတွန့်မတို ခေါ်ရှာသည်။

"ရပါတယ်၊ ဘယ်သူမှမဝ ဖြစ်နေမယ်၊ ငါ မုန့်ဟင်းခါးပဲ သွားစားတော့မယ်"

"အေး ..."

လှည့်အထွက်တွင် –

"လျှံလည်း လိုက်စားချင်တယ်"

"အာ ... ရတယ်လေ လာ၊ မုန့်စားတန်း မရောက်ဖူးသေးဘူး ထင်တယ်"

"ဟုတ်တယ်"

"လာ လာ"

ကျောက်ကျော ရေပက်ထားသလို ပြောင်ချော်ချော် လာကြည့်နေပြန်သော ဖိုးသကြန်ကို အမြင်ကပ်သဖြင့် အမြန်ထွက်လာခဲ့လိုက်သည်။ မုန့်စားတန်းရောက်တော့ ကျွန်တော်စားသည့် မုန့်ဟင်းခါးကို လိုက်စား၏။

"တခြားဟာတွေလည်း ရှိတယ်လေ"

"ရတယ်၊ လျှံလည်း မုန့်ဟင်းခါးကြိုက်တယ်"





"ဘယ်ကျောင်းက ပြောင်းလာတာလဲ"

"စမ်းချောင်းက"

"သြော် ... အိမ်ပြောင်းလို့လား"

"ဟင့်အင်း ... ကျောင်းပဲပြောင်းတာ"

"အဲဒီကျောင်းက ဘာဖြစ်လို့လဲ"

"ကျောင်းက ဘာမှမဖြစ်ပါဘူး၊ မေမေတို့က ရွှေ့ချင်တာ"

"သြော် ..."

ကျွန်တော်သည်လည်း လူကြီးတွေကို သိပ်နားလည်နေလောက်အောင် ရင့်ကျက်သေးသူ မဟုတ်ပါ။ ခပ်တည်တည်နှင့်သာ 'သြော်' လိုက် လိုက်ရသည်။ ဘာမှနားမလည်ပါ။ ပထမအစမ်း စာမေးပွဲပင် တစ်လလောက်ပဲလိုတော့သော ကာလကြီးကျမှ ကျောင်းပြောင်းလာသတဲ့။ စာတွေက တူသည်ဆိုဦးတော့ ကူးရဦးမည်။ ပြီး ကျောင်းသစ် လူသစ်များနှင့် စိတ်အထာကျဖို့က ရှိသေးသည်။

"နင်က မပြောင်းချင်ဘူးလား"

"ငါက ပြောင်းချင်တယ်လည်း မဟုတ်ဘူး၊ မပြောင်းချင်ဘူးလည်း မရှိပါဘူး၊ တစ်ခုပဲ"

တစ်ခုပဲဟုဆိုကာ မျက်လုံးလေး ထောင့်ကပ်ကာ စဉ်းစားတွေဝေသွားဟန်ရှိသဖြင့် ကျွန်တော်ကပဲ ပြန်မေးရသည်။

"ဘာ တစ်ခုပဲလဲ"

"ဘာမှမဟုတ်ပါဘူး"

မီးလျှံမလေးက ခေါင်းကို သွက်သွက်ရမ်း၏။

"ဘာလဲ၊ နင့်စာတွေအတွက်လား၊ မပူနဲ့ ငါ ကူးပေးမယ်၊ လိုတာ



www.burmeseclassic.com

www.burmeseclassic.com



ရှိရင်လည်းပြော၊ ငါရှင်းပြမယ်၊ အဲ ... နင်က ပိုတော်နေရင်တော့ မသိဘူး ဟဲ ဟဲ ...”

“ငါက ပိုတော်တယ်ဆိုတာတော့ မဖြစ်နိုင်ပါဘူးဟာ၊ ငါမှမတော်တာ”

“အဲဒီလို နာမည်ခပ်ဆန်းဆန်းကြီးကို နင့်ကို ဘယ်သူက မှည့်ထားတာလဲ”

ကျွန်တော် မဆီမဆိုင် မနေနိုင်စွာ ဖြတ်မေးမိ၏။

“ဖေဖေ”

“နင့်အမေ နာမည်မှာကော မီးလျှံပါလို့လား”

“ဟင့်အင်း ... ငါ့ကို မွေးပေးခဲ့တဲ့ ဆရာဝန်မကြီးရဲ့ နာမည်ကို ယူထားတာတဲ့”

“ကြုံကြုံဖန်ဖန် ဘာဆိုင်လဲ”

“ဆိုင်တယ်၊ သူက ငါ့ကို ခက်ခက်ခဲခဲ အသက်လု မွေးပေးခဲ့တာတဲ့”

“သူ့နာမည်က”

“Dr. Mary Flame တဲ့၊ ငါက ငါ့အဖေ နိုင်ငံခြားမှာ တာဝန်ကျနေတုန်း မွေးခဲ့တာမို့လေ”

“ဒါနဲ့ပဲ နင်က”

“ဟုတ်တယ်၊ ငါက ဧပြီတစ်ရက်မှာ မွေးတာမို့ April Flame လို့ ပေးခဲ့တာ၊ မြန်မာလိုကျ ‘ဧပြီမီးလျှံ’ ပေါ့၊ မလှဘူးလား”

“လှပါတယ်၊ ဒါပေမယ့် တစ်မျိုးကြီးပဲ”

ကျွန်တော်တို့ စကားတွေ အပြန်အလှန် ပြောမကုန်ဘဲ အတန်းထဲ





ပြန်လာကြတာကိုတွေ့တော့ အားလုံးက အကဲခတ်သလို ကြည့်သည်။ ကျွန်တော်တို့ နှစ်ယောက်ကတော့ တစ်ယောက်အကြောင်း တစ်ယောက် ပြောမကုန်ရှိတုန်း –

“နင့်ကိုကော ဘာလို့ မိုးတိမ်လို့ ခေါ်တာလဲ”

“ငါက July လမှာ မွေးတာလေ”

ထိုသို့ဖြင့် ထူးဆန်းစွာ၊ သို့တည်းမဟုတ် ရေစက်ရှိစွာ၊ သို့တည်းမဟုတ် မထင်မှတ်စွာ ကျွန်တော်တို့နှစ်ယောက် ခင်မင်သွားခဲ့ကြသည်။ ခင်မင်မှုဆိုတာကရော လုပ်ယူလို့ရတဲ့ထဲမှာ ပါလို့လား။ သူသည်လည်း Cannot be created nor destroyed ထဲမှာ ပါသည်ဟု ကျွန်တော် ယုံပါသည်။

○



www.burmeseclassic.com

www.burmeseclassic.com

# October

သူမက သူ့ကိုယ်သူ 'လှျံ' ဟု ပြောသဖြင့် ကျွန်တော်တို့ကလည်း 'လှျံ' ဟုသာ ခေါ်ကြသည်။ မရင်းနှီးသူ တချို့ကတော့ April ဟု ခေါ်ကြသည်။

"လှျံ ရော့ ... နင့်စာအုပ်တွေ"

"ကူးပြီးသွားပြီ ဟုတ်လား"

"ဟုတ်တယ်၊ ညက မအိပ်ဘဲကူးတာ"

ဖိုးသကြန်၏ စကားကြောင့် လှျံတစ်ယောက် မနေတတ် မထိုင်တတ်ဖြစ်ကာ အားနာသွားရသည်။ ကျွန်တော်ကတော့ ဖိုးသကြန်ကိုကြည့်ကာ ရယ်ပဲရယ်ချင်သည်။ ငုဝါကတော့ မသိမသာ ကြိတ်ပြုံးကာ သူမ အိတ်ထဲက ပန်းသီးနှစ်လုံးကို ဆွဲထုတ်လိုက်၏။

"ရော့ ... လှျံ၊ ဒါက မိုးတိမ်အတွက်"





"ဟင် ... ငါ့အတွက်ကော"

"နင်က ညက အိပ်ပျက်ထားတယ် မဟုတ်လား၊ စာကူးရလို့လေ"

"အင်း ... အင်း ... ဟုတ်တယ်လေ"

"ည အပ်ရေးပျက်ထားတဲ့သူတွေက အစားပါ ပျက်တတ်တယ်တဲ့၊ နင် စားနိုင်မှာ မဟုတ်ဘူး၊ မစားပါနဲ့တော့"

ငုဝါစကားကြောင့် ကျွန်တော်က မနေနိုင်စွာ ထရယ်မိသော်လည်း လှျံကတော့ ထိုစကားကို အတည်ယူရှာသည်။

"ဟင် ... ဟုတ်လား၊ ဒါဆို ဖိုးသကြန် ဘာမှစားနိုင်တော့မှာ မဟုတ်ဘူးပေါ့"

"ဟာ ... မဟုတ် ... အဲ ... "

ကျွန်တော်တို့ ဝိုင်းရယ်ကြတော့မှ လှျံက သဘောတွေပေါက်ကာ လိုက်ရယ်တော့၏။

ကျွန်တော်တို့အားလုံး ဝိုင်းပြီး စာကူးပေးသဖြင့် သုံးရက်ခန့် အတွင်းမှာပင် လှျံ့မှာ ဒီကျောင်းက မှတ်စုများအတိုင်း အပြည့်အစုံ စာအုပ်များကို ပိုင်ဆိုင်သွားသည်။

"ကျူရှင်ကော တက်ကြလားဟင်"

လှျံ့ထံမှ မေးခွန်းကြောင့် ငုဝါက ကပျာကယာ ခေါင်းညိတ်သလို ကျွန်တော်ကလည်း ခေါင်းဆတ်ပြမိသည်။ ဖိုးသကြန်ထံမှတော့ အသံမကြားရ။ ဒီခေတ်ကြီးမှာ ကျူရှင်မတက်တဲ့လူက ဘယ်ရှိမှာတဲ့လဲ။

"ဘာလို့လဲ၊ နင် မတက်ဘူးလား"

ငုဝါက တအံ့တသြ ထပ်မေး၏။

"တက်တော့တက်တယ်၊ ဒါပေမယ့် ... "



www.burmeseclassic.com

"ပြောပါဦး၊ ဘာ ဒါပေမယ့်လဲ ..."

"အရင်က တက်ခဲ့တဲ့ ကျောင်းကို မတက်ရတော့ဘူးလေ၊ အဲဒါ"

"ဟင် ... ဒါဆို ငါနဲ့တက်မလား"

ငှဝါက မျက်လုံးလေးများ တောက်ပသွားသည်အထိ ဝမ်းသာအားရ မေး၏။

"တက်ရင် ကောင်းမယ်ထင်တာပဲ၊ နှင်တို့က ဝိုင်းလား၊ ဆက်ရှင်လား"

"ဝိုင်း လေးယောက်တည်းရှိတာ၊ နှင်ပါမှ ငါးယောက်"

"သင်တာက"

"ဆရာမနဲ့ ဆရာတစ်ယောက်၊ အဲ ... ဖိုးသကြန် အမေနဲ့ အဖေ"

"ဟင် ..."

ထိုအခါကျမှ ဖိုးသကြန်တစ်ယောက် ဘာကြောင့် အသံမထွက်လဲ ဆိုတာကို လျှံတစ်ယောက် မှန်းဆမိတော့သည်။

"ဖိုးသကြန်အမေက ဒီကျောင်းကဆရာမ၊ ဆရာမက ဘာသာစုံ သင်တယ်၊ သူ့အဖေက အင်္ဂလိပ်စာတစ်ခုပဲ သင်တယ်၊ ဖိုးသကြန်အဖေက အင်္ဂလိပ်စာဌာနက ကထိကကြီးလေ၊ ငါတို့မို့ သင်တာ၊ တခြားလူ မသင်ဘူး"

အရေးထဲ ငှဝါက ကြော်ငြာပါ ဆက်ထိုးပေးနေသေးသည်။ လျှံကတော့ စူးစမ်း မေးမြန်းနေဆဲ။

"လူက လေးယောက်ဆိုတော့ ကျန်တဲ့သူတွေက ..."

ကျွန်တော် စိတ်မရှည်သလို ဖြတ်ပြောပေးလိုက်သည်။

"ငါရယ်၊ ဖိုးသကြန်ရယ်၊ ငှဝါရယ်၊ ဖိုးသကြန်ရဲ့ ညီမဝမ်းကွဲ





**'မေလရောင်'** ရယ်"

"သြော် ... ဒီလိုလား"

"ဟုတ်တယ် ... ဒီလို၊ နှင်တက်မှာလား"

"အမေနဲ့ ပြန်တိုင်ပင်ရဦးမယ်"

အချိုကြီး မေးလာပြီးမှ အမေနဲ့ ပြန်တိုင်ပင်ရဦးမယ်ဆိုတော့ ပြုံးနေသော ဖိုးသကြန်က တစ်စခန်းထသည်။

"အေးပါ မေးပါ၊ နှင့်ကို လက်ခံမခံလည်း ငါ့အမေနဲ့ငါ ပြန်တိုင်ပင်ရဦးမှာ"

ဖိုးသကြန်က ငေါ့တော့တော့ စကားကြောင့် လျှံက ရယ်သည်

"အဲလိုသဘော မဟုတ်ပါဘူး၊ ဖိုးသကြန်ရဲ့"

"နှင်ကမဟုတ်ပေမယ့် ငါကဟုတ်တယ်"

"ဒါဆိုလည်း အားကိုးပါရစေ၊ ငါ့ကို တက်ခွင့်ရအောင် နှင်ပဲပြောပေးပါ"

လျှံ၏ ပါးနပ်လှသော စကားကြောင့် ဖိုးသကြန် ဘာပြန်ပြောရမှန်းမသိ ဖြစ်သွားပုံရသည်။

"အားကိုးချင်ရင်တော့ အားကိုးပေါ့၊ အမေ့တော့ ပြန်ခွင့်တောင်းစရာ မလိုပါဘူး ဟဲ ဟဲ...."

လက်မောင်းလေးတစ်ဖက် ထိုးပေးကာ ပြောလာသော ဖိုးသကြန်စကားကြောင့် အားလုံး ဝိုင်းရယ်မိကြသည်။ ငှဝါကတော့ အမြင်ကပ်ဟန်ဖြင့် –

"လျှံ"

"ဟင် ..."



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

"နင်က ဘာလို့ခံနေတာလဲ၊ အသားယူနေတဲ့ဟာကို"

"ဟင် ... ငါမှ ပြန်မပြောတတ်တာ၊ ပြီးတော့ ..."

"ပြီးတော့ ဘာဖြစ်လဲ"

"သူ့ကြည့်ရတာ ရယ်ရလို့"

"ငပေါလိုပဲနော်"

ကျွန်တော်က အဆင်း ဘီးတပ်ပေးလိုက်သည်။ ဒါမျိုးက လျှံက မြန်သည်။

"ဟုတ်တယ် ဟုတ်တယ်"

ဟု မျက်နှာသေလေးနှင့် ထောက်ခံ၏။

ထိုစဉ်မှာပဲ ဆရာမ ဝင်လာသဖြင့် လူစုကွဲကာ စကားစပြတ်သွားရသည်။

"လျှံက စာတွေကူးပြီးပြီလား"

"ဟုတ်ကဲ့ ဆရာမ"

"မြန်သားပဲ"

"သူငယ်ချင်းတွေ ကူကြပါတယ်"

"အော် ... ကောင်းတယ် ကောင်းတယ်၊ ကဲ ... စမယ်၊ ကျောင်းခေါ်ချိန် အရင်ခေါ်မယ်"

ဆရာမက ကျောင်းသူကျောင်းသား လေးဆယ့်သုံးယောက်ရှိသော အတန်းကို သေချာ ကျောင်းခေါ်ချိန်စစ်မြဲ။ ပြီးမှ စာစသင်တတ်သည်။

မုန့်စားဆင်းချိန်ရောက်တော့ သူတို့ ထမင်းဘူး ကိုယ်စီဖွင့်ကာ စားဖြစ်ကြသည်။

"နင်ပေးတဲ့ ပန်းသီးကို အိမ်ကျမှ အမေနဲ့ စားတော့မယ်"





ကျွန်တော်က ထိုသို့ပြောတော့ ငဝါက ခေါင်းညိတ်သည်။

"အန်တီမေ့ကို ငါပေးတာလို့ပြောနော်"

"အရေးထဲ အလှူ့ရှင်ကလည်း ကဗျည်းထိုးချင်သေးတယ်"

ငဝါက ကျွန်တော့်စကားကြောင့် ရယ်သည်။ လျှံက သူမ ပန်းသီးလေးကို ထုတ်လိုက်ရင်း –

"ဒါကို ခွဲစားရအောင်၊ တစ်ယောက်တစ်စိပ်လေ၊ ဓားဘယ်က ရမလဲ"

"ဟင် ... မစားပါဘူး၊ လျှံ့ဘာသာစား"

"လျှံမှမကုန်တာ"

"ကျွန်တော်တို့လည်း ဝေစုရလျက်နဲ့ လျှံ့ဟာကျမှ ခွဲစားတာ ဘယ်တရားမလဲ"

"တရားပါတယ်၊ လျှံက အတူစားချင်တာကို"

"ဓားက ဆရာမဆီ သွားတောင်းရင်ရမှာ"

နောက်ဆုံး ငဝါက သဘောတူပေးလိုက်သဖြင့် ဓားသွားရှာကာ ခွဲယူလာခဲ့ပြီး တစ်ယောက်တစ်စိပ် ဝေပေးသည်။

"ရော့ ... ခူစားရအောင်"

ကျွန်တော်တို့ အချိုတည်းသည့် သဘောနှင့် သူ ကျေနပ်အောင် စားလိုက်ကြသည်။

"နင်က ဘာလို့ အိမ်မယူသွားတာလဲ"

ဖိုးသကြန်က စပ်စု၏။

"ရှုပ်ပါတယ်ဟာ၊ အိမ်ယူသွားရင် ဘယ်ကလဲ၊ ဘယ်သူပေးတာလဲ ဘာအတွက်လဲတွေ မေးနေဦးမှာ၊ ပြီးရင် ဘယ်သူမှလည်း ကူစားကြမှာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်ဘူး”

လျှံက မျက်မှောင်လေးကြုတ်ကာ စိတ်ရှုပ်ဟန်ဖြင့် ဖြေ၏။

“နှင့်မှာ မောင်နှမ ဘယ်နှစ်ယောက်ရှိသလဲ”

ငုဝါက မေးသည်။

“နှစ်ယောက်၊ အစ်ကိုတစ်ယောက်က ဂျပန်မှာ၊ ဂျပန်မှာနေတဲ့ ကြီးကြီးက မွေးစားပြီး ခေါ်သွားတာလေ”

“ဩော် ... ဒါဆို ခု နှင်တစ်ယောက်တည်းပေါ့”

“အင်း ... ပျင်းစရာကြီး”

လျှံက နှာခေါင်းလေးရှုံ့ကာ ပြော၏။

“မောင်နှမတွေရှိတော့ရော ပျော်စရာကောင်းလို့လား”

ငုဝါက စောဒကတက်၏။ သူမမှာက မောင်နှမလေးယောက်တောင် ရှိတာကိုး။ အစ်ကိုတစ်ယောက်၊ အစ်မတစ်ယောက်၊ ညီမတစ်ယောက်။ ဘည့်လည်း မတည့်ကြ။ ငုဝါ အစ်ကိုက ဆိုးချင်သည်။ အစ်မကကျတော့ သိမ္မာလွန်းအားကြီးနေသည်။

“နှင့်မှာက မောင်နှမများလား”

“များပ၊ ငါ အပါအဝင်လေးယောက်”

“မိုးတိမ်ကရော”

“မိုးတိမ်က ရှင်းတယ်၊ အမေတစ် သားတစ် စုစုပေါင်း နှစ်၊ နားကို အားနေတာပဲ”

ကျွန်တော့်ကိုယ်စား ငုဝါက ဝင်ဖြေသဖြင့် ဖိုးသကြန်က ငုဝါကို င်ကလိသည်။

“ဒါဆို နှင်လည်း မိုးတိမ်အမေနဲ့ တိုင်ပင်ပြီး အဲဒီအိမ် သွားနေ





ပါလား”

စကားက ဘယ်ရောက်သွားမှန်း မသိ၍ ငုဝါ ထအော်တော့သည်။

“ခွေးကောင်၊ သတ္တဝါကောင်၊ အစုတ်အနုတ်ကောင်၊ သူတောင်းစား၊ လေးဖက်တွား”

သူတောင်းစားထိက အဆင်ပြေနေသေးသည်။ နောက်က မဆီမဆိုင် ပါလာသော “လေးဖက်တွား” ဆိုသည့် စကားလုံးကြောင့် ဖိုးသကြန်က သက်ညှိုးထိုးကာ ခွက်ထိုးခွက်လန် ရယ်သည်။

“ဟားဟား ... လေးဖက်တွားတဲ့၊ ဘာကြီးလဲ”

“ဟင် ... ဘာရမှာလဲ၊ နှင်က တောင်းစားတဲ့ ဘဝရောက်တာတောင် ဆိုင်မတောင်းရဘူး၊ လေးဖက်ထောက် တောင်းရမှာလို့ပြောတာ”

“တစ်ခါမှ မကြားဖူးဘူး”

“မကြားဖူးရင် ခုကြားဖူးပြီ မဟုတ်လား၊ မှတ်ထား”

ကျွန်တော်ပဲ ဝင်ဟန့်ရတော့သည်။

“တော်တော့လေ၊ သူများတွေ လှမ်းကြည့်ကုန်ပြီ၊ မသိရင် ငါတို့ အုပ်စု ရန်ဖြစ်နေတယ် ထင်ဦးမယ်”

“ဟင် ... ရန်ဖြစ်နေတဲ့ဟာကို၊ ရန်ဖြစ်တယ်ထင်တော့ ဘာဖြစ်လဲ”

အရေးထဲ ငုဝါက ဈေးဆစ်နေသေးသည်။

“ဘာဖြစ်ရမှာလဲ၊ အားလုံးတန်းစီပြီး ရုံးခန်းရောက်သွားမှာစိုးလို့ ပြောတာ၊ သိရဲ့လား”

ထိုအခါမှ ငုဝါ လျှာကလေးတစ်လစ်နှင့် ဖြစ်သွားရတော့၏။

အမေနှင့် ပြန်တိုင်ပင်ရဦးမယ်ဆိုသော ‘လျှံ’ တစ်ယောက် နောက် ...တော့လည်း ဆုံးဖြတ်ချက် ပြောင်းသွားပုံရသည်။ ကျောင်းဆင်းတော့



www.burmeseclassic.com

www.burmeseclassic.com



ဖိုးသကြိန်ကိုမှာ၏။

"နှင် နှင့်အမေကို အခု သွားမေးပေးပါလား"

"ဘာလဲ၊ ဘာကိုလဲ"

"ငါလည်း နှင်တို့နဲ့ တက်မယ်လေ"

"ဟင် ... နှင်ပဲ အမေနဲ့ ပြန်တိုင်ပင်မယ်ဆို"

"ငါ စဉ်းစားပြီးပြီ၊ အမေက အရင်ကတက်တဲ့ ကျူရှင်မဟုတ်ရင် ပြီးရော၊ လက်ခံမှာပဲ၊ ပြီးတော့ ငါ နှင်တို့နဲ့ပဲ တက်ချင်တယ်လေ"

ဒီလိုကျတော့ ဖိုးသကြိန်က စိတ်လိုလက်ရ ကူရှာသည်။

"ဒါဆို ခဏစောင့်" တဲ့။

အလိုက်မသိသော ငုဝါကသာ မျက်မှောင်လေးကြုတ်ကာ စဉ်းစားရင်းပြော၏။

"နှင့်ကို ဘာလို့ အဲဒီကျောင်း၊ အဲဒီကျူရှင်မှာ ပေးမတက်တော့ တာလဲ"

"မသိပါဘူးဟာ၊ မေမေကတော့ ဝေးလို့လို့ ပြောတာပဲ"

"ခုဟာကနီးလား"

"နီးတယ်လည်း မဟုတ်ဘူး၊ အရင်ကထက်စာရင်တော့ မဆိုးဘူး ပေါ့"

"ခဏနေတော့ ဖိုးသကြိန် ပြန်ရောက်လာသည်။

"ရပါတယ်တဲ့"

"ဟုတ်လား၊ ဒါဆိုအတော်ပဲ၊ အိမ်ကျ အပ်ခဲ့ပြီလို့ ပြောလိုက်မယ်၊ ကျန်တာက ငါ့အမေနဲ့ နှင့်အမေ ကြည့်ရှင်းလိမ့်မယ်"

ဟု ဆိုကာ 'လှုံ' တစ်ယောက် စိတ်ချလက်ချ ပြန်သွားတော့သည်။





သူမထွက်သွားမှ ငုဝါက အသာကပ်ကာ ကျွန်တော့်ကိုပြော၏။

"မိုးတိမ်"

"ဘာလဲ"

"သူ ဟိုဘက်ကျောင်းမှာ တစ်ခုခုများ ဖြစ်ခဲ့လား မသိဘူးနော်"

ကျွန်တော် ပေါ့ပါးစွာ ရယ်လိုက်မိသည်။ "မဖြစ်နိုင်တာ ငုဝါရယ်၊ လျှောက်တွေးမနေပါနဲ့" ဟုလည်း ဖြေသိမ့်ပေးလိုက်၏။ ဟုတ်တယ်လေ။ ဒီလောက် ဖြူစင်ငြိမ်းချမ်းတဲ့ ကောင်မလေးက ဘာဖြစ်ခဲ့မှာတဲ့လဲ။ ငုဝါကလည်း ကျွန်တော့်စကားကို ယုံကာ ငြိမ်သက်သွားတော့သည်။ မငြိမ်သက်ဘဲ ကျန်ခဲ့တာက လမ်းတစ်ဖက်တစ်ချက်ရှိ သစ်ရွက်များသာ ဖြစ်လေသည်။

○



www.burmeseclassic.com

www.burmeseclassic.com



## November

ကျောင်းက မနက်ပိုင်းကျောင်း။ ပြီးတာနှင့် အိမ်ပြန်သူကပြန်သည်။ မပြန်ဘဲ ဖိုးသကြန်အိမ်ကို လိုက်သူက လိုက်သွားသည်။ နှစ်နာရီမှာ စာစကြည့်ရသည်။ သုံးနာရီခွဲမှာ နား။ လေးနာရီမှာ စာစသင်သည်။ ခြောက်နာရီမှပြီး၏။ မိုးလင်းကမိုးချုပ် စာချည်းလုပ်နေရသော်လည်း သူငယ်ချင်းတွေနှင့်မို့ ပျော်စရာတော့ တစ်မျိုးကောင်းသည်။

"လျှံ လုပ်ပါဦး၊ ဒီပုစ္ဆာက ဒီနားမှာတစ်နေတယ်"

"အာ ... လရောင်ကလည်း ဖိုးသကြန်ကိုမေး၊ လျှံမှ မရှင်းတာတတ်တာ"

"မေးချင်ဘူး"

"မိုးတိမ်"

"အင်း ... မိုးတိမ် လုပ်ပါဦး"





မိုးတိမ်က စိတ်ပါလက်ပါ ရှင်းပြချိန်မှာ ဖိုးသကြန်ကမဲ့၏။ သူတို့ ခောင်နှမဝမ်းကွဲက အပြိုင်အဆိုင်လေးတွေ။ မေလရောင်က တခြားကျောင်းမှာ တက်လို့ပဲ တော်တော့သည်။

"လျှံ နှင့်မှာကော စာမေးစရာ မရှိဘူးလား"

"ဟင် ... မရှိပါဘူး၊ ဘာလို့လဲ"

"ခြော် ... ရှိရင် ရှင်းပြမလို့ပါ"

ဖိုးသကြန်၏ ရိုတိုတို စကားကြောင့် လျှံနှင့် ငုဝါ ကြိတ်ရယ်မိကြသည်။

"ဖိုးသကြန်"

"ဘာလဲ"

"ငါ ဖုန်းခဏဆက်ချင်လို့၊ ရမလား"

"ရတော့ရတယ် ဒါပေမယ့်"

"ဘာလဲ၊ ပိုက်ဆံပေးရမှာလား"

"မဟုတ်ဘူး၊ ဘယ်သူ့ဆီ ဆက်မှာလဲဆိုတာ ပြောရမှာ"

"သြော် ... ရပါတယ်၊ အရင်ကျောင်းက သူငယ်ချင်းဆီဆက်မှာ"

"မိန်းကလေးလား၊ ယောကျ်ားလေးလား"

"မိန်းကလေး"

"ငါ့အိမ်ကဖုန်းနဲ့ ဆက်တာလို့ ပြောလိုက်နော်"

ဖိုးသကြန်၏ အဓိပ္ပာယ်သွားသော စကားကြောင့် လျှံက စိတ်ပျက်လက်နှင့် ရယ်ရုံရယ်သော်လည်း ငုဝါကတော့ ကောင်းကောင်း ထောပနာပြုသည်။

"ဘူးသီး၊ ခရမ်းသီးကောင်" တဲ့။



www.burmeseclassic.com

www.burmeseclassic.com

ဘူးသီးက ထားပါတော့။ ခရမ်းသီးဆိုတာတော့ ဘာမှန်း ကျွန်တော်လည်းမသိ။ သိလည်း မသိချင်တာမို့ မမေးတော့။ ကျွန်တော်ပါ ရောရယ်လိုက်မိသည်။ ဒီကောင်က ဘာရယ်မဟုတ် ပါးစပ်ကတော့ အင်မတန်ဆော့တာ ကျွန်တော် သိထားသည်ပဲ။

လျှံက ဖုန်းနံပါတ်တစ်ခုကို လှည့်သည်။ ကျွန်တော့်နားများက လျှံ့ထံ အာရုံရောက်နေတာကိုတော့ ဘယ်လိုမှ ကျွန်တော် မတတ်နိုင်။

"ရွှေစင်လား"

"နင် ညက ဖုန်းဆက်သေးတယ်ဆို၊ ဘာထူးလဲ"

"ငါလည်း ခုမှပြန်ဆက်နိုင်တယ်၊ အိမ်မှာဆို အမေက ပြောနေဦးမှာ"

"ဘာထူးလဲ"

"သူ နေကောင်းလား ရွှေစင်"

ဒီဖက်က လျှံပြောသမျှကိုသာ ကြားနေရတာမို့ ဘာမှန်းတော့ သိပ်မသိ။ "သူ နေကောင်းလား ရွှေစင်" ဆိုသည့် စကားကတော့ အတန်ငယ် တိုးလျှသွားယောင် ထင်ရသည်။ "သူ" ဆိုတာ ဘယ်သူလဲ။ ကျွန်တော် နားရွက်ထောင်သွားလား မှတ်သည်။ ဖိုးသကြီန်က ကျွန်တော့်ကို ပခုံးတွန့်ပြနေသေးသည်။ ငုဝါကတော့ ခပ်ဝါးဝါးပြုံးနေသည်။

"ငါလည်း နင်တို့ဆီ လာချင်တာပဲ"

"အင်း ... တစ်ရက်မှ ဒီကသူငယ်ချင်းတွေနဲ့ လာခဲ့မယ်သိလား"

"နင် နည်းနည်းကြည့်ပေးနော်၊ ထူးရင်ပြော၊ ဒါပဲနော်"

လျှံ ဖုန်းချလိုက်ချိန်တွင် ကျွန်တော်က ကျွန်တော့်အာရုံကို စာအုပ်ပေါ် ချက်ချင်း ပြန်ပို့လိုက်သလို ဖိုးသကြီန်နှင့် ငုဝါကလည်း သူတို့ဘာသာ





သူတို့ အာရုံလွှဲလိုက်ကြ၏။ လျှံကတော့ သိသိသာသာလေးကို ငြိမ်သက်သွားကာ ထောင့်ရှိ ခုံတစ်ခုံတွင် စာအုပ်တစ်အုပ်ကို ကိုင်ကာ ငိုင်နေသည်။ စာကတခြား လူကတခြား ဖြစ်နေတာ အသိသာကြီး။

ဘာလဲ 'လျှံ' ဆိုတဲ့ ကောင်မလေးက ဒီအရွယ်လောက်နဲ့ အချစ်ရေးကို တီတီကျကျကြီး စိတ်ဝင်စားနေတဲ့သူလား။ ဖိုးသကြီန်လို ပါးစပ်နဲ့တင် မကပဲလေ။ ဒီဖက်ကျောင်းကို အချိန်အခါမဟုတ် ပြောင်းလာတာကစလို့၊ ကျူရှင်တွေပါ ပြောင်းတက်တာ အလယ်၊ ခုလို ဖုန်းဆက်ပြီး တစ်စုံတစ်ခုကို လျှို့ဝှက်မေးတာမျိုး အဆုံး။ အကုန်လုံးက သံသယဖြစ်စရာ။

ကျွန်တော် မနေနိုင်တော့။

"လျှံ"

" ......... "

"လျှံ ဟဲ့ ... ခေါ်နေတယ်"

ကြားထဲက ငုဝါက ဝင်ခေါ်မှပဲ၊ လျှံ အလန့်တကြား လှည့်ကြည့်သည်။

"ဟင် ... ဘာလဲ"

"ဘာဖြစ်နေတာလဲ"

"ဘာမှမဖြစ်ပါဘူး"

လျှံက ခပ်တည်တည်နှင့် ညာ၏။

"ဒါဆို ခု နင်ဘာလုပ်နေလဲ"

"စာကျက်နေတာ"

သူမအဖြေကြောင့် ကျန်လူများ ထွေရယ်ကြ၏။ ကျွန်တော်ကတော့ အသာထကာ သူ့လက်ထဲမှ စာအုပ်ကို ဆွဲယူပြီး မျက်စေ့ရှေ့ ကာပြလိုက်



www.burmeseclassic.com

www.burmeseclassic.com

သည်။

"MATHEMATICS" တဲ့။

ဒါတောင် လျှံက မလျှော့ပါ။

"အင်းလေ ... postulate တွေ၊ theorem တွေ ကျက်တာလေ"

"လေသံက တစ်ပြားမှ မလျှော့ဘူး၊ လူကဖြင့် တိမ်တွေစီးနေပြီး တော့"

ဖိုးသကြံန်က မျက်နှာကို အစွမ်းကုန်မဲ့ရင်း ပြော၏။

"နင် နင့်သူငယ်ချင်းဆီ ဆက်တာဟုတ်ရဲ့လား"

ကျွန်တော်က မျက်မှောင်ကြုတ်ပြီး ခပ်တည်တည်မေးတော့ လျှံက မျက်နှာသေလေးနှင့် ဖြေရှာသည်။

"ဟုတ်တယ်၊ ရွှေစင်မေတဲ့၊ မရမ်းကုန်း အ.ထ.က (၁)၊ ဆယ်တန်း (A) က"

"သူ ဆိုတာက ဘယ်သူလဲ"

"သူ ဆိုတာ ရွှေစင်တို့အိမ်နားက အဒေါ်ကြီး"

ထင်မှတ်မထားသော စကားကြောင့် အားလုံး အူကြောင်ကြောင် ဖြစ်ကုန်ရသည်။

"အဲဒီအဒေါ်ကြီးနဲ့ ရွှေစင်နဲ့က အမျိုးလား"

"ဟင့်အင်း ... ဘာမှမတော်ဘူး၊ ခင်တာ၊ သူက ငါ့ကို အင်း ... ငါတို့ကို အရမ်းချစ်တာ"

"နာမည်က"

မဆီမဆိုင် မေလရောင်ဇာ နာမည်ဝင်မေး၏။

"နာမည် ဟုတ်လား"





"အင်း ..."

"မသိဘူး၊ သူ့မှာ တစ်ချိန်ကတော့ နာမည်ရှိရင် ရှိခဲ့မှာပေါ့"

"အဲ ..."

ဘာမှန်းမသိသော စကားကြောင့် ကျွန်တော်တို့ တစ်ယောက်ကို တစ်ယောက် အဖြေရှာသလို ကြည့်မိသည်။ တစ်ချိန်က နာမည်ရှိခဲ့ပြီး ခု မရှိတော့ဘူးဆိုတာမျိုး ဒီလောကမှာ ရှိသလား။ အနုပညာ အောင်မြင်မှု လောကမှာဆိုလျှင်တော့ တစ်မျိုးပေါ့။ ခုဟာက ...။

"နင့်ဟာက ဘာလဲ"

ဖိုးသကြံန်က စိတ်မရှည်သလို ရေရွတ်၏။

"အေးလေ ... နင်ပြောပုံက တစ်မျိုးကြီး"

ငုဝါကလည်း ထိုသို့ပြောသည်။ မေလရောင်ကလည်း –

"ဘာလဲ၊ သူက မင်းသမီးလား"

ဟု ကျွန်တော် တွေးသလိုမေး၏။ တွေးလျက်နှင့် မမေးမိသူက ကျွန်တော်။ လျှံက စိတ်ရှုပ်သလို ရယ်ရင်းက –

"မဟုတ်ပါဘူးဟာ၊ လူဆိုတာ နာမည်တစ်ခုတော့ ရှိမှာပဲလေ"

"အင်းလေ ..."

"ခု လူတွေက သူ့ကို အဒေါ်ကြီးလို့ ခေါ်တဲ့လူကခေါ်တယ်၊ ငါတို့ လိုပေါ့၊ တချို့ကတော့ မပဒ္မာလို့ခေါ်တယ်"

"ဟင် ... အဲဒီ မပဒ္မာဆိုတာ နာမည်မဟုတ်ဘူးလား"

အတော်လေးကို ဗဟုသုတ ကြွယ်ဝပုံရသည့် မေလရောင် စကား ကြောင့် ဖိုးသကြံန်က အစွမ်းကုန်ရှုံ့မဲ့ပြီး အသံတိတ်ရှုတ်ချ၏။

"ဟင် ... မပဒ္မာဆိုတာ လရောင် မကြားဖူးဘူးလား"


www.burmeseclassic.com

www.burmeseclassic.com


"ဟင့်အင်း ..."

ငုဝါ၏ အမေးကို လရောင်က ရိုးသားစွာ ဝန်ခံ၏။ မသိချင်ယောင်ဆောင်ကာ ငြိမ်မနေ။ ကျွန်တော်က ဒါကို သဘောကျသည်။ မေလရောင်မှာက ရိုးသားပြီး နှိမ့်ချတတ်သော စိတ်ကလေးတော့ရှိသည်။

ဒီတော့လည်း မြွေတွေရော၊ စွန်တွေရောပါသည့် မပင္ဒာပြဇာတ်ကို အတိုချုံးကာ ပြောပြရတော့၏။

"သြော် ... ဒီလိုလား"

"နင့် ရှင်းပြရတာနဲ့ လိုရင်းက မရောက်ဘူး"

"ဟင် ... နင်တို့လိုရင်းက ဘာလဲ"

မေလရောင်က ကြောင ... င်တောင် ပြန်မေးနေသေး၏။

"လျှံလေ၊ လျှံကိစ္စကို မေးနေတာ"

လျှံက စိတ်မရှည်သံနှင့် –

"ဘာလဲ၊ ဖြေပြီးပြီလေ"

"ဘာလို့ အဲဒီအခေါ်ကြီးကို မပင္ဒာလို့ခေါ်တာလဲ"

"သူလည်း စွန်ချီ အဲ ... ဒီမြို့လယ်မှာ စွန်မှမရှိတာ"

ငုဝါက လူတတ်ကြီးလုပ်ကာ ဝင်ပြောပြီးမှ သူ့စကားနှင့်သူ ရယ်သွားရပြီး ရယ်သည်။

"ကဲ ကဲ ... စာလုပ်ရအောင်"

လျှံက တမင်သက်သက်လား၊ တကယ်လားမသိ။ စကားကိုဖြတ်ရန် ကြိုးစား၏။ မေလရောင်ကလည်း သိပ်စိတ်မဝင်စားတော့ဟန်ဖြင့် လျှံ့စကားကို ထောက်ခံသည်။

"ဟုတ်တယ်၊ ဟုတ်တယ်၊ စာကြည့်ချိန်"





ဒီလိုကျတော့ ရောတောယောင်တောင်နှင့် ငုဝါပါ စာအုပ်ကောက်ကိုင်တော့သဖြင့် ကျွန်တော်လည်း လက်လျှော့လိုက်တော့သည်။

အဲဒီ မပင္ဒာဆိုသော အခေါ်ကြီးကိုဖြင့် လုံးဝမှမယုံပါ။

လျှံသည် ပုံပြောကောင်းသော ကောင်မလေးလေလား?

ဖိုးသကြိန်ကဖော့ အနားကပ်လာရင်း ခပ်တိုးတိုးမေး၏။

"မင်း ယုံလား မိုးတိမ်"

"ဘာကိုလဲ"

"လျှံ့ရဲ့ မပင္ဒာပြဇာတ်ကို"

"ဟင့်အင်း ..."

"ငါရောပဲ၊ ထင်ပါတယ်၊ မင်း ငါ့လောက်နီးနီး တော်လိမ့်မယ်လို့"

အကောင်းပြောနေရင်းက ဖောက်လာသဖြင့် ကျွန်တော် ရယ်ရင်းဆဲမိတော့၏။

"ခွေးကောင်"

"မင်းက ဘယ်လိုထင်လဲ"

"ဘယ်လိုထင်ရမှာလဲ"

"ငါထင်သလို ထင်ရင်တော့ မင်း အလားအလာ ကောင်းမှာပဲ"

"အရေးထဲ"

"ဒီကောင် မရိုးသားသလိုပဲ မိုးတိမ်"

"လျှံလား"

"အင်း ... ခက်တာက ထင်လည်း မထင်ရဘူး"

"အေး ... ဒါကြောင့် ငါ ဘယ်လိုထင်ရမှန်း မသိတာပေါ့"

"ဒါဆိုလည်း ငါတို့ ပေါလစီပြောင်းရအောင်"


www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ၊ wait and see လား"

"ဒါကြောင့် မင်းကို ငါ့လောက်နီးနီး တိုးတက်လာတယ်လို့ ပြောတာ"

ဒီတစ်ခါ နှစ်ယောက်သား ရယ်သံက ပိုကျယ်သွားသဖြင့် မိန်းကလေး သုံးယောက်က လှမ်းကြည့်သည်။ မသိချင်ဟန်ဆောင်ရင်း တခြားစာနှင့် ပတ်သက်သော စကားများကို ဆက်ပြောနေလိုက်ကြသည်။

ခဏနေတော့ စာသင်သည်။

လှုံ့ကို အသာလှည့်ကြည့်မိတော့ အာရုံရောက်ဟန်မတူသော လှုံ့က စာအုပ်ပေါ်မှာ တစ်စုံတစ်ရာကို ရေးခြစ်လျက်။ စိတ်ကလည်း အဝေးရောက်နေသလိုလို။ ဘာတွေလဲ လှုံ့ရယ်။

ကျွန်တော့်စိတ်တွေ ဘာလို့ ပူပင်တတ်လာမှန်း ကျွန်တော် မသိခဲ့ပါ။

○





## December

ဒီဇင်ဘာ ကျောင်းပိတ်ရက်ကျတော့ ခရစ်ယာန်ဘာသာဝင်ဖြစ်တဲ့ 'ငုဝါခိုင်' ရဲ့အိမ်မှာ ခရစ္စမတ်ပွဲလေးလုပ်တာမို့ ဆုံဖြစ်ကြသည်။ ဒီပွဲကို လှုံ့အဖေက ကိုယ်တိုင်လာပို့ခြင်း ဖြစ်သည်။

"ဖေဖေ ဒါ သမီးသူငယ်ချင်းတွေ"

တိုတောင်းလှသော မိတ်ဆက်စကားကြောင့် ကျွန်တော်ကပဲ ဝင်ပြောရတော့၏။

"ဟုတ်ကဲ့၊ ကျွန်တော်က မိုးတိမ်ပါ"

"ကျွန်တော်က ဖိုးသကြန်"

"ခု ခရစ္စမတ်ပွဲလုပ်တာက ငုဝါခိုင်၊ ဟိုတစ်ယောက်က မေလရောင်၊ သူနဲ့ ဖိုးသကြန်က မောင်နှမ"

ကျွန်တော်တို့ ပြောတော့မှ လှုံ့က သူ့အဖေကို ဆက်ရှင်းပြသည်။



www.burmeseclassic.com

www.burmeseclassic.com



လျှံ့အဖေက ကားပြန်လွှတ်လိုက်မယ်ဟုဆိုကာ အလုပ်ဆက်သွားသည်။

“ဟင် ... ကားပြန်လာမှာဆိုတော့ နင်က ခဏလေးနေမှာလား”

“မဟုတ်ဘူး၊ ကားကို ဒီမှာထားပေးမှာ”

“ဒါဆို ငါတို့ လျှောက်သွားလို့ရတာပေါ့”

မေလရောင်၏ အကြံကြီး ဉာဏ်ကြီး စကားကြောင့် မျက်လုံးများပင် ဝင်းလက်သွားရသူက ‘လျှံ’။

“ဟုတ်တယ်၊ ငါတို့ ဒီကပြီးရင် လျှောက်လည်မယ်လေ၊ မကောင်းဘူးလား”

“ကောင်းတယ်”

ဖိုးသကြန်က ထောက်ခံ၏။

မထောက်ခံဖြစ်သူက ကျွန်တော်။ ကျွန်တော်က အဲဒီလို လျှောက်သွားရတာကို ဝါသနာမပါ။ တစ်နေရာမှာ အေးအေးဆေးဆေး ထိုင်စကားပြောရတာကို သဘောကျတတ်သူ။

“နော် ... မိုးတိမ်”

ကျွန်တော် တိတ်နေတာမို့ လျှံက ထောက်ခံချက်တောင်း၏။

“ငုဝါကိုမေးလေ၊ သူက ထွက်လို့ရပါ့မလား၊ ဒီနေ့က ဧည့်သည်တွေနဲ့ သူ ကျန်ခဲ့လို့လည်း ဘယ်စိတ်ကောင်းပါ့မလဲ”

ကျွန်တော့် စကားကြောင့် မေလရောင်နှင့် လျှံက မိန်းကလေးပီသစွာ မျက်စောင်းချိတ်ရင်း သင်္ကာမကင်းသလို ကြည့်၏။ ကျွန်တော် မသိချင်ယောင် ဆောင်နေလိုက်ရသည်။ ဒါတောင် –

“ငုဝါမပါရင် နင်က မလိုက်ဘူးပေါ့”





ဟု မေလရောင်က မေးဖြစ်အောင် မေးသေးသည်။

“အဲလိုမဟုတ်ဘူးလေ၊ နင်သာဆို အဲလိုကျန်ခဲ့ရင် စိတ်ကောင်းမလား၊ အဲလိုတွေးကြည့်”

ဒီလိုကျတော့ မျက်လုံးလေး ပေကလပ် ပေကလပ်နှင့် ခေါင်းညိတ်၏။

“အင်း ... ဟုတ်တယ်”

“ဒါဆို ဧည့်သည်ရှင်းမှ သွားတာပေါ့”

“အေး ... ကောင်းတယ်၊ လောလောဆယ်တော့ စားတော့မယ်၊ နင့်ကို စောင့်နေရတာ ဆာလှပြီ”

ဖိုးသကြန်က ထိုသို့ပြောတော့ ငုဝါက အလိုက်တသိ လှမ်းခေါ်သည်။

ငုဝါတို့ကျွေးတာက ထမင်းနှင့်ဟင်းဖြစ်၏။ ဟင်းက အစုံအလင်။ မြန်မာဟင်းများ ဖြစ်သည်။ ဘူဖေးပုံစံနှင့် ယူစားရသည်။ ဒီထဲမှာ ကျွန်တော် စိတ်အဝင်စားဆုံးက မွှေးနေသော ပဲကုလားဟင်းပူပူဖြစ်၏။

ကျွန်တော်တို့ချည်း တစ်ဝိုင်း ထိုင်စားရတာမို့ အဆင်ပြေသည်။ ငုဝါက –

“လျှံကလည်း အဖေပါလာတာကို ထမင်းစားပြီးမှ ပြန်ခိုင်းတာမဟုတ်ဘူး” ဟု ဆိုသည်။

“ရပါတယ်၊ ဖေဖေက အလုပ်ရှိသေးတယ်”

“ဟင် ... ဒီနေ့ကြီးကို”

“ဟုတ်တယ်၊ သူတို့က ပိတ်ရက်မရှိဘူး၊ ကိုယ့်ဘာသာကိုယ် ပိတ်မှပဲ ပိတ်တော့တာ”

“ဟင်း ... ပင်ပန်းလိုက်တာ”



www.burmeseclassic.com

www.burmeseclassic.com



မေလရောင်က ပခုံးလေးတွန့်ကာ ဝင်ပြော၏။

"မိုးတိမ် နင်က ပဲကုလားဟင်းပဲ စားတော့မှာလား"

လှျံက ပန်းကန်ကို ကြည့်ကာမေးသည်။

"အေး ... ကောင်းတယ်ဟ"

"ငါလည်း ကြိုက်ပါတယ်၊ ရော့ ... ဒါနဲ့ တွဲ ကြည့်"

"ဘာလဲ"

"ငါးကျည်းကျပ်တိုက်ကြော်လေ"

လှျံက ကျွန်တော့်ထဲ ဟင်းလာထည့်ပေးတော့ ဖိုးသကြန်က နောက်၏။

"ပုံမှန်ပဲဆက်ဆံပါ လှျံရာ၊ မိုးတိမ်ကို အဲလိုဖားလို့ သူက လျှောက်သွားပါ့မယ်လို့ ကတိပေးမှာမှ မဟုတ်တာ"

"အံမယ် ... မပေးလည်း သွားရမှာပဲ၊ ငုဝါ နင်လည်း ညှိသည်လာရင် ညှိခဲ့ထား၊ လူပါးသွားရင် ငါတို့နဲ့လိုက်ခဲ့"

"ဟဲ့ ... ဘယ်သွားမှာလဲ"

ငုဝါက ဘာမှမသိသဖြင့် မေးသည်။

"လျှောက်လည်မှာ"

"ဘာနဲ့သွားမှာလဲ"

"ဖေဖေ ကားထားခဲ့တယ်"

"ဟယ် ... ဟုတ်လား၊ မိုက်တယ်၊ ဒါဆို ငါလည်း အဖွားတို့၊ အဒေါ်တို့အိမ်တွေ ဟင်းပို့ချင်နေတာ ကားမရှိလို့၊ ငါနဲ့အတူ ဟင်းလျှောက်ပို့ကြပါလား"

"ရတယ်လေ၊ ဒါလည်းကောင်းတာပဲ"





"ဒါဆို ငါ မားသားကို သွားပြောလိုက်တော့မယ်"

"အေး ..."

ဘယ်ပဲဖြစ်ဖြစ် သွားရရင်ပြီးရောဆိုသော ပုံစံနှင့် သဘောတူလိုက်ကြတာကို ကြည့်ပြီး ကျွန်တော် ရယ်ချင်မိသည်။

ကျွန်တော်တို့ စားသောက်ပြီး နောက် ဆယ့်ငါးမိနစ်ခန့်ကြာတော့ ငုဝါ လေးဆင့်ချိုင့် သုံးချိုင့်နှင့် ထွက်လာသည်။

"ကူကြပါဦး"

ကျွန်တော်နှင့် ဖိုးသကြန်က ကူဆွဲလိုက်ရသည်။ သွားချင်လှချည်ရဲ့ဆိုသော မချောနှစ်ယောက်က မလှုပ်။

"ဖိတ်စရာပါလား"

"အင်း ... ပါတယ်"

"ဒါဆို ငါနဲ့ ဖိုးသကြန် တစ်ချိုင့်ဆီ ထိန်းလိုက်ခဲ့မယ်"

"ကျေးဇူးပါပဲဟာ၊ လာ လှျံသွားမယ်"

လှျံ့ကားပေါ်ကို အားလုံးဆန့်အောင် တက်လိုက်ကြသည်။ ရှေ့ခန်းမှာ မိုးတိမ်က ချိုင့်နှစ်ချိုင့်ကို တာဝန်ယူရင်း ထိုင်၏။ နောက်မှာက လေးယောက်ဆိုတော့ ကြပ်မည်စိုး၍ ဖြစ်သည်။

"ပထမဆုံး ဗားကရာလမ်းဘက် သွားမယ်"

ငုဝါက ခရီးစဉ်စ၏။ လှျံက ဝမ်းသာအားရဟန်နှင့် မေးသည်။

"ဗားကရာဆိုတော့ စမ်းချောင်းပေါ့"

"မသိဘူးလေ"

"နင်က ဘာလုပ်မလို့လဲ"

"မိုးတိမ်ကလဲ အဲဒါ ငါ အရင်နေခဲ့တဲ့ ကျောင်းဖက်လေ၊ ငါ



www.burmeseclassic.com

www.burmeseclassic.com

သူငယ်ချင်းတစ်ယောက်ဆီ ဝင်မလားလို့"

လျှံက လေသံအေးလေးနှင့် ရှင်းပြ၏။ မရှင်းတာက ကျွန်တော်။

"နင်က နင့်သူငယ်ချင်းနဲ့ ဝင်တွေ့ပြီး ငါတို့က ဘာလုပ်ရမှာလဲ"

မေလရောင်က ကန့်ကွက်ချင်သလို ပြောသည်။ ဖိုးသကြ်န်ကလည်း –

"အေးလေ ... ဒီမှာ ချိုင့်တွေနဲ့ဟာ၊ နောက်မှဝင်ပါ"

ဟု ဆိုသည်။ ငုဝါကတော့ အားနာနေပုံရသည်။

"ချိုင့်တွေက အရေးမကြီးပါဘူး၊ ရပါတယ်၊ နင်တို့ကလည်း လျှံ့ကား စီးလာပြီးတော့ သူ သွားချင်တဲ့နေရာကျ ပေးမသွားဘူး"

"အဲလိုမဟုတ်ဘူး ငုဝါရဲ့၊ ပေးမသွားတာ မဟုတ်ဘူး၊ မသွားစေချင်တာ၊ ငါတို့က စောင့်ကျန်ခဲ့မှာပေါ့"

လရောင်က ရှင်းပြ၏။ သူမ စိတ်ပုပ်တာ မဟုတ်ဘူးဆိုတာကို။ သူတို့ ငြင်းခုံနေကြဆဲ ကားမောင်းသော ဦးလေးက ဝင်ပြောသည်။

"သမီး လျှံ"

"ရှင် ..."

"နောက်မှသွားနော်၊ ဆရာ စိတ်ပူနေလိမ့်မယ်"

လျှံတစ်ယောက် ထိုစကားကြောင့် ငြိမ်ကျသွားတော့သည်။ တစ်ခွန်းမှ ပြန်မပြောတော့။ ဘုရားဖက်ရှိ ငုဝါ၏ အဘွားအိမ်ကိုဝင်ကာ ဟင်းတစ်ချိုင့်ပေးပြီး ပြန်ထွက်လာတော့မှ လျှံ စကားစပြော၏။

"ဦးလေး"

"ဟေ ..."

"မသွားရရင်လည်း ကျူရှင်အိမ်ရှိတဲ့လမ်းတော့ ဖြတ်မောင်းပေး"

ဦးလေးကြီးက သက်ပြင်းတစ်ခုကို ညင်သာစွာချ၏။ ပြီးမှ စိတ်





လျှော့ လိုက်လျှောလိုက်ဟန်ဖြင့် ခေါင်းညိတ်သည်။

"ဖြတ်ရုံပဲနော်"

"ဟုတ်"

"ကားမရပ်ဘူး"

"ရတယ်"

သူတို့ သဘောတူညီမှု ရသွားသည်အထိ ကျွန်တော်တို့က ကျန်ခဲ့ဆဲ။ ဘာမှနားမလည်။ နားလည်အောင် လျှောက်တွေးနေလျှင် အားလုံး ရှုပ်ကုန်လိမ့်မည် ထင်သည်။ ခုတောင် လျှံ့အကြောင်းတွေးတာ သုံးလေးခုလောက် တွေ့လိုရနေသည် မဟုတ်လား။

"အဲဒီလမ်းထဲမှာ ဘာရှိလို့လဲ"

မနေတတ်သော ဖိုးသကြ်န်ကမေး၏။ အမှန်တော့ ကျွန်တော်လည်း မေးချင်သည်ပင်။ လျှံကတော့ ခပ်အေးအေးပင် ဖြေ၏။

"နင်တို့ကို ငါပြောသားပဲ၊ ဟိုအဒေါ်ကြီးလေ သူ နေတယ်"

"ဘယ်အဒေါ်ကြီးလဲ"

"မေ့နေပြီဖြစ်သော ငုဝါက မျက်မှောင်ကြုတ်ကာ ပြန်မေးသည်။

"ဟိုလေ မပင္ဂာဆိုတာလေ"

ထိုစကားကြောင့် ကားမောင်းသည့် ဦးလေးကြီးက မှန်မှတစ်ဆင့် လျှံ့ကို မသိမသာ အကဲခတ်ကြည့်တာကို ကျွန်တော်က မြင်လိုက်ရသည်။

ဘာတွေလဲ ...။

ကျွန်တော်ဖြင့် ထို 'မပင္ဂာ' ဇာတ်လုပ်ကြီးကို ယုံလို့မရ။

"တကယ်လား"

ကျွန်တော် ဖြတ်မေးလိုက်တော့ လျှံက ခေါင်းညိတ်သည်။


www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ငါတို့ မြင်ဖူးချင်တယ်"

ကျွန်တော့် တောင်းဆိုမှုကြောင့် မျက်နှာပျက်သွားရသူက လျှံတစ်ယောက်တည်း မဟုတ်။ ကားမောင်းသည့် ဦးလေးကြီးပါ ပါသည်။

"သူက အိမ်ပြင်ထွက်နေမှ မြင်ရမှာပေါ့"

"ကားမရပ်ဘူးနော် သမီး"

"ဟုတ်"

လျှံက ထုံပေပေပုံစံနှင့် ပြန်ပြောကာ အာရုံက စတင်ဖြတ်နေပြီဖြစ်သော လမ်းထဲကို အပြည့်အဝ ဝင်ရောက်သွားတော့သည်။ လမ်းကတစ်လမ်းလုံး ရှင်းနေသည်ဟု ပြောရမည်ထင်သည်။ လမ်းလျှောက်နေသူဆို၍ ကျွန်တော်တို့အရွယ် ကောင်လေး၊ ကောင်မလေးသုံးယောက်၊ ဦးလေးကြီး နှစ်ယောက်နှင့် ကလေးတချို့သာ ရှိသည်။ ဘယ်မှာလဲ 'မပဌာ'။

ကျွန်တော်တို့အရွယ် ကောင်လေး၊ ကောင်မလေးတွေနားဖြတ်တော့ သူတို့က ကားကို လှမ်းကြည့်ပြီး တအံ့တသြ အော်ကြသည်။

"လျှံ"

"ဒါ လျှံ့ကားပဲ"

ဦးလေးကြီး၏ လီဗာဖိနင်းသံက ထိုအသံများကို အုပ်သွားတော့သည်။ လမ်းကလေးထဲမှ ထွက်လာတော့ လျှံ့ကိုကြည့်ရတာ အသက်မဲ့နေသလိုပင်။ မျက်နှာက ဖြူဖွေးအေးစက်နေသလိုတောင် ခံစားရ၏။ ကျွန်တော်နှင့် ဖိုးသကြန် တစ်ယောက်ကိုတစ်ယောက် အဓိပ္ပာယ်ပါစွာ ကြည့်ရင် ဖာတ်ညွှန်းတွေ စရတော့၏။

"ဟဲ့ ... ငါတို့ New Year အတွက်လည်း အစီအစဉ်လုပ်ရအောင်"

"ဘာအစီအစဉ်လဲ"





"မီးပုံပွဲလုပ်မယ်လေ၊ game တွေ ကစားမယ်၊ လက်ဆောင်လဲကြမယ်၊ တခြားသူငယ်ချင်းတွေလည်း ခေါ်မယ်လေ၊ လျှံ နင်အရင်ကျောင်းက သူငယ်ချင်းတွေလည်း ခေါ်ပေါ့"

"............"

လျှံ့ထံမှ စကားပြန်မရပါ။ သူတို့ မည်မျှပင် ဆွဲဆောင်ပြီး ပြောသော်လည်း လျှံက 'အင်း' 'အဲ' ကလွဲလျှင် ဘာမှဝင်မပြောတော့။

သေချာပါသည်။

လျှံမှာ လျှို့ဝှက်မှု တစ်စုံတစ်ရာ ရှိနေသည်ဆိုတာ။

○



www.burmeseclassic.com

www.burmeseclassic.com


## January

"တကယ် မီးပုံပွဲလုပ်မှာလား"

ငုဝါက မျှော်လင့်တကြီးမေး၏။ ကျွန်တော်နှင့် ဖိုးသကြ်န်က ကိုယ့်စကားနှင့် ကိုယ်မိကာ ဘာပြောရမှန်းမသိတော့။

"လုပ်တာပေါ့၊ ဘယ်မှာလုပ်မလဲပဲ စဉ်းစား"

"နေရာလား၊ ခြံကျယ်မှကောင်းမှာ၊ မိုးတိမ်ခြံရော"

"ရတယ်၊ နင်တို့လာရတာ အဆင်ပြေမပြေပဲတွက်၊ ယောက်ျားလေးတစ်ယောက်အိမ်ကို New Year Eveအတွက် နင်တို့အိမ်က လွှတ်မလား"

ကျွန်တော့်စကားကြောင့် ကောင်မလေးနှစ်ယောက် မျက်လုံးပြူးသွားရသည်။ ငုဝါနှင့် မေလရောင်။ လျှံကတော့ အေးအေးဆေးဆေးပင်။

"မေလရောင်က တိုက်ခန်းမှာနေတာ မဖြစ်ဘူး၊ ငုဝါတို့ခြံက ကျဉ်းကျဉ်းလေး၊ လျှံ နင်ကော"





လျှံ့ခြံကို ဘယ်သူမှ မရောက်ဖူးကြ။ ဖိုးသကြ်န်က မေးတော့မှ လျှံက သတိဝင်လာသလို ဖြေ၏။

"လျှံ့ခြံက ကျယ်တယ်၊ ဒါပေမယ့် ..."

"ဘာ ဒါပေမယ့်လဲ"

"လျှံ့ခြံထဲမှာ လုပ်လို့လည်းရတယ်၊ ဒါပေမဲ့ လျှံ့အရင်ကျောင်းက သူငယ်ချင်းတွေတော့ ဖိတ်လို့ရမှာ မဟုတ်ဘူး"

လာပြန်ပြီ။ အရင်ကျောင်းက သူငယ်ချင်းတွေတဲ့။ ဒီဇာတ်က ကျွန်တော်တို့ စခဲ့ကြတာပါပဲ။ ဒါပေမယ့် ခုဟာက သူ့ခြံထဲမှာလုပ်လျှင် သူ့ သူငယ်ချင်းဟောင်းတွေ ဖိတ်လို့မရ ဆိုတာကြီးကတော့ တစ်မျိုးကြီးဖြစ်နေသည်။

"ဘာလို့လဲ"

"ဖေဖေနဲ့ မေမေက မကြိုက်ဘူး"

"မကြိုက်ဘူးဆိုတာက ဒီလိုလုပ်တာကို မကြိုက်မှာလား၊ အဲဒီကျောင်းက သူငယ်ချင်းတွေမှ မကြိုက်တာလား"

"အဲဒီသူငယ်ချင်းတွေကို၊ နင်တို့နဲ့ဆို ဖေဖေတို့က ဘယ်မှာလုပ်လုပ် ပေးသွားမှာပဲ"

"ဒါဆို ဘယ်လိုလုပ်မလဲ"

မေလရောင်က ဝင်မေး၏။

"ငါ့ခြံမှာ လုပ်မယ်ဆိုရင်လုပ်လေ၊ ရတယ်၊ ငါ သူတို့ကို မဖိတ်ရုံပဲ"

"ငါ့ခြံမှာလုပ်လည်း ရပါတယ်၊ နင်တို့လာလို့ ရ မရပဲ ပြော"

ကျွန်တော်က လျှံ့စကားကို ဆုံးအောင်မစောင့်ဘဲ ဖြတ်ပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ငုဝါနှင့် မေလရောင်က နှုတ်ခမ်းလေးကိုက်ကာ စဉ်းစားနေကြဆဲ။ ခေလရောင်က ကိစ္စမရှိ။ သူ့အစ်ကို ဖိုးသကြန်က ပြော်ပေးလို့ ရနိုင်သည်။

"မိုးတိမ်ဆီမှာဆိုရင် ဖိုးသကြန်က ငါ့ကိုဝင်ခေါ်လေ"

မေလရောင်က ထိုသို့ပြောတော့ ဖိုးသကြန်က မကြည်မလင် သဘောတူ၏။ ငုဝါက တွေးနေဆဲ။ ဒါကို လျှံက –

"ဒါဆို ငုဝါအိမ်ကို လျှံ လာခေါ်မယ်လေ၊ လျှံပဲပြန်ပို့မယ်၊ ဟုတ်ပြီလား"

"လျှံ လာခေါ်ရင်တော့ အဆင်ပြေမှာပါ၊ မဟုတ်တင် အိမ်ကလည်း သီးသန့် ကားစီစဉ်ပေးမှာ မဟုတ်ဘူး၊ ဘုရားကျောင်းသွားကြမှာ"

ထိုသို့နှင့် ကျွန်တော့်ခြံထဲမှာ မီးပုံပွဲလုပ်ပြီး New Year ကြိုရန် စီစဉ်ဖြစ်ကြသည်။ မေမေက ကျွန်တော်တို့အတွက် အားလုံးစီစဉ်ပေးသည်။ အတန်းထဲမှ သန့်စင် အပါအဝင် သူငယ်ချင်းတချို့ကို ခေါ်သည်။ မေလရောင်က ကျွန်တော်တို့နားတွင်နေသော သူ့ သူငယ်ချင်း မောင်နှမကို ဖိတ်သည်။

"ငါက ငါးယောက်ဖိတ်မယ်နော် မိုးတိမ်"

"ဖိတ်လေ"

"ရလား၊ လူများနေမလား"

"များတော့ကောင်းတာပေါ့ လျှံရဲ့"

"နင် တာဝန်ပိုမှာစိုးလို့ပါ၊ အဲဒီနေ့မှာ ငါက ကော်ဖီနဲ့ လက်ဖက်ရည် ယူလာပေးမယ်၊ နောက် ready made အကင်ချောင်းတွေ ဝယ်လာမယ်လေ"

"ရတယ်၊ အဲဒါ ငါ့အမေ စီစဉ်ထားတယ်"





"ဒါဆို ငါ တခြားမုန့်တွေ ယူလာမယ်"

"သဘော"

သူ ဖိတ်ချင်သူ ငါးယောက်ကို ဖိတ်ခွင့်ရမည်ဆိုတော့ လျှံ့မျက်နှာက ကြည်လင်ဝင်းပလို့။ ပျော်နေတာ အသိသာကြီး။

တကယ်လည်း ၃၁ ရက် ညနေကျတော့ လျှံက ငုဝါကိုဝင်ခေါ်ကာ မုန့်တွေ ဝယ်ချလာပြီးမှ ရောက်လာသည်။ သေချာတာက လျှံ အရမ်းတက်ကြွ ကြည်ရွှင်နေသည်ဆိုတာပင်။ ကားကို ညှာမအမေ မောင်းပြီး လာပို့သည်။ ည ၁၂ နာရီခွဲလျှင် အဖေရော၊ အမေရော လာကြိုမည်ဟု ဆိုသည်။

"သားတို့ ဘယ်နှစ်ယောက်လဲ"

လျှံ့အမေက ကားပေါ်လှည့်တက်ဖို့ ပြင်ပြီးမှမေး၏။

"ဆယ့်လေးငါးယောက်ပါပဲ"

ကျွန်တော် အလွယ်ဖြေလိုက်မိ၏။ အမှန်က ဆယ့်ငါးယောက်တိတိ။

"ဟင် ... ဒီကျူရှင်ဝိုင်းက လူတွေပဲ မဟုတ်ဘူးလား"

လျှံ့အမေက တအံ့တသြဆိုတော့ ဘေးက လျှံက ဝင်ဖြေသည်။

"မေမေကလည်း မိုးတိမ်တို့ မောင်နှမတွေ ရှိသေးတယ်လေ"

"ဪ ... ဪ ..."

ကျွန်တော့်မှာ ဘာမောင်နှမမှ မရှိပါဘဲလျက် ခံလိုက်ရခြင်း ဖြစ်သည်။ သိပ်တော့ အစာမကျေချင်သော်လည်း ဘာမှမတတ်နိုင်။ လျှံ့အမေက ထွက်သွားပြီဖြစ်သလို လျှံကလည်း သူ ဘာမှလုပ်မထားသလို လှည့်ထွက်သွားတော့သည်။

ဖိုးသကြန်က စားပွဲတစ်လုံးကို နေရာတကျဖြစ်အောင် ခင်းကျင်း



www.burmeseclassic.com

www.burmeseclassic.com



နေရာက ကျွန်တော့်နား ရောက်လာ၏။

"မိုးတိမ်"

"ဘာလဲ"

"လျှို တစ်ကောင်တော့ သူ့ သူငယ်ချင်းလို့ ခေါင်းစဉ်တပ်ထားတဲ့ သူတွေ ဖိတ်ထားတယ်တဲ့"

"အင်းလေ ... သိပါတယ်"

"သူငယ်ချင်းအမည်ခံ ဖြစ်နေဦးမယ်"

"ဖြစ်တော့ရော ဘာတတ်နိုင်မလဲ"

"ငါတို့က ကြားထဲက ကြံရာပါဖြစ်မှာလေ"

"မင်းကမှ ကြံရာပါအဆင့်၊ ငါက တရားခံအဆင့် ဖြစ်သွားပြီ"

"ဟင် ... ဘာဖြစ်လို့လဲ"

"ဘာဖြစ်ရမှာလဲ"

ကျွန်တော်က စောစောကကိစ္စကို ပြောပြလိုက်သည်။ အမေတစ်ခုသားတစ်ခုပါဆိုမှ မိုးတိမ်တို့ မောင်နှမတွေဟု ရအောင်ပြောသွားတာ ခံလိုက်ရသည်။ နောက် မတွေ့မယ့်သူတွေဆို ကိစ္စမရှိ။ နောက်တစ်ခါ ထပ်လာလို့မှ "ဟိုတစ်ခါကပြောတဲ့ မောင်နှမတွေရော" ဆိုလျှင် ပြဿနာက တက်ပြီ။ မေမေ့ရှေ့မှာ မဟုတ်လျှင် ထပ်ညာရုံသာ။

"တစ်ဝမ်းကွဲတွေပါ" ဟု။

မေမေ့ရှေ့မှာ ဆိုလျှင်တော့ ဆေးမရှိတော့ပြီ။

ဖိုးသကြ်န်က ကျွန်တော့်စကားကို ဆုံးအောင်နားထောင်ပြီးမှ ပြော၏။

"ဒါဆို ငါတို့ လျှို့ကို စောင့်ကြည့်ရတော့မယ်"





"ကြည့်ပြီး ဘာဖြစ်လဲ"

"မသင်္ကာစရာတွေ့ရင် တစ်ခုခု လုပ်ရမှာပေါ့"

"ဘယ်လိုတစ်ခုခုလဲ၊ သူ့မိဘကို တိုင်ဖို့လား"

"အဲဒါကနောက်ပါ၊ သူ့ကို အရင်နားချရမှာ"

"မင်းက ဘာထင်လို့လဲ"

"ဒီကောင်မလေး မိဘက ကြည့်မရတဲ့သူ တစ်ယောက်ကို ရည်းစားတော်ခဲ့တယ် ထင်တာပဲ"

ဖိုးသကြ်န်က ကျွန်တော့်နား အသာကပ်ပြောပြီးမှ သူ့ဘာသာသူ ရယ်နေသေးသည်။

"မဟုတ်ရင်တော့ လွဲပြီပေါ့ကွာ"

"မဟုတ်မှတော့ လွဲပြီပေါ့၊ လွဲပါစေ"

ကျွန်တော်တို့ ရယ်ဖြစ်ကြသည်။

ခဏနေတော့ ကားတစ်စီး ခြံရှေ့လာရပ်၏။

"မီးလျှို"

"လျှို"

"ရေပြီ"

ခေါ်သံတွေ စုံသွားကာ ကားပေါ်မှ ငါးယောက်ခန့် ခုန်ဆင်းလာ၏။

"ကျားတစ်၊ မလေး"

ဖိုးသကြ်န်က လှုစစ်ပြီး သတင်းပို့သည်။

"ငါ မြင်တယ်"

"မင်း အဲဒီကျားတစ်ကို သေချာမြင်လား"

"မြင်နေတာပဲ"



www.burmeseclassic.com

www.burmeseclassic.com

“ငါ ဆိုလိုတာက ဘာကောင်လဲဆိုတာ”

“ဒါကတော့ မင်းသိအောင် ကြည့်လိုက်ပေါ့”

ကျွန်တော်ကရွဲ့တော့ ဖိုးသင်္ကြန်က ရယ်ကာ–

“ဟင့်အင်း ... ‘မ’ လေးကို အရင်စစ်ရဦးမယ်” ဟု ပြောကာ ထွက်သွားတော့၏။ ခဏနေကျ မရွှေချော ‘လျှံ’ က အ ားရောက်လာ၏။

“မိုးတိမ်”

“ပြော”

“ငါ့သူငယ်ချင်းတွေ ရောက်နေပြီ”

“ထိုင်ခိုင်းလေ၊ ဒီမှာ အဆင်သင့် ဖြစ်တော့မှာပါ”

“မဟုတ်ဘူး၊ နင်တို့နဲ့ မိတ်ဆက်ပေးမလို့”

“နင့် သူငယ်ချင်းတွေနဲ့လား”

“အင်း ...”

“ဒါဆို ငါတို့က ဘာလဲ”

ကျွန်တော့်စကားကြောင့် တစ်ချက် ကြောင်အမ်းသွားရသည်။ ပြီးတော့မှ လျှံက သဘောပေါက်သွားကာ အားတုံ့အားနာဟန်ဖြင့် ပြော၏။

“နင်တို့လည်း ငါ့သူငယ်ချင်းတွေပါပဲ၊ အတူတူပေါ့ လာပါဟာ”

အမှတ်တမဲ့ပဲလား၊ တမင်လား မသိ၊ လျှံက ဖန်ခွက်တွေ သုတ်နေသော ကျွန်တော့်လက်ကို အသာလာဆွဲခေါ်သည်။

“ဟော့ ... ဒါ မိုးတိမ်တဲ့၊ ဟိုဖက်က ဖိုးသင်္ကြန်တဲ့၊ သူက မေလရောင်၊ သူက ငုဝါခိုင်၊ ဟိုတစ်ယောက်က သန့်စင်၊ သန့်စင်ဘေးက မရသီဟာ၊ ကျန်တဲ့သူတွေက မရောက်သေးဘူး”

ခုလိုကျတော့လည်း လျှံက တကယ့်ကို လူမှုရေးသိတတ်သော





လူကြီးပေါက်စလို မိတ်ဆက်တာတွေ ဘာတွေ လုပ်နေသည်။

“ဒါကတော့ ငါ့အရင်ကျောင်းက သူငယ်ချင်းတွေ သန္တာ၊ နီနီ၊ ရွှေစင်၊ သူကတော့ မြတ်သစ်တဲ့”

တစ်ဦးတည်းသော ကျားတစ်က ‘မြတ်သစ်’ တဲ့။ မေမေတို့ ပြောပြောနေသော ‘စုံနံ့သာမြတ်သစ်’ ဆိုတာကို သွားသတိရသည်။

'Nice to meet you'

အကုန်လုံးက ခေါင်းသာညိတ်သော်လည်း ဖိုးသင်္ကြန်က [illegible]တည်တည်နှင့် ထိုသို့ပြောကာ မြတ်သစ်ကို လက်ဆွဲနှုတ်ဆက်၏။ ကျန်ကောင်မလေးတွေကိုပါ လက်ဆွဲနေဦးမလား စိုးရိမ်မိသော်လည်း ဖိုးသင်္ကြန်က ‘ငပါး’။ မြတ်သစ်လက်ကိုပဲ ဆွဲထား၏။ ကြည့်ရတာ ချက်ချင်းပဲ ဖမ်းချုပ်ပြီး တရားခံစစ် စစ်တော့မည့်ပုံမို့ ကျွန်တော်ပင် မသိမသာ ပြုံးမိသေးသည်။

တကယ့်တကယ်ကျတော့ လျှံ တွတ်ထိုးနေတာက ရွှေစင်နှင့်။ မြတ်သစ်ကို ဖိုးသင်္ကြန်ကပဲ ထိန်းထားလို့လား၊ အခွင့်ပဲမသာလို့လားမသိ၊ လျှံနှင့် သိပ်စကားပြောတာ မတွေ့ရ။ ကျွန်တော်က လျှံနှင့် ရွှေစင်နားမယောင်မလည် သွားထိုင်နေလိုက်တော့ သူတို့အသံတွေ တိတ်သွားပြန်သည်။

“ပြီးခဲ့တဲ့ ခရစ္စမတ်နေ့က နင့်ကားဖြတ်သွားတာ တွေ့တယ်”

“အင်း ... မိုးတိမ်တို့လည်း ပါတယ်လေ”

“နင် ဘာလို့မရပ်တာလဲ”

“သူတို့ သွားစရာရှိလို့”

လျှံက ခပ်တည်တည်နှင့် ကျွန်တော်တို့ကို လွှဲချ၏။


www.burmeseclassic.com

www.burmeseclassic.com

"အဲဒီနေ့က ငါတို့ အချိန်ပိုတက်ရတာ"

"ငါထင်သားပဲ"

"မြတ်သစ်တောင် အဲဒီနေ့ကမလာဘူး၊ ဟိုနှစ်ကောင်ပဲလာတယ်"

"တွေ့ပါတယ်"

ဆက်ပြောကြတာတွေက စိတ်ဝင်စားစရာ မကောင်းသလို သံသယဖြစ်ရာလည်း တစ်ခုမှမရှိတော့။ ပျင်းစရာတောင် ကောင်းလာသည်။ ဆယ်နာရီခွဲလောက်မှာ စ,စားသောက်ကြပြီး သူတို့က ပြန်သွားကြသည်။ **New Year**အကြိုလာသူတွေက ဆယ့်တစ်နာရီခွဲမှာ ပြန်သွားကြတာ ဘာအဓိပ္ပာယ်မှမရှိ။ သို့သော် သူတို့မကြိုလည်း နှစ်သစ်ကတော့ ရောက်လာမှာပင်။ အမှန်တော့ အဓိပ္ပာယ်မရှိသူများထဲတွင် ကျွန်တော်တို့လည်းပါသည်။ ဘာအဖြေမှ မရလိုက်ပါပဲနှင့် လျှို့ဆန္ဒကို အဓိပ္ပာယ်မရှိ လိုက်လျောခဲ့မိကြသည် မဟုတ်လား။ နေနှင့်ဦးပေါ့ဟုတော့ တေးမထားချင်ပါ။ သို့သော် ...။

သို့သော်လည်း ... ပေါ့။

○





## February

အချိန်ပြည့် စာအုပ်နှင့် မျက်နှာကပ်ထားရသော ကာလကို ရောက်လာပြီမို့ ကျွန်တော်တို့အားလုံး လျှို့ကိစ္စကို မေ့ထားလိုက်ကြသည်။ လျှိုလည်း ဖိုးသကြန်ဆီရောက်တိုင်း ရွှေ့စင်ဆီ ဖုန်းဆက်သည့် အလုပ်ကို သိပ်မလုပ်တော့။ Revision တွေကို အထပ်ထပ် အခါခါ စုလုပ်ကြရင်း အချိန်ကုန်ကြရသည်။

Revisionတစ်ခါပြီးတိုင်း မေးခွန်းတစ်စုံ ဖြေကြရကာ ဖြေပြီးတိုင်း နေ့ချင်းပြီး result ထွက်တာမို့ တစ်ယောက်မှ အားမလျှော့ရဲကြ။

"ဒီတစ်ခေါက် မေးခွန်းတွေက ခက်သလိုပဲ"

ငုဝါက အဖြေထွက်ခါနီးမှ ခပ်ညည်းညည်းပြော၏။ ခဏနေကျရင် ဖိုးသကြန်အမေက အဖြေလာပြောတော့မှာ ဖြစ်သည်။

"ခက်တာမဟုတ်ဘူး၊ ဖြေရတာများတာ"



www.burmeseclassic.com

မေလရောင်ကလည်း သူ့အတွေးနဲ့သူ ပြော၏။ သေချာတာကတော့ ဒီလောက် ခက်ခဲသောမေးခွန်းကို ဖြေပြီးမှတော့ သူတို့ ပူစရာမလိုတော့ဘူး ဆိုတာပင်။

"နှင်ရော အကုန်ရလား မိုးတိမ်"

"အကုန်ရယ်တော့ မဟုတ်ပါဘူး၊ ၉၉ % လောက်တော့ရတယ်"

"ဟင် ... တော်သေးတာပေါ့၊ ငါဆိုရတာက ၈၀ % လောက်ကို မပြီးတာနဲ့ စဉ်းစားနေရတာနဲ့ ဘာတင်ကျန်ခဲ့မယ် မသိနိုင်ဘူး"

လှျံကလည်း စိတ်ပျက်သံလေးနှင့် ညည်း၏။ ဖိုးသကြန်ကတော့ ပြုံးစိစိနှင့်။ သူ့အပြုံးကို ကျွန်တော်က နားလည်သည်။ ခဏနေတော့ ဆရာမ ထွက်လာ၏။

"ကဲ ... ဘုရားစာဆိုထားကြ၊ ဒီနေ့ အနည်းဆုံးလူက ညနေစာ ကျွေးရမယ်"

ခါတိုင်းဆို ဝေးခနဲ ထအော်ကြမှာဖြစ်ပေမယ့် ခုတော့မလှုပ်ကြ။ ကျွေးရမှာ စိုးတာမဟုတ်။ အနည်းဆုံးလူဖြစ်မှာ စိုးတာပဲဖြစ်ရမည်။ ဆရာမ က ဆက်၏။

"ဒါပေမယ့် သက်သာမှာပါ"

"ဘာလို့လဲဟင်"

"ပူးတွဲမို့လို့"

ဆရာမက ရယ်ပြီးပြောတော့ အသက်ရှူသံတွေ ပိုပြင်းလာကြသည်။ ဘာပဲပြောပြောပေါ့၊ အဖော်ရှိသေးတယ်ဆိုတော့ စိတ်ချမ်းသာစရာ။

"ကဲ ... နောက်ဆုံးက ပူးတွဲနှစ်ယောက်ကို အရင်ပြောမယ်"

" ........... "





"မေလရောင်နဲ့ လှျံ"

လှျံက ပခုံးတွန့်ရုံ တွန့်သော်လည်း မေလရောင်က မျက်နှာပျက် နေပြီ။

"နောက် သူတို့ထက်သာတာက ဖိုးသကြန်"

"ဖိုးသကြန်ရှေ့မှာလည်း ပူးတွဲပဲ၊ မိုးတိမ်နဲ့ ငုဝါ အမှတ်တူရတယ်"

ဆရာမက အဖြေစာရွက်တွေ ပြန်ပေးကာ စာတွေပြန်ရှင်းပြသည်။ ဘာလို့ ဘယ်နေရာမှာ မှားတာတွေအစ၊ မေးခွန်းယူဆပုံအလယ်၊ ဖြေဆိုပုံ အဆုံး သေချာပြန်ရှင်းပြ၏။ ညနေကျတော့ ဆရာမကပဲ အားလုံးကို ထမင်းကျွေးရတော့သည်။

"ကဲ ... ညနေစာ ဒီမှာပဲစားတော့၊ မေလရောင်နဲ့ လှျံ့အစား ဆရာမ က ကျွေးတယ်လို့ သဘောထားလိုက်၊ ဟုတ်ပြီလား"

ထမင်းစားချိန်မှာ မေလရောင်က ပွစိပွစိနှင့်။

"ငါ့ကိုက ဘယ်လိုဖြစ်သွားတယ် မသိဘူး၊ အဲဒီပုစ္ဆာကို သိသိကြီးနဲ့ မှားတယ်၊ လှျံကရော ဘာလို့လိုက်မှားရတာလဲ၊ ငါတို့အမှတ်က အနည်း ဆုံးဆိုပေမယ့် မိုးတိမ်နဲ့တောင် (၅)မှတ်ပဲ ကွာတာပါနော့၊ ဖိုးသကြန်က ငါတို့ထက် နှစ်မှတ်ပဲ များတာ"

"နှစ်မှတ်လည်း အမှတ်ပဲ"

ဖိုးသကြန်က တမင် မခံချင်အောင်ပြော၏။ မေလရောင်ကလည်း ခံပါ။

"နှစ်မှတ်လောက်ကတော့ အသာလေး အကျောပေးထားတယ်၊ ဆောင့်ကြည့်ပါ"

"ကဲ ... ထမင်းစား၊ အစားကုန်အောင်စား၊ စကားကုန်အောင် မပြော

www.burmeseclassic.com



နဲ့တဲ့"

ဖိုးသကြန်ကလည်း ရသလောက်လေး အနိုင်ယူကာ ပြောနေသဖြင့် အသာလမ်းကြောင်း ပြောင်းပေးရတော့သည်။

"စာမေးပွဲပြီးရင် ဘာလုပ်ဖို့ အစီအစဉ်ရှိလဲ"

"အဝအိပ်ပစ်မယ်"

ငုဝါက စပ်ဖြဲဖြဲလေးနှင့် ပြော၏။ သူက အအိပ်မက်သူလေ။

"ငါက စတိတ်ရှိုးတွေ လျှောက်ကြည့်မှာ"

မေလရောင်က ပွဲပျော်တတ်သူ။

"ငါတော့ စာအုပ်တွေ ဖတ်ပစ်ဦးမယ်"

လှျံက တိတ်ဆိတ်သော မိတ်ဆွေများနှင့်နေတတ်သူ။

ဖိုးသကြန်က ဘာမှမပြော။ လှျံ့ကိုသာ မေးခွန်းထုတ်၏။

"နင် သူငယ်ချင်းအဟောင်းတွေဆီ မသွားဘူးလား"

"သွားရင်သွားမှာပေါ့"

"သွားရင် ငါလည်းလိုက်မယ်နော်"

ဖိုးသကြန်က အတည်ပေါက်နှင့်ပြော၏။ မေလရောင်ကတော့ သူ့အစ်ကို မကြားအောင် ကျွန်တော့်နား ကပ်ပြော၏။

"စာမေးပွဲက ကပ်နေတာတောင် သူက ရှုချင်တုန်း" တဲ့။ ဟိုက ကြားလျှင် မောင်နှမ စကားထများကြဦးမည်။

ပြောသမျှ ယုံတတ်သော လှျံကလည်းတစ်မျိုး။

"လိုက်လေ၊ နင် ဘယ်သူ့ဆီလိုက်မှာလဲ"

"မြတ်သစ်ဆီပါ"

ဖိုးသကြန်စကားကြောင့် ဟန်မဆောင်တတ်သော လှျံက တအံ့





တသြနှင့် နှာခေါင်းရှုံ့၏။

"ငါက ရွှေစင့်ဆီလားလို့"

"သူ့ဆီက နောက်မှသွားမယ်လေ၊ ချက်ချင်းကြီးဆိုတော့ ဘယ်ကောင်းမလဲ"

ဖိုးသကြန်၏ အတည်ပေါက်စကားကြောင့် လှျံ့မှာ ထုံးစံအတိုင်း ဇဝေဇဝါနှင့်။ ကျွန်တော်ကတော့ သူ့လို ကွေ့ပတ်ပြောတတ်သူ မဟုတ်။ ထို့အပြင် ဒီအချိန်မှာ မရွှေလှျံတစ်ယောက် ငြိမ်လက်စနဲ့ ငြိမ်နေတာ ကောင်းသည်ဟု ကျွန်တော်က တွေးသည်။ ထိုစဉ်မှာပင် ဖုန်းသံမြည်တာကို ကြားလိုက်ရ၏။

ဖိုးသကြန်က ထကိုင်သည်။

"ဟဲလို ..."

"..........."

"သြော် ... ရှိတယ်၊ ဘယ်သူလဲ မသိဘူး"

"..........."

"ခဏနော်"

ဖုန်းကိုအသာချကာ စားပွဲနားပြန်လာ၏။

"လှျံ ဖုန်းလာတယ်၊ မြတ်သစ်တဲ့"

"ဟင် ..."

လှျံက တကယ့်ကို တအံ့တသြလေး ဖြစ်သွားပုံနှင့် ဖုန်းသွားကိုင်၏။

"မြတ်သစ်လား"

"..........."

"ပြောလေ"



www.burmeseclassic.com

www.burmeseclassic.com

"…………"

"ဟင် … ဟုတ်လား၊ ဘာဖြစ်သွားသေးလဲ၊ စိုးရိမ်ရလား"

လှျံ အသံများ အဖျားခတ်သွားတာကို နားထောင်ရင်း တစ်ခုခု ဖြစ်ပြီဆိုတာတော့ သိလိုက်သည်။ အကြောင်းကြားနေသူက မြတ်သစ် ဖြစ်တာမို့ မြတ်သစ်ကိုတော့ ထည့်စဉ်းစားစရာမလို။ ဒါဆို လှျံနှင့် မသက်ဆိုင်ရမည့်ထဲ မြတ်သစ်ကိုရော ဖြုတ်ပစ်လို့ရမလား။ ဒါတော့လည်း မဖြစ်နိုင်သေး။

ဘာလိုလိုနှင့် နားရှက်ကိုယ်စီ ထောင်နေမိသော ကျွန်တော်နှင့် ဖိုးသကြိန် အထူးစုံစမ်းရေးအရာရှိ ဖြစ်မှန်းမသိ ဖြစ်နေခဲ့ပြီဟု တွေးရင်း ပြုံးမိချင်ချင် ဖြစ်သွားရသေးသည်။

ခဏနေကျ လှျံပြန်လာ၏။ ကျွန်တော်ကပဲ ဦးအောင်မေးလိုက်သည်။

"ဘယ်သူ ဘာဖြစ်လို့လဲ လှျံ"

လှျံက အသာခေါင်းရမ်းရင်းက ဖြေသည်။

"နင်တို့ မသိပါဘူး"

"အင်းလေ၊ ငါတို့မသိတဲ့ ဘယ်သူလဲ"

ဖိုးသကြိန်က ရအောင်ကပ်မေး၏။

"မပဋ္ဌာ"

လှျံ့နှုတ်မှ ထွက်ကျလာသော စကားလုံးကြောင့် ကျွန်တော်နှင့် ဖိုးသကြိန် တစ်ယောက်ကိုတစ်ယောက် ကြည့်မိကြသည်။ လာပြန်ပြီ ဒီ မပဋ္ဌာ။ ထိုဇာတ်လမ်း တကယ်လားမသိသော ထိုမပဋ္ဌာကို ကျွန်တော်တို့က အရှိုးပေးပေးနေရတာ သိပ်တော့မဟန်။





"ဒါဆို အရှူးထောင် ပို့ရမှာပေါ့နော်"

မသိနားမလည်စွာ စကားလုံးမရွေးတတ်သော မေလရောင် စကားကြောင့် ဆတ်ခနဲ ဖြစ်သွားရသူက လှျံ။

"ဘာ အရှူးထောင်လဲ၊ စိတ္တဇဆေးရုံ စိတ်ကျန်းမာရေးဆေးရုံ"

"အေး … အေးပါ၊ ငါမှမသိတာ"

"မသိရင် မပြောနဲ့လေ"

လှျံက ဒီလိုတစ်ခါမှ ခွန်းတုံ့ခံပြန်ပြောတတ်သူ မဟုတ်။ ခုဒီလို ဆတ်ဆတ်ထိမခံ ပြန်ပြောနေတော့ စမိသော မေလရောင်ပင် တအံ့တသြနှင့် တစ်ခုခုမှားပြီဆိုတာ ခံစားလိုက်ရသူပမာ ပါးစပ်ပိတ်သွားတော့သည်။

"ငါ ပြန်တော့မယ်"

"အေး … နင့်ကားလာပြီလား"

"မသိဘူး၊ ရောက်နေလောက်ပါပြီ"

ပြောပြောဆိုဆို အိတ်ကိုကောက်ဆွဲကာ ထသဖြင့် ကျွန်တော်ပဲ နောက်က တလိုက်ရတော့သည်။

"လှျံ"

"ဟင်"

"နင် တကယ်ပြောတာလား"

"တကယ်ပါ"

"နင့်စိတ်ကို အနှောင့်အယှက်ဖြစ်စေလား"

လှျံ ကျွန်တော့်စကားကြောင့် ကျွန်တော့်ကို စိုက်ကြည့်၏။ ပြီးမှ ပြတ်သားစွာ ခေါင်းခါပြသည်။

"ဒီလောက်မဟုတ်ပါဘူး"

www.burmeseclassic.com



"ဒါပေမဲ့ နင့်ကြည့်ရတာ တစ်မျိုးပဲ"

"ဘာမှမဖြစ်ပါဘူး"

"မဖြစ်လည်းသွားတော့၊ အိမ်ကျ ညဥ့်နက်အောင် စာကြည့်မနေနဲ့ဦး၊ ကြားလား"

"အေးပါ၊ နင့်ကို ကျော်တက်သွားမှာစိုးလို့လား"

"ဒါပေါ့"

လျှံ ပြုံးရုံသာပြုံးသည်။ သူမအပြုံးက သိပ်တော့အားမရှိ။ လျှံ့ကား ထွက်သွားတော့ ကျွန်တော့်အနားကို ဖိုးသကြ်န် ရောက်လာသည်။

"အိုကေလား မိုးတိမ်"

"ဘာလဲ"

"လျှံလေ"

"အေး ... ငါကတော့ မကဘူးထင်တာပဲ၊ သူကတော့ ဘာမှမဖြစ်ဘူးတဲ့"

"ဟုတ်လို့လား"

"ပြောတာပဲ"

"အဲဒီမပဋ္ဌာ ဆိုတာတော့ ငါတို့ အပြိုင်မင့်ယူပြီး သွားတွေ့ဖို့ကောင်းပြီ"

ဖိုးသကြ်န်၏ အရွဲ့စကားကြောင့် ကျွန်တော်ရယ်မိ၏။

"မင်းပဲစဉ်းစားကြည့်လေ၊ မသက်ာဖြစ်မယ်ကြံရင်း မပဋ္ဌာက ဝင်လာရင်းနဲ့ ကြာရင် ငါတို့ပဲရှုံးမှာ"

"မောင်ပဋ္ဌာ ဖြစ်သွားတော့ သူ့အတွက် ပိန္နဲတစ်ပင် ရတာပေါ့ကွာ"

"ကောင်းတာပဲ"





ကျွန်တော်တို့ ပြန်တက်ခဲ့ကြသည်။ မေလရောင်ကတော့ နားမလည်သလိုနှင့် "လျှံ ဘာဖြစ်သွားတာလဲ" ဟု မေး၏။ ကျွန်တော်တို့လည်း ဘယ်လိုရှင်းပြရမှန်းမသိ။ ဖိုးသကြ်န်က –

"စာကြည့်တာ သိပ်များသွားရင် ဒီလိုပဲ၊ ကိုယ့်ဦးနှောက်က ခံနိုင်သလောက် ကြည့်ရတာ"

ဟု ဆိုသည်။ ပြောပုံက မေလရောင်ကိုပါ ထိခိုက်တာမို့ မေလရောင်က မကြည်လင်။ လျှံနှင့် မေလရောင်က အမှတ်တူ ရထားခဲ့သူတွေကိုး။ ကျွန်တော်ကတော့ စာမေးပွဲနီးမှ ဘာမှထပ်မပြောချင်တော့တာမို့ စကားစကို ဖြတ်ပစ်လိုက်တာ ကျွန်တော်လည်း ပြန်ခဲ့လိုက်သည်။

လျှံကလည်း လျှံပင်။

သူ့အရင် ကျောင်းအကြောင်းနှင့် သူငယ်ချင်းတွေကို နာမည်က လွဲရင် ဘာမှပြောပြမထား။ ဘာမှလည်း ပြန်ပြောင်းတွေးတောကာ ပြောပြတတ်သည်မရှိ။ ဘယ်သူကဘယ်လို၊ ခု ဘာတွေလုပ်နေတာ၊ ဘာတွေလှမ်းပြောနေတယ် ဆိုတာမျိုးလည်း ကျွန်တော်တို့ကို လုံးဝမပြော။

မပြောပြတတ်တာလား၊ မပြောချင်တာလား၊ မပြောဖြစ်တာလား၊ ပြောချိန်မတန်သေးတာလား။ သူမမှ သိပေလိမ့်မည်။

○



www.burmeseclassic.com

www.burmeseclassic.com



## March

"ဖြေနိုင်တယ် မဟုတ်လား လှုံ"

အခန်းထဲက အစောကြီးထွက်သွားတော့ လှုံ့ကို နောက်မှ ထွက်လာသော ကျွန်တော်က မေးရသည်။ ဒီနေ့ ကျွန်တော်တို့ စာမေးပွဲနောက်ဆုံးနေ့။

"ဖြေနိုင်ပါတယ်၊ နင်က ဘာလို့ကြာနေတာလဲ"

"ပုံတွေ သေချာပြန်စစ်နေလို့၊ လက်ရေးလက်သားကောပဲလေ"

"နင်က သိပ်တိကျတယ်နော်"

"ဟင့်အင်း ... သေချာချင်တာပါ"

လှုံကော ကျွန်တော်ပါ ခပ်ဖွဖွ ရယ်မိကြသည်။ ခဏနေကျ ဖိုးသကြ်န် ထွက်လာသည်။

"အိုကေတယ် မဟုတ်လား"





"အိုကေ နို့ဆိ"

ရှုတ်နောက်နောက်ပြောရင်း လက်မထောင်ပြ၏။ ပြီးမှ –

"ဟိုနှစ်ကောင်ကတော့ ထုံးစံအတိုင်း ခေါင်းလောင်းထိုး၊ ဆရာမက အဖြေလွှာ ဆွဲသိမ်းတော့မှ ထိုင်ရာက ထထွက်လာမယ့်သူတွေ၊ စောင့်ဦး (၁၅)မိနစ် လိုသေးတယ်"

"အင်း ... ဒါနဲ့"

"ဘာလဲ"

"ပြီးရင် ဘာလုပ်မှာလဲ"

"မသိဘူး"

ကျွန်တော့်အမေးကို ဖိုးသကြ်န်က 'မသိဘူး' ဟု ဖြေ၏။ 'လှုံ' ကတော့ အသာအယာ ပခုံးတွန့်ပြရင်း တစ်နေရာသို့ လက်ညှိုးညွှန်ပြ၏။ လှုံ့ကား။ ကားပေါ်မှာ လှုံ့အမေ။

"ဟင် ... ဒါဆို နင်ကပြန်မှာပေါ့"

"မသိဘူး"

လှုံက စိတ်ရှုပ်စွာဆိုသည်။ အမှန်က ကျွန်တော်တို့လည်း ထုံးတမ်းစဉ်လာ အရသာတစ်ခုခု လုပ်ချင်တာ ဘာလုပ်ရမှန်းမသိ။ ဘာမှလည်း စီစဉ်မထား။ ခုလို လှုံ့အမေက လာစောင့်နေပြီး လှုံ့ကို ပြန်ခေါ်သွားလျှင် အားလုံး ဘယ်မှသွားဖြစ်ကြတော့မှာ မဟုတ်တာ သေချာသည်။ ဖိုးသကြ်န်ကတော့ ပူပြင်းတောက်ပနေသော နွေနေရောင်ကိုကြည့်ကာ ညည်းညူ၏။

"ပူလိုက်တာ၊ အအေးခန်းထဲ သွားထိုင်နေရရင် ကောင်းမယ်"

"အအေးတိုက်ထဲလား"



www.burmeseclassic.com

www.burmeseclassic.com

"ကောင်းတာပဲ၊ မဟုတ်ရင် ဒီအပူနဲ့ ဒီစာတွေနဲ့က ရူးချင်နေပြီ"

ရူးချင်နေပြီဆိုသော စကားကြောင့် လျှံက ဖိုးသကြိန်ကို မသိမသာ စွေကြည့်တာ ကျွန်တော် သတိထားလိုက်မိသည်။ ပြီး အသာပြုံးလှည့်သွားသည်။ ဘာမှတော့မပြော။

"ဒါဆို အိမ်ပြန်ပြီး ကိုယ့်အခန်းထဲကိုယ် Air Con ဖွင့်ပြီး အိပ်နေရင်ကောင်းမယ်"

ကျွန်တော်က အဲလိုပြောတော့ ဖိုးသကြိန်က လက်ဖျောက်တီးကာ–

"ဟာ ... ငါလည်း လိုက်အိပ်မယ်၊ သိပ်ကောင်းတဲ့ အစီအစဉ်ပဲ၊ လျှံ နင်လည်း ငါတို့နဲ့လိုက် ... ဟာ ... မဖြစ်ပါဘူး"

ဖိုးသကြိန်၏ မှားသွားသော စကားကြောင့် လျှံကရယ်သည်။

"မဖြစ်ဘူး ငါတို့နှစ်နာမှာကွ၊ နော် မိုးတိမ်"

"ခွေးကောင် ... တော်တော့"

လျှံက ဖိုးသကြိန်ကို မျက်စောင်းချိတ်ကာ ပြော၏။ ဒီလိုကျတော့ 'လျှံ' ပုံစံက ချစ်စရာအကောင်းသား။ အဲ ...ဘာလို့ အဲလိုတွေးမိတာလဲတော့ လာမမေးနဲ့။ မသိဘူး။ ခေါင်းလောင်းထိုးသံကြားပြီး လူတွေ ရှုပ်ယှက်ခတ်ကုန်သည်။ ဒီလောက် လူအုပ်ကြားမှာ သူတို့ ပူးရပ်နေရ၏။ လူအတော်ကျဲမှ ငုဝါနှင့် မေလရောင်ကို တွေ့ကြရသည်။ မေလရောင်နှင့်က ကျောင်းချင်းမတူသော်လည်း တစ်မြို့နယ်တည်းချင်းမို့ အတူဖြေကြရသည်လေ။

"ဆရာမ အဖြေလွှာလာယူမှ ပြန်ခဲ့တာ မဟုတ်လား"

"ဒါပေါ့"

"နင်တို့က ထအပ်နေရရင် သိက္ခာကျမှာစိုးလို့၊ လာယူမှပေ့စေဆိုပြီး ထိုင်နေကြတာ မဟုတ်လား"

"ဒါပေါ့"

ဖိုးသကြိန်၏ ရွဲ့တဲ့တဲ့စကားကို ငုဝါက တစ်ခွန်းမှခံမပြော။ ကြေလည်စွာ ထောက်ခံသဖြင့် ဖိုးသကြိန် အီလည်လည် ဖြစ်သွားရသည်။

"ကဲ ... ဘာလုပ်မှာလဲ"

မေလရောင်က အလိုအပ်ဆုံး မေးခွန်းကိုမေး၏။

"ဘာလုပ်မလဲမမေးနဲ့၊ ဟိုမှာ လျှံ့ကို လာကြိုနေပြီ"

"ဟင် ... ဟုတ်လား၊ ငါဆို လာမကြိုနဲ့လို့ ပြောလိုက်တာ"

မေလရောင်က မျက်နှာလေးညိုကာ ပြော၏။

"နင်တို့ဘာသာ တစ်ခုခုလုပ်ကြလေ"

"နင်မပါဘဲ ဘယ်ကောင်းပါ့မလဲ"

ငုဝါကလည်း နှုတ်ခမ်းလေးစူကာ ထောက်ခံသည်။ သူတို့ ပြောဆိုနေကြဆဲ လျှံ့အမေက အနားရောက်လာသည်။

"ဘယ်လိုလဲ ဖြေနိုင်ကြလား သမီးတို့၊ သားတို့"

"ဟုတ်"

"ကဲ ...ဒါဆိုပြော ဘယ်သွားချင်လဲ၊ ဘာလုပ်ချင်လဲ၊ အန်တီ ပို့ပေးမယ်"

ထင်မှတ်မထားသော စကားမို့ အကုန်လုံး တအံ့တဩ ဖြစ်ကုန်ကြသည်။ လျှံဆိုတာတော့ ပြောမနေနှင့်။

"တကယ်"

"တကယ်လား မေမေ"

"တကယ်ပေါ့၊ ကဲ ...ခု ဗိုက်ဆာနေမှာ၊ တစ်ခုခုစားရအောင်၊ လာ

www.burmeseclassic.com

လာ ကားပေါ်တက်ကြ ပူတယ်”

လျှံ့အမေက ကိုယ်တိုင်မောင်းလာတာမို့ လျှံက ရှေ့မှာထိုင်ကာ ကျွန်တော်တို့ လေးယောက်က နောက်မှာဆန့်အောင် ထိုင်လိုက်ကြသည်။

“ရလား နောက်မှာကျပ်လား”

အန်တီက လှည့်မေး၏။

“ရတယ် ရတယ်၊ ကွက်တိပဲ၊ ဒီအုပ်စုထဲ နောက်လူအဝင်ခံလို့ မဖြစ်ဘူး၊ ဒီလောက်ပဲကောင်းတယ်”

ဖိုးသကြိန်၏ စကားကြောင့် အားလုံး ရယ်ကြရသေးသည်။ လျှံ့အမေကတော့ သဘောတကျရယ်ရင်း စကားတစ်ခွန်းကိုဆို၏။

“ဒါဆိုလည်း ဒီတိုင်းနေကြလေ၊ ဆယ်ယောက် အဖြစ်မခံနဲ့ပေါ့၊ ဟုတ်လား”

“အဲ ... ဟုတ်”

ဒီလိုကျတော့ ဘယ်သူမှ အသံထွက်မလာတော့။ ကာယကံရှင် ဖိုးသကြိန်ပဲ ‘အဲ ... ဟုတ်’ နှင့် အသံထွက်နိုင်တော့သည်။

“ဒါမျိုးကျ အသံမထွက်ကြပါလား”

“သမီးတို့က အာမခံနိုင်ပါတယ်၊ သူတို့ကတော့ မသိဘူး”

စကားတတ်မလေး မေလရောင်က ကျွန်တော်တို့ကို လွှဲချ၏။ အန်တီကတော့ ဘာမှမပြောတော့။ ရယ်နေတော့သည်။

ကျွန်တော်တို့ အားလုံးကို feel ထမင်းဆိုင်သို့ ခေါ်သွားပြီး ထမင်းကျွေးသည်။ တွေ့ရာဟင်းတွေ ပြောသမျှကို မှာပေးရှာသည်။ ကျွန်တော်ကတော့ သူများမှာတာပဲ စားတော့မည်ဟု ဆုံးဖြတ်ကာ ဘာမှမမှာ။

“သား မိုးတိမ်က ဘာစားမှာလဲ”





“သူတို့မှာတာပဲစားမယ်”

“ကြိုက်ရဲ့လား”

“အကုန်စားပါတယ်”

“ဒါကြောင့် သမီးလျှံကပြောတာ၊ မိုးတိမ်က အေးတယ်တဲ့”

ကျွန်တော် ရယ်နေမိသလား မသိ။ သေချာတာက ကျွန်တော် လူအေးတစ်ယောက် မဟုတ်ပါ။ စကားလည်း လိုအပ်လျှင် ပြောပါသည်။ ဖိုးသကြိန်လိုတော့ အမြဲတစေ တက်ကြွရွှင်မြူး မနေဘူးပေါ့။

ထမင်းစားရင်း အန်တီကမေးသည်။

“ကဲ ... စားပြီးရင် ဘယ်သွားမလဲ နေရာရွေး၊ အန်တီပို့ခဲ့မယ်၊ ပြီးရင် ပြန်လာချိန်မှန်းပြီး လာကြိုမယ်၊ မကောင်းဘူးလား”

“ဟုတ်”

ဟုတ်ဟုဆိုကာ တစ်ယောက်ကိုတစ်ယောက် တိုင်ပင်သလို ကြည့်မိကြသည်။ တကယ့်တကယ်ကျ ဘယ်သွားရမှန်းမသိ။

“ရုပ်ရှင်ကြည့်မလား”

“ကစားကွင်းသွားမယ်”

“ဘာလုပ်ရင်ကောင်းမလဲ”

တကယ့်တကယ်ကျ ကျွန်တော်တို့အတွက် ပျော်စရာ ရှားနေသလိုပင်။

“ကစားကွင်းပဲသွားမယ်”

“အေး ... ကောင်းတာပဲ”

“တိရစ္ဆာန်ရုံလည်း ဆက်ဝင်လို့ရတယ်”

“အေး ... ကောင်းတယ်”

www.burmeseclassic.com



သို့နှင့် သူတို့ တိရစ္ဆာန်ရုံဘေးရှိ ကစားကွင်းကို ရောက်ခဲ့ကြသည်။ အန်တီက ညနေ နေစောင်းမှ လာကြိုမည်ဟုမှာကာ ပြန်သွားသည်။ မုန့်ဖိုးလည်း အလုံအလောက် ပေးသွားသေး၏။

"နှင့်အမေက လိမ္မာလိုက်တာ"

ငဝါကရယ်ရင်း လျှို့ကိုပြော၏။ မေလရောင်ကလည်း ထောက်ခံသည်။

"အေး ... လျှို့ကို သိပ်ချစ်ပုံပဲ၊ အလိုလည်းလိုက်တယ်"

လျှို့က ဘာမှပြန်မပြော။ ပြုံးရုံပြုံးနေသည်။ လျှို့ ပြုံးပုံက တစ်မျိုးလေးတော့ ထူးခြားသလို ကျွန်တော် ခံစားရသည်။ ထိုခံစားမှု မှန်မမှန်တော့ ကျွန်တော်လည်း ကိုယ့်ဘာသာကိုယ် မတွေးတတ်။

ကျွန်တော်တို့အုပ်စု မိုးပျံရထား၊ မိုးပျံချား၊ နဂါးလှေ၊ ဘာစီးစီး အောက်မှာ ရပ်ကျန်ခဲ့သူက လျှို့။

"နှင်ကလည်း စီးကြည့်တာ မဟုတ်ဘူး"

"ဟင့်အင်း ..."

"နှင် ကြောက်လို့လား လျှို့"

"မကြောက်ဘူး၊ ငါစီးဖူးတယ်၊ အဲဒီအရသာကို ငါ မကြိုက်ဘူး"

"မကြိုက်ဘူး"

"ဟုတ်တယ်၊ ငါ့ဘာသာငါ တည်ငြိမ်နေတာတွေ အားလုံးကို လှုပ်ခတ်သွားအောင် လုပ်လိုက်သလိုပဲ၊ ငါ မကြိုက်ဘူး"

တိရစ္ဆာန်ရုံထဲ အမြန်ဝင်မှပဲ လျှို့ အဆင်ပြေတော့သည်။ လျှို့က တိရစ္ဆာန်တွေကိုတော့ စိတ်ဝင်စားသည်။ ခက်တာက လျှို့က ကြာကြာ လမ်းမလျှောက်နိုင်။ မကြာခဏ နားနေရ၏။





"မောလို့ခဏထိုင်မယ်"

"နှင်က ထိုင်နေတာပဲ၊ နှင့်အတွက် တိရစ္ဆာန်ရုံထဲ ကားသွင်းပေးရင် အဆင်ပြေမယ် ထင်တယ်၊ ဘယ်လိုလဲ"

"ကောင်းတာပဲ"

"ရွှံ့တာဟဲ့၊ နှင်က ဘာလို့ ဒီလောက်မောနေရတာလဲ"

"ဘယ်သိမှာလဲ၊ စာမေးပွဲဖြေပြီးကာစမို့ ထင်တယ်"

လျှို့က သူ့ဘာသာသူ မှတ်ချက်ချတော့ ဖြစ်နိုင်တာမို့ အားလုံးက လက်ခံလိုက်ကြသည်။ အမှန်ဆို ဒီနေ့က လွတ်လပ်ပျော်ရွှင်နေရမည့်နေ့။ လျှို့ကြည့်ရတာ ဘာမှလည်းသိပ်မထူး။ ကျွန်တော် ကိုယ်တိုင်ကလည်း ငြိမ်သက်နေတတ်သူမို့ လျှို့ကိုလည်း နားလည်ပေးမိကာ ဘာမှမမေးဖြစ်တော့။

ညနေကျတော့ လျှို့အဖေ လာကြိုသည်။

"ညစာ ဘာစားမလဲဟေ့"

ကျွန်တော်တို့အားလုံး အားနာစွာ ငြင်းမိကြသည်။

"ရတယ် ဦး၊ မစားတော့ဘူး၊ အိမ်ပဲပြန်တော့မယ်"

"ဒါဆိုလည်း ပို့ပေးမှာပေါ့၊ လာတက်"

တစ်ယောက်ချင်းစီကို ပြန်ပို့ပေးရှာသည်။ ကျွန်တော့်အတွက်ကတော့ အိမ်သာပြန်ရောက်လာရော ဒီစာမေးပွဲ နောက်ဆုံးနေ့ကြီးကို သိပ်ထူးထူးခြားခြားကြီး မခံစားရ။ လုပ်ရိုးလုပ်စဉ် တာဝန်များကို ပြီးစီးအောင် လုပ်သွားကြသည်ဟုပဲ ခံစားရသည်။

"ဖြေနိုင်တယ် မဟုတ်လား သား"

"ဟုတ်"



www.burmeseclassic.com

www.burmeseclassic.com



"လျှောက်သွားတာရော ပျော်လား"

"ဒီလိုပါပဲ မေမေရာ"

မေမေက ဒီလိုပါပဲဟူသော စကားကြောင့်ပြုံး၏။ ကျွန်တော်က ထုံးစံအတိုင်း ဒီနေ့ လျှံ့မေမေ ပို့ဆောင်ကျွေးမွေးခဲ့တာတွေကို မေမေ့ကို ပြန်ပြောပြဖြစ်သည်။ အဆုံးသတ်တော့ ကျွန်တော်က –

"သားတို့ကို လိုက်ပို့ချင်တာလား၊ သူ့သမီးကို တခြားနေရာ မသွားစေချင်လို့လားလို့ သား စဉ်းစားနေတယ် မေမေ" ဟု ပြောမိ၏။ မေမေက ဘာမှပြန်မပြော။ တစ်မျိုးလည်း ပြုံးသည်။ ထိုအပြုံး၏ အဓိပ္ပာယ်ကိုလည်း ကျွန်တော် နားမလည်ပါ။ နားလည်ချင်စိတ်လည်း သိပ်ရှိလှတယ် မဟုတ်၍ ကျွန်တော် မေ့ပါးနေမိလေသည်။

○





## April (I)

"သားရေ ဖုန်းလာတယ်"

ကျွန်တော်တို့အိမ်တွင် လိုင်းဖုန်းမရှိပါ။ မေမေရထားသော GSM တစ်လုံးသာ ရှိသည်မို့ မေမေက ဖုန်းကို ကျွန်တော့်အခန်းထဲ ယူလာသည်။

"ဘယ်သူလဲ မေမေ"

"လျှံ့"

"အော် ... ပေးပေး"

မေမေက ဖုန်းပေးပြီး ပြန်ထွက်သွား၏။

"မိုးတိမ်"

"လျှံ့ ပြော"

"မနက်ဖြန် ဧပြီတစ်ရက်၊ ငါ့မွေးနေ့"

"ဟာ ... ဟုတ်လား၊ ဘာကျွေးမလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွေးမှာပေါ့၊ ဒါပေမယ့် ငါ့ကို တစ်ခုအရင်ကူပါဟာ"

"ဘာလဲ"

သူ့မွေးနေ့ကို သူ့အရင်ကျောင်းက သူငယ်ချင်းတွေပါ ခေါ်လို့ရအောင်ဆိုပြီး ကျွန်တော့်အိမ်မှာများ လာလုပ်ဦးမလားဟု တွေးမိသေးသည်။

"မနက်ဖြန် မနက်ကျရင် မနက်အစောကြီး ငါက ဘုရားသွားရမှာဆိုတော့ ..."

"အင်း ... ဘာဖြစ်လဲ"

"နယ်ကရောက်လာမယ့် ငါ့အဒေါ်ကို နင် လေဆိပ်မှာ သွားကြိုပေးပါဟာ"

"ဟင် ... နင့်အဖေနဲ့ အမေကရော"

"နင် မသိဘူးလား၊ ဖေဖေ နိုင်ငံခြားသွားတယ်၊ ငါ့မွေးနေ့အမီပြန်လာချင်ပေမယ့် မမီတော့ဘူးတဲ့"

"ဪ ..."

"မေမေက သိပ်နေမကောင်းဘူး၊ ဘုရားတောင် ငါက ဦးလေးနဲ့သွားရမှာ၊ နှစ်စဉ်မပျက်ဘဲ သွားနေကျဆိုတော့"

"ရပါတယ်၊ အဲလောက်ကြီး ရှင်းပြနေစရာ မလိုပါဘူး"

"အေး ... ငါသိပါတယ်၊ ငါ့သူငယ်ချင်း မိုးတိမ်က အရမ်းစိတ်ဓာတ်ကောင်းတာလို့"

"ဟား ဟား ... မဖားနဲ့၊ ပုံမှန်ဆက်ဆံပါ လျှံရာ"

"ပုံမှန်ပါပဲ၊ တကယ် တကယ်ကျေးဇူးနော်၊ ကြိုပြီး ငါ့အိမ်သာတန်းလာခဲ့တော့၊ ပင်ပန်းသမျှ နှစ်ဆကျွေးမယ်"

"ကောင်းပါပြီ"





"ဒါပဲနော်"

"အေး ... အေး ..."

ကျွန်တော် မေမေ့ကို ဖုန်းပြန်ပေးရင်း တစ်လက်စတည်း နှိုင့်တောင်းလိုက်သည်။

"လျှံ့အဒေါ်ကို သွားကြိုပေးရမယ်တဲ့ မေမေ"

"ဘယ်ကလာမှာလဲ"

"နယ်က"

"ဟင် ... သားက သူ့အဒေါ်ကို သိလို့လား"

"ဟာ ... ဟုတ်သားပဲ"

ကျွန်တော်က ကိုယ့်နဖူး ကိုယ်ရိုက်မိတော့ မေမေကရယ်သည်။

"ကဲ ကဲ ... မေးလိုက်ဦး"

ကျွန်တော့် မရွှေလျှံကို ဖုန်းပြန်ဆက်ကာ မေးရ၏။

"ဟာ ... ဟုတ်သားပဲ၊ တော်လိုက်တာ မိုးတိမ်ရယ်၊ နင်က သိပ်သချာတာပဲ၊ ငါ့ဒရိုင်ဘာနဲ့ ဓာတ်ပုံပို့ခိုင်းလိုက်မယ်"

"အေး ... ကောင်းသားပဲ"

တကယ်လည်း ညနေကျ လျှံ့ကားမောင်းသည့် ဦးလေးရောက်လာပြီး ဓာတ်ပုံတစ်ပုံ လာပေးသည်။ နာမည်တောင် ရေးပေးလိုက်သေးသည်။ ဒေါ်ယမင်းခင်တဲ့။ လူပုံစံကတော့ လျှံနှင့် တခြားစီ။ အသားဖြူဖြူ ထောင်ထောင်မောင်းမောင်းနှင့်။ လျှံကတော့ တကယ့်သေးသေးလေး။ ညက်ညက်ကလေး။

ကျွန်တော် မနက်ကျ လေဆိပ်သွားသည်။ မေမေက ကားကို ကျွန်တော်နှင့် ထည့်ပေးလိုက်နိုင်ဖို့ သူ့ရုံးကတစ်ယောက်ကိုခေါ်ကာ မောင်းပေး



www.burmeseclassic.com

www.burmeseclassic.com



စေသည်။ ခါတိုင်းတော့ မေမေကိုယ်တိုင် မောင်းသည်။

လေဆိပ်ကျတော့ လျှံပြောထားသည့် တောင်ကြီးဖလိုက်ဆိုတာကို မေးရသည်။ လေယာဉ်တွေက အများကြီး။ Air Mandalay လား၊ Air Bagan လား၊ Yangon Air Way လားလည်း မသိ။ တစ်စီးပြီးတစ်စီး ဆက်စောင့်နေရသည်။ လေယာဉ်သာ ကုန်သွားရော။ ဘာ ဒေါ်ယမင်းခင်မှ မတွေ့။

ဖုန်းခေါ်ကြည့်တော့မှ လျှံ့ရယ်သံလွင်လွင်လေးကို ကြားရ၏။

"ဟား ဟား ... ပင်ပန်းသွားပြီလား မိုးတိမ် April fool"

ကျွန်တော် ကိုယ့်နဖူးကိုယ် လက်ဝါးနဲ့ ရိုက်မိပြန်ပါသည်။ သေ လိုက်စမ်းပါလား မိုးတိမ်။

"ကဲ ကဲ ...ငါ့အိမ်ပြန်ခဲ့တော့၊ ဒီမှာ အဆင်သင့်ပဲ၊ လူလည်းစုံနေပြီ"

"နင် ငါ့ကို ထပ်အရူးလုပ်ဦးမလို့လား လျှံ"

"မလုပ်ပါဦး၊ တကယ်ပါ၊ ဒီမှာ ငုဝါရှိတယ်"

ငုဝါကို ဖုန်းထိုးပေးလိုက်ဟန်တူသည်။

"မိုးတိမ် လာခဲ့တော့၊ ငါတို့စောင့်နေပြီ"

"ဟင် ...နင်တို့ကကျ ဘာမှမဖြစ်ဘူး၊ ငါ့တစ်ယောက်တည်းရွေးပြီး လျှံက အရူးလုပ်တာလား"

"နင့်ကိုမှ ချစ်လွန်းလို့ April fool ရွေးလုပ်တယ်ထင်ရင် မှားသွားမှာပေါ့ မိုးတိမ်ရယ်၊ လာခဲ့ပါ နင့်ဇာတ်လမ်းကို ငါတို့ ကြားရအောင်လေ ငါတို့ ဇာတ်လမ်းတွေလည်း နင် ကြားရမှာပေါ့"

"သြော် ... ဒီလိုလား"

"ဒီလို"





ကျွန်တော် ဖုန်းချပြီး ကားကို မေမေ့ရုံးပဲ ပြန်ခိုင်းလိုက်ကာ ကျွန် တော်က လျှံတို့အိမ်နှင့် အနီးဆုံးနေရာမှာ ဆင်းနေခဲ့လိုက်သည်။ မေမေ ကိုတော့ နောက်မှ ရှင်းပြတော့မည်။ လျှံ့အိမ်ရောက်တော့ အားလုံးက ဝမ်းသာအားရ ဆီးကြိုကြသည်။

"မင်းက တာဝန်အကျေဆုံးပဲ"

ဖိုးသကြိန်က ထိုသို့ပြော၏။

"ဘာတာဝန်လဲ၊ ဘာကျေတာလဲ"

"ငါဆို သင်္ဘောဆိပ်ဆင်းရတယ်၊ ဒါပေမယ့် မင်းလို သင်္ဘောစုံအောင် စောင့်နေရင် ကမ်းနားမှာ အိမ်ထောင်ကျမှာစိုးတာနဲ့ တစ်စီးတည်းနဲ့ ပြန်ခဲ့တာ"

ဖိုးသကြိန်အဖြစ်ကို ကြားရတော့ ကျွန်တော့်မှာ ရယ်ရခက် ငိုရခက်။

ကျွန်တော် ငုဝါဖက် လှည့်ရတော့သည်။

"နင့်ကိုရော ဘယ်သွားခိုင်းလဲ"

"သူ့မွေးနေ့ အလှူတဲ့၊ ဘုန်းကြီးကျောင်းမှာ လုပ်မှာဆိုပြီး ငါတို့ကို ဘုန်းကြီးကျောင်း သွားခိုင်းတာလေ"

"နင်တို့"

"ဟုတ်ပ၊ ငါနဲ့လရောင်၊ အမှန်က ငါတို့ကလိုတာ၊ နင်တို့ဆီ ဖုန်း ဆက်မိရင်ပြီးပြီ၊ ခုတော့ ဘုန်းကြီးကျောင်းမှာ လုပ်နေတဲ့ သူများအလှူ တစ်ခုကို အူကြောင်ကြောင် ဝင်ထိုင်မိခဲ့ပြီးမှ ပြန်လာရတာလေ"

"လျှံ နင်တော်တော် တတ်နိုင်တယ်နော်"

"သြော် ...ငါတော်တာ မဟုတ်ပါဘူး၊ နင်တို့ညံ့တာပါ၊ ဒီလောက်



www.burmeseclassic.com

www.burmeseclassic.com

ရိုးစင်းတဲ့ အကွက်တွေကို နင်တို့က ငါ့ကိုယုံတာကိုး"

"အေးပါ ဒီတစ်ခါတော့ရှိစေ"

ဖိုးသကြန်က ခပ်တည်တည်နှင့် ကြိမ်း၏။

"နောက်တစ်ခါကျ သတိရှိမယ်ပေါ့"

"စောင့်ကြည့်လေ၊ ဒါမျိုးမဖြစ်စေရဘူး"

ဖိုးသကြန်က သူ့ကိုယ်သူ ကတိတွေပေးနေသည်။ သတိတော့ မြဲဖို့လိုတာပေါ့။

"ကဲ ... စားကြရအောင်၊ ဆာရောပေါ့"

"ဆာတာမှ နင့်တောင် အရေခွံ ခွာစားချင်တယ်၊ မသတီလို့"

ဖိုးသကြန်၏ စကားကြောင့် ရယ်ကြရသေးသည်။ ကျွန်တော်လည်း တကယ့်ကို ဆာနေပါပြီ။ မနက်စောစော လေဆိပ်ထသွားတာ ဘာမှ မှ ကောင်းကောင်း မစားရသေးဘဲ။

"လာ မိုးတိမ်ကြိုက်တဲ့ ငါးသလောက်ဥကြော်တွေရှိတယ်"

"တော်ပါ၊ ခုမှလာမချော့နဲ့"

"စိတ်မဆိုးပါနဲ့ဟာ၊ ပျော်လို့စတာပါ"

"ငါက နင့်ကို အဲလိုလုပ်တတ်မယ်လို့ တစ်ခါမှ မထင်ဖူးဘူး"

"ဘယ်သူမှမထင်တဲ့ ထောင့်ကနေ ဖြတ်ဝင်ရတာ ကောင်းပါတယ်"

လျှံက သူ့အဓိပ္ပာယ်နှင့်သူ ပြောတာကို ကျွန်တော်က ကျွန်တော့် အဓိပ္ပာယ်နှင့် ကျွန်တော် နားလည်ထားလိုက်သည်။

လျှံ့မွေးနေ့ ထမင်းပွဲက အဆင်ပြေလှသည်။ ခေါက်ဆွဲကြော်၊ ကြာဇံကြော်၊ မုန်ညင်းနှင့် မှိုကြော်၊ ငါးဥကြော်၊ အသားလုံးချိုချဉ်၊ ငါးပေါင်း ပုစွန်အစိမ်းသုတ် စသဖြင့် စုံလင်လှသည်။ ဘယ်သူမှ ထမင်းမစားကြ





ဟင်းတွေချည်း အားရပါးရ စားပစ်လိုက်ကြသည်။

စားပြီးမှ သတိရတာက လျှံ့အတွက် မွေးနေ့လက်ဆောင် မယူလာခဲ့မိ။ ဖိုးသကြန်ကိုမေးတော့ 'အတူတူပဲ' ဟု ဆိုသည်။ ငုဝါနှင့် မေလရောင်ကတော့ လက်ဆောင်ပါသည်။

"တော်သေးတယ်၊ ဘုန်းကြီးကျောင်းက အလှူက မွေးနေ့အလှူ မဟုတ်လို့၊ မဟုတ်ရင် ဒီလက်ဆောင်ထုပ်ကြီး ပေးခဲ့မိဦးမှာ"

ဟု ငုဝါက သတိတရပြောသည်။

"ပေးခဲ့မိလည်း သူ့အကြောင်းတရားနဲ့ သူပဲ၊ ဘယ်တတ်နိုင်မလဲ"

ကျွန်တော် အဲလိုပြောတော့ လျှံကပြန်မေး၏။

"ဘာလဲ အကြောင်းတရားဆိုတာ"

"ငါနဲ့ ဖိုးသကြန်လိုပေါ့"

"ဟင် ... ဘာဆိုင်လဲ"

"ဆိုင်တယ်၊ အဲဒီအကြောင်းတရားကြောင့် ငါတို့မှာ နင့်ကိုပေးစရာ မွေးနေ့လက်ဆောင် မပါခဲ့ကြဘူး"

"ဟင် ... ဒါတော့ဘယ်ရမလဲ၊ နင်တို့က စားပြီးနေပြီ"

"စားပြီးရင် ပေးရမှာလား"

"ဒါပေါ့၊ မပေးရင် ပြန်ရော်ရမှာ"

လျှံက မျက်လုံးလေး ထောင့်ကပ်ကာ ကပ်ကပ်သပ်သပ် စကားပြော၏။ ဖိုးသကြန်က ကျွန်တော့်ကို အဓိပ္ပာယ်ပါစွာ ကြည့်သည်။ ထို အဓိပ္ပာယ်က သိပ်အခြေအနေမကောင်း။

"လျှံ"

"ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ရုပ်ဝတ္ထုအနေနဲ့တော့ ဘာမှပါမလာခဲ့ဘူး"

"ဟင် ... ဘာလဲဟ"

"စိတ်အနေနဲ့ ပေးလို့ရတာတော့ရှိတယ်၊ ပေးချင်တယ်ဝေါ့ကွာ"

"ဘာလဲ"

"နင် လိုချင်ပါ့မလား မသိဘူး"

ဒီလောက် နိဒါန်းချီနေမှတော့ သိပ်မဟုတ်တော့။

"ဘာလဲ"

"ဘာလို့ထင်လဲ"

"ပြောနော်"

လှျံက ခြေကိုဆောင့်၍၊ နှုတ်ခမ်းကို တမင်စူထားသည်။ ကြည့်လို့ တစ်မျိုးကောင်းပေမယ့် ရယ်ချင်စရာ။

"အာပွား"

"သေလိုက် သေလိုက် ခွေးကောင်"

ဖိုးသကြန် စကားကြောင့် ကျွန်တော်တို့ ဝိုင်းရယ်မိကြသော်လည်း လှျံ့မှာတော့ ဆွေ့ဆွေ့ခုန်လျက်။

"အောင်မာ ... နင်ကပဲ နာရထယ်ရှိသေး၊ ငါ့မှာ ဘဝပျက်ခံပြီး ပေးရမှာ၊ ဘယ်သူ့မှ ပေးဖူးတာ မဟုတ်ဘူး နော် မိုးတိမ်၊ မင်းလည်း ငါ့လိုပဲ ပေးလိုက်ပါလား၊ ငါ့လို စိတ်ခိုင်တယ်ဆိုရင်ပေါ့"

ကျွန်တော် အသံတိတ် ဆဲရေးတော့ ဖိုးသကြန်က ရယ်သည်။ ပြီး ထိုင်ရာမှထကာ လှျံ့နား လျှောက်သွားသဖြင့် လှျံ အထိတ်တလန့်ဖြစ်ကာ ထပြေးမည်ပြင်ဆဲ လှျံ့နားက စာအုပ်တစ်အုပ်ဆွဲပြီး ပြန်ထိုင်နေသည်။

"နင်ကလဲ အဲလောက် ရင်မခုန်ပါနဲ့၊ ငါဆုံးဖြတ်ချက် မကျသေး



---



ပါဘူး"

ဒီတစ်ခါ ဖိုးသကြန်ကို ပွစိပွစိ ရေရွတ်ရသူက လှျံ။

ဘာပဲဖြစ်ဖြစ် ထိုပြီတစ်ရက် လှျံ့မွေးနေ့ကလေးသည် ပျော်စရာ ကောင်းသော အမိပွားယ်များစွာနှင့် ခမ်းနားမြင့်မြတ်စွာ ပြီးဆုံးသွားခဲ့တာ သေချာသည်။ ထုံးတမ်းစဉ်လာ မွေးနေ့ပွဲတွေနှင့်မတူ။ ကွဲထွက်နေခဲ့သည် မဟုတ်လား။

April သည် ကျွန်တော်တို့အတွက်တော့ ထူးခြားသော လတစ်လ ဖြစ်သည်။

April သည် သင်္ကြန်ဆိုသော ကူးပြောင်းခြင်း ကာလဖြစ်ပြီး ငုဝါ တွေလည်း ပွင့်သည့်အပြင် နွေးထွေးသော မီးတောက်ကလေး တစ်ခုလည်း ရှင်သန် မွေးဖွားခဲ့ဖူးလေသည်။

○


www.burmeseclassic.com

www.burmeseclassic.com

## April (II)

ဒုတိယအကြိမ်မြောက် ဧပြီတွင် မွေးနေ့လုပ်သူက 'ငုဝါခိုင်'။ သူမက ဧပြီ (၁၁)ရက်နေ့တွင် မွေးသည်။ ထုံးစံအတိုင်း သူငယ်ချင်းတွေစုပြီး အပြင်မှာ မုန့်သွားစားကြသည်။ ဒီနေ့တော့ သန့်စင်လည်းပါသည်။ နောက်ကျနေသူက 'လျှံ'။

"ဒီဆိုင်ကို သူသိရဲ့လား ငုဝါ"

မေလရောင်က စိတ်ပူစွာပြော၏။

"သိပါတယ် ငါ သေချာမေးထားတာပဲ၊ သိတယ်တဲ့"

"ဒါဆို ဘာများဖြစ်နေလဲ မသိဘူး"

"ငါတို့ ဝင်ရှုလည်ရင် လည်နေမှာပေါ့"

ဖိုးသကြန်က ထိုသို့ဝင်ပြောသဖြင့် ငုဝါက ပြန်မေးသည်။

"ဘာဝင်ရှုလဲ၊ ဘာလုပ်ထားလို့လဲ"





"ဟင် ... ဆယ်ရက်ပဲ ရှိသေးတယ်၊ နင်မေ့ပြီလား၊ ငါတို့ကို သူ အရူးလုပ်ထားတာလေ"

"ဪ ... "

သန့်စင်ကို ငုဝါက ထိုနေ့က အဖြစ်အပျက်တွေကို ပြန်ပြောပြနေသေးသည်။ ထိုစဉ်မှာပင် ဆိုင်ထဲသို့ 'လျှံ' ဝင်လာ၏။ လက်ထဲမှာ အရုပ်အကြီးကြီးတစ်ခုနှင့်။ အရုပ်ကိုမြင်တော့ ပျော်သွားသူက ငုဝါ။ ဖိုးသကြန်ကတော့ နှာခေါင်းရှုံ့ကာကြို၏။

"ဟိုမှာ လာပါပြီ အရူးမ"

"ဘာ ... ဘာပြောတယ်"

လျှံက လေသံမာနှင့် ပြန်မေး၏။

"အရူးမ၊ ဧပြီအရူးမလို့ ပြောတာ"

"နင်မှ အရူး"

"နင်နဲ့ပေါင်းမှတော့ ရူးပြီပေါ့၊ မရူးခံနိုင်မလား၊ ကြာရင် ကိုပင်ရှာဖြစ်မှာတောင် စိုးရတယ်"

ဖိုးသကြန် စကားကြောင့် ချက်ချင်း အမူအရာ ပြန်ပျက်သွားရသူက လျှံ။ အရုပ်ကြီးကို ငုဝါထံထိုးပေးပြီး ခုံမှာထိုင်ချလိုက်ပုံက သူများအတွက်တော့ သိပ်ပြီး မသိသာပေမယ့် ကျွန်တော့်အတွက်တော့ သိသာသလို ခံစားရသည်။ သေချာသည်။ လျှံ့စိတ်ထဲကို တစ်ခုခု ဝင်သွားပြီဆိုတာ။ ထိုတစ်ခုခုသည် 'အရူးမ' ဟု ပြောရုံသက်သက်နှင့်တော့ မဖြစ်နိုင်။ ဒါဆို ဘာလဲ။ ဘာက ဘယ်လိုဆက်စပ်ပြီး ထိုသို့ ဖြစ်သွားစေတာလဲ။

ကျွန်တော် လျှံ့နား သွားထိုင်လိုက်သည်။

"လျှံ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ..."

"နင်ဘာလို့ နောက်ကျနေတာလဲ"

"အရုပ်ဝင်ဝယ်နေလို့"

လျှံက ဒီနေ့ သူ့မွေးနေ့အတွက် ကျွန်တော် လက်ဆောင်ပေးထားသော စပို့ရှပ်နီနီလေးကို ဝတ်ထားသည်။

"နင်နဲ့လိုက်တယ် လျှံ"

လျှံက ပျော့တော့စွာပြုံး၏။

"ဟုတ်လား၊ ငါက နင်ပေးလို့ဝတ်တာ၊ ငါ့ဟာငါဆို ဘယ်တော့မှ အနီမဝတ်ဘူး"

"ဘာလို့လဲ"

"စိတ်ကို ပူလောင်လာစေသလိုပဲ"

"ဟောဗျာ"

"ဟုတ်တယ်၊ လူကိုက မီးလျှံဖြစ်နေပြီးသားလေ၊ စိတ်ကို ထပ်အပူမခံချင်ဘူး"

"ဟာ ... ဒါဆို ခု နင်ပူနေမှာပေါ့"

"ဟင့်အင်း ... နင်ပေးတဲ့အနီကျ ငြိမ်းချမ်းသလို ခံစားရတယ်"

ကျွန်တော့်ရင်ထဲ အေးခနဲ ဖြစ်သွားရသည်။ ဘာနှင့်ဆိုင်သော ခံစားမှုမှန်းတော့ ကျွန်တော်မသိ။ 'လျှံ' မှာ ဒီလိုအတွေးလေးတွေ ရှိနေတာပဲဆိုတာ သိခွင့်ရခြင်းနှင့်အတူ လျှံနှင့် ကျွန်တော်၏ ပတ်သက်မှုက ပိုပြီး လေးနက်သွားသလိုလည်း ခံစားရသည်။

"အဲဒါ ငါ့စေတနာပေါ့"

"ဟင့်အင်း ... မေတ္တာပါ"





ဗုဒ္ဓေါ။ သူမက ရိုးရိုးစင်းစင်းလေးနှင့် အေးအေးညင်ညင်လေး ပြောတာဖြစ်သော်လည်း ကျွန်တော်က ထို 'မေတ္တာ' ကို အလွဲသုံးစား လုပ်လိုက်မိသည် ထင်သည်။ ရင်ထဲမှာ ဖြောင်းတွေ ဆန်ကုန်တော့သည်။

"နင် နေကောင်းရဲ့လား လျှံ"

"ကောင်းပါတယ်၊ ဘာဖြစ်လို့လဲ"

"ခုနက နင် ထိုင်ချလိုက်ပုံက တစ်ခုခုဖြစ်သွားသလိုပဲ"

လျှံက ကျွန်တော့်ကို စူးစူးလေးကြည့်ကာ ပြုံး၏။ ပြီး တိုးတိုးလေး ပြော၏။

"နင် သိပ်တော်တာပဲ မိုးတိမ်"

ဒါဆို သူမ တစ်ခုခုဖြစ်သွားတာ ဝန်ခံသည်ပေါ့။

"နင် ဘာဖြစ်တာလဲ"

"ငါလား ငါ မူးသလိုလို ဖြစ်သွားလို့ပါ၊ ခုကောင်းသွားပြီ"

"တကယ်လား"

"တကယ်"

ကျွန်တော်တို့နှစ်ယောက် အချီအချ ပြောနေချိန်မှာ တစ်ဖက်မှာ အစားအသောက်တွေ မှာနေကြပြီမို့ ကျွန်တော်တို့ကို စိတ်မဝင်စားကြ။ နောက်ဆုံးမှ ငုဝါကမေး၏။

"ဟဲ့ ... နင်တို့က ဘာမှာမှာလဲ"

"မှာထားတာတွေပဲ စားမယ်"

"ဒါဆိုပြီးရော"

ငုဝါက စီစဉ်မှုတွေ ဆက်လုပ်ရန် လှည့်ထွက်သွားတော့သည်။

"နင်သိလား မိုးတိမ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ"

"တစ်ခါတစ်လေကျ ကိုယ့်ဘာသာကိုယ် ရွေးချယ်ရတာထက် သူများ ရွေးချယ်ထားတာနဲ့ ကိုယ့်အကြိုက်တူသွားရင် ပိုပြီး ကျေနပ်စရာကောင်း တယ်"

"အင်း ..."

"သင်္ကြန်အကြတ်နေ့က ဖိုးသင်္ကြန်မွေးနေ့ဆို"

"ဟုတ်တယ်"

"အဲဒီနေ့ သူ ဘာလုပ်ဦးမှာလဲ"

"မသိဘူးလေ"

"ငါက ရေစိုမှာကြောက်တယ်"

"နင့်ကို သင်္ကြန်ရေ ဘယ်သူမှ မလောင်းဘူးလား"

"ငါမှ အပြင်မထွက်တာ"

"သင်္ကြန်ရေက ကျွန်းမာတယ်တဲ့"

"ဟုတ်လား၊ လူကျန်းမာတာလား၊ စိတ်ကျန်းမာတာလား"

မြတ်စွာဘုရား ... ဟု စိတ်ထဲမှ တလိုက်မိသည်။ လူကြီးတွေ ပြော ပြောနေတာ ကြားခဲ့ဖူးပြီး ကိုယ်လည်း မှတ်သားထားခဲ့တာ။ သူ တွေး သလိုဖြင့် တစ်ခါမှ မတွေးဘူးပါ။ ထို့ကြောင့် ကိုယ့်အတွေးနှင့်ကိုယ် ပြန်ဖြေလိုက်သည်။

"လူရော စိတ်ရောပေါ့ လှျံ၊ ရေဆိုတာက လူကို လန်းဆန်းအေးမြ စေနိုင်သလို စိတ်ကိုလည်း အေးချမ်းစေနိုင်တာပဲ၊ သင်္ကြန်ဆိုတဲ့ ကူးပြောင်းမှု ကာလအတွက် အညစ်အကြေးတွေ ဆေးကြောချတဲ့ရေဖြစ်လို့ လူရောဂါ တွေရော၊ စိတ်ရောဂါတွေရော လျော့ကျသန့်စင် သွားစေနိုင်တာမို့ လူရော





စိတ်ရော ကျန်းမာစေနိုင်တာပေါ့"

"ကောင်းတယ်နော်၊ ဒါဆို ငါ ဒီနှစ်သင်္ကြန် ရေစိုခံမှပဲ"

"ငါ လောင်းမယ်လေ"

"လောင်းပေါ့"

"ဟိုနှစ်ယောက်က အစားစားမှာလား၊ စကားများမှာလား"

ဖိုးသင်္ကြန်က စိတ်မရှည်သောလေသံနှင့် လှမ်းမေးမှ ကျွန်တော်တို့ စားဖို့သတိရသည်။ ဒီကောင် ဘယ်အချိန်တည်းက ကြည့်နေမှန်းမသိ။ ကျွန်တော် မသိချင့်ယောင် ဆောင်နေလိုက်သည်။

"စားမှာပေါ့"

ထုံးစံအတိုင်း လုစားကြသည်။ စကားများကြသည်။ စိတ်ကောက် ချင်ဟန် ဆောင်ကြသည်။ ပျော်စရာပင်။

"အကြတ်နေ့ကျရင် ဖိုးသင်္ကြန်မွေးနေ့နော်"

သန့်စင်က သတိတရပြော၏။

ဖိုးသင်္ကြန်က ရှပ်တည်လေးနှင့် ခေါင်းညိတ်၏။

"အေး ...ဟုတ်တယ်၊ ဒါပေမယ့်"

"ဘာ ဒါပေမဲ့လဲ"

"ခုလိုဆုံကြ၊ မွေးနေ့မှာစားကြ၊ လက်ဆောင်ပေးကြနဲ့ ပျင်းစရာ ကြီး"

"ဟင် ...ဖြစ်ရတယ်"

"ပျင်းရင် နင် မလာပါနဲ့လား"

ငုဝါနှင့် မေလရောင်က ချက်ချင်းရန်တွေ့၏။

"မဟုတ်ပါဘူး၊ ငါ့အလှည့်ကျရင် အဲလိုမဖြစ်အောင် လုပ်မလို့ပါ"

www.burmeseclassic.com



ဖိုးသကြန်စကားက အများကြီး တားသွားသည်။ သူ့အလှည့်ကျ ဒီလိုမလုပ်ဘူး ဆိုချင်တာလား၊ ထူးခြားအောင် လုပ်ပေးမယ် ဆိုချင်တာလား မသိ။ အားလုံးက သူ့ကို အကြည့်များနှင့်သာ မေးခွန်းထုတ်ကြသည်။ ဒီတော့လည်း သူ မနေသာ။

"ဩော် ... ငါ့အလှည့်ကျရင် သူများနဲ့မတူအောင် ..."

"ဘုန်းကြီးဝတ်လိုက်ပါလား၊ ကုသိုလ်လည်းရတယ်"

ငဝါက တမင်ဖြတ်ပြော၏။ ဖိုးသကြန်ကလည်း ခပ်တည်တည်ပင် ပြန်ပြော၏။

"ငါလည်း စဉ်းစားပါတယ်၊ နင်တို့ပါ ငါ့ကိုကန်တော့ရင်း အကုသိုလ်တွေ ဆေးကြောလို့ရအောင် စီစဉ်ပေးချင်ပါတယ်၊ ဒါပေမယ့် ..."

"အောင်မယ် ..."

"နင်က ..."

"မတန်မရာတွေ"

လျှံတို့ သုံးယောက်ထံမှ စကားလုံးများက ဖိုးသကြန့်ဆီ ပျံသန်းသွားကြသည်။ ဖိုးသကြန်ကတော့ သူ၏ ဒါပေမယ့်ကို ရအောင်ဆက်၏။

"ကုသိုလ်အတူယူဖို့ဆိုတာက ရေစက်ပါမှဖြစ်တာ"

"ဘာမှမဆိုင်ဘူး"

မေလရောင်က မကျေမနပ် ရေရွတ်၏။

"ဒီတော့ ငါ့မွေးနေ့ကျရင် အရမ်းထူးခြားသွားအောင် နင်တို့ကို ရေတစ်ခွက်စီ ပူဖော်ပြီးလောင်းမယ်"

"အကုန်အကျ သိပ်မခံနဲ့ သူငယ်ချင်း"

ကျွန်တော်ကရွဲ့တော့ သန့်စင်ကပါ အားဖြည့်သည်။





"အေးလေ တစ်ခွက်တည်းနဲ့ အားလုံးစိုအောင် လောင်းလိုက်ရင် ပိုပြီး ရေကုန်သက်သာမှာပေါ့"

"ရတယ်၊ ဘယ်နှစ်ခွက်ကုန်ကုန် သုံးပစ်လိုက်မယ်"

ဖိုးသကြန်၏ စကားကို ငဝါတို့က ဥပက္ခာပြုလိုက်ကြသည်။

"ငါတို့ဟာ ငါတို့ ဆက်စားတာက အဓိပ္ပာယ်ရှိတယ်"

ဟု ဆိုကာ အချိုပွဲသစ်သီးများကို စားနေကြတော့သည်။

ဒီလိုကျတော့လည်း ဖိုးသကြန်မနေနိုင်။

"မိုးတိမ်"

"ဘာလဲ"

"ငါတို့ အဲဒီနေ့ကျ လျှောက်လည်ကြမလား"

မိန်းကလေး သုံးယောက်၏ မျက်လုံးများ ဇွေခနဲ ဖိုးသကြန်ဆီ ရောက်လာသည်။ ဘာမှတော့မပြော။

"ငါမှ ဝါသနာမပါတာ"

"ဒါဆို ရေပက်မလား"

ကျွန်တော်ကငြင်းတော့ သန့်စင်ကမေး၏။ သူ့မှာ ရေပက်ဖို့ မဏ္ဍပ်ပဲ ရှိသလိုလို။

"ဘယ်မှာပက်ရမှာလဲ"

"မဏ္ဍပ်မှာပေါ့"

"အလကားမှမရတာ"

"ရမယ့်နေရာပေါ့ မိုးတိမ်ရာ"

"မွေးနေ့ရှင်က မင်းလား၊ ဖိုးသကြန်လား"

ကျွန်တော် အမြင်ကပ်ကပ်နှင့်မေးတော့ ဖိုးသကြန်က သန့်စင်ကို



www.burmeseclassic.com

www.burmeseclassic.com

ပခုံးပုတ်၏။

"မင်းတော်တယ် သန့်စင်၊ ငါ ခိုင်းသလို ပြောနိုင်တယ်"

ကြားထဲက သန့်စင် ဒေါသထွက်သွားရသည်။

"အရေးထဲ မင်းက"

"အလကား နောက်တာပါကွာ၊ ငါတို့ ဦးလေးခြံမှာ မဏ္ဍပ်ထိုးမှာ အဲဒီကို သွားတာပေါ့"

"အလကားလား"

"အလကားပေါ့၊ ပိုက်ဆံပေးရတဲ့ မဏ္ဍပ်မျိုး မဟုတ်ပါဘူး"

"မင်းက ဘာတာဝန်ယူမှာလဲ"

"အဲဒီနေ့ တစ်နေ့တာ ရှုသမျှလေ၊ သုံးသမျှရေ"

"ဘာ ..."

"သြော် ...အဲဒါတွေတင် မကပါဘူး၊ စားသမျှ သောက်သမျှ အားလုံး ဒါနပြုမှာပါလို့"

"စဉ်းစားဦးမယ်"

လျှံက မျက်စောင်းလေးချိတ်ကာ 'စဉ်းစားဦးမယ်' ဟု ဆိုသဖြင့် ကျန်နှစ်ယောက်ကပါ လှည့်သွားကြသည်။ ဖိုးသကြ်န်တို့ ဒီတစ်ခါတော့ ခံရပြီဟု ကျွန်တော် တွေးနေမိသည်။

ဖိုးသကြ်န်ကို ကြည့်တော့ သူ့အပြစ်နှင့်သူမို့ အောင့်သက်သက်နှင့်။ အတော်ကြာမှ လျှံက ဖိုးသကြ်န်ကိုခေါ်၏။

"ဖိုးသကြ်န်"

"ဘာလဲ"

"ဘာပဲပြောပြော ငါတို့က နင့်ထက်ကြီးကြတယ်"





"ဟင် ...ရက်ပိုင်းလေးကို၊ မိုးတိမ်လို အငယ်ဆုံး မဟုတ်ဘူး"

"နင် မကြားဖူးဘူးလား၊ တစ်နေ့ တစ်ရက် တစ်မနက်ကြီးရင်တောင် ရိုသေရတယ်တဲ့"

မကြားဖူးဘူးဆိုလျှင်လည်း မြန်မာစာဆရာမဖြစ်သော သူ့အမေ သိက္ခာက ရှိသေးသည်။ ကြားဖူးသည်ဆိုပြန်လျှင် ရှိသေနေရဦးမည်။ ကန့်လန့်ကြီး။ သူတို့ မိန်းကလေးသုံးယောက်က ရက်ပိုင်း၊ လပိုင်း ပိုကြီးနေတာကိုက အခိပ္ပာယ်မရှိ။

"နင်တို့က ဘာကိုဆိုလိုချင်တာလဲ"

"ငါတို့ကို အဲဒီနေ့မှာ သက်ကြီးဝါကြီးအနေနဲ့ ခေါင်းလျှော်ပေး၊ ခြေသည်းညှပ်ပေးမယ်ဆိုရင် နင် ကုသိုလ်ရမယ်လို့ ပြောမလို့ပါ"

ဖိုးသကြ်န်တစ်ယောက် မျက်လုံးကြီး ပြူးထွက်လာတာကိုကြည့်ပြီး ကျွန်တော်တို့ ရယ်မိကြသည်။ တစ်သက်လုံးက သူများကိုချည်း မခံချင်အောင် ပြောလာခဲ့သူလေ။ ခုမှ သူများအပြောကြောင့် သူ အခံရခက်နေတာကို ကြည့်ပြီး ကိုယ်ချင်းစာတတ်ကောင်းရဲ့ဟု တွေးမိသေးသည်။

"အိုကေလေ၊ ရတယ် စိတ်ချ၊ ငါ အကုန်တာဝန်ယူတယ် နော် မိုးတိမ်"

"ဟင် ...ငါက ဘယ်ကပါရတာလဲ"

"မင်းကို သက်သေထူတာလေ၊ တော်ကြာ၊ ငါက ပြင်ဆင်ထားပြီးမှ သူတို့က အလျှော်မခံရင် ဘယ်ကောင်းမလဲ"

ဒီလိုကျတော့လည်း သူတို့က ဖိုးသကြ်န်ကို မယုံသင်္ကာ ကြည့်ကြပြန်သည်။ သန့်စင်ကတော့ တဟားဟားနှင့် သဘောတကျ ရယ်နေသည်။ လျှံ့ကိုကြည့်တော့ လျှံလည်းရယ်လို့။


www.burmeseclassic.com

www.burmeseclassic.com

ဝင်လာကာစက 'မူးလို့' ဆိုတာ တကယ်ပဲလား။ ခု ပျောက်သွားပြီလားဟု ကျွန်တော်က တွေးနေချိန်မှာ သူမကတော့ သတိ[illegible]င် ရမှာမဟုတ်။ ဖိုးသကြံန်ကို သူမတို့သုံးယောက်ပေါင်းပြီး ဘယ်လိုတုံ့ပြန်ရမလဲပဲ တွေးနေပေလိမ့်မည်။ ဘာပဲပြောပြော လျှံ့ ရယ်မောပျော်ရွှင်နေတော့ ကျွန်တော်လည်း စိတ်ထဲ ငြိမ်းချမ်းကျေနပ်နေသည်ပဲ။ ဘာလို့လဲလို့တော့ လာမမေးနှင့်။ ကျွန်တော့်မှာ လောလောဆယ် အဖြေအဆင်သင့် ရှိမနေသေး။

တကယ်ပင်။ ထိုနေ့က ကျွန်တော်တို့ နွေအပူကို မေ့နေခဲ့ကြသည်။

○





## April (III)

မနက်စောစော ခြံရှေ့မှ ကားဟွန်းသံ ကြားရသဖြင့် ထွက်ကြည့်ရာ လျှံ့ကို သူမအမေနှင့်အတူ တွေ့လိုက်ရသည်။

"ဘာလဲ လျှံ့"

"လုပ်...ငါတို့ ဖိုးသကြံန်ဆီ စောစောသွားရအောင်"

"ဘာလို့လဲ"

"ရေစိုမှာစိုးလို့"

"ဟင်...ဟိုကျ နင့်ကိုမပက်မှာ ကျနေတာပဲ"

ကျွန်တော့်စကားကြောင့် လျှံ့အမေကရယ်၏။

"ဟုတ်ပါရဲ့ မိုးတိမ်ရယ်၊ သူက တစ်ချိန်လုံး ဒီရေစိုမှာပဲ တွေးပူနေတာ"

"သိပ်မပူပါနဲ့၊ လာ ငါ အရင်လောင်းမယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြောဆိုဆို အိမ်ရှေ့မှာ အသင့်ချထားသော ရေပုံးထဲမှ ရေနှင့် လောင်းချလိုက်သည်။

"ဟာ ... မိုးတိမ်"

စူးစူးဝါးဝါး ထအော်လိုက်သံက ကျွန်တော်ရော အန်တီပါ လန့်သွားရသည်။ ပြီးတော့မှ 'ဟီး' ခနဲ ရယ်ချလိုက်ကာ –

"ဟဲ ... ဟဲ ... မဆိုးဘူး၊ ရေကအေးသွားတာပဲ၊ သိပ်ကြောက်စရာ မကောင်းပါဘူး"

ဟု ပြောနေသဖြင့် ကျွန်တော်တို့မှာ သက်ပြင်းချကာ ပြုံးကြရသေး၏။

"သူက ပြေမှာသာမွေးတာ၊ သကြ်န်ရေဆို ကြောက်မှကြောက်"

"ဒါကြောင့်လေ ဟိုသကြ်န်ကောင်နဲ့ဆို မတည့်တာ"

"အေးပါ ... ဟိုက နင်တို့ကို ခေါင်းလျှော်ပေးဖို့ စောင့်နေတာတဲ့"

"အိုးမည်းနဲ့ထင်တယ်"

လှျံကလည်း အကြောင်းသိချင်းမို့ ပခုံးတွန့်ကာပြော၏။

ကျွန်တော်လည်း အဝတ်အစားလဲ။ အဝတ်ပိုနှင့် ယူစရာရှိတာများကို ကျောပိုးအိတ်ထဲ ပစ်ထည့်ပြီး ထွက်လိုက်လာခဲ့လိုက်သည်။ လှျံ့ကားပေါ်မှာ အရုပ်ကြီးတစ်ရုပ် ပါလာပြန်သည်။

"ဒါ ဟိုကောင့်အတွက်လား"

"အင်း ... သူက တစ်ချိန်လုံး ထကြွနေတတ်တဲ့ကောင်မို့ သူ့ဖို့ Tigger ရုပ် ဝယ်လာတာ"

ငဝါ မွေးနေ့တုန်းက ငဝါ့ကို Pooh ရုပ်ကြီးပေးခဲ့တာ ဖြစ်သည်။ ခု Tigger ရုပ်က Pooh ရုပ်လောက် မကြီးတာကလွဲလျှင် တော်တော်





ကြီးပါသည်။

"ဒီရုပ်ကြီး နင် ဘယ်ကဝယ်လဲ၊ ငါဖြင့် ဘာမှမပါဘူး"

"ကြိုဝယ်ထားတာ"

"ဒါဆို ငါ့အတွက်လည်း ကြိုဝယ်ထား"

"အေး ... တစ်လခွဲကျော်ပဲလိုတာ၊ ဝယ်သင့် ဝယ်ထားရတာပေါ့"

အန်တီက လှျံနှင့် ကျွန်တော့်ကို ဖိုးသကြ်န်အိမ်အရောက် ပို့ပေးပြီး ပြန်သွားသည်။ မပြန်ခင် ကျွန်တော့်ကို ခေါ်မေးသော စကားကြောင့် ကျွန်တော် ခေါင်းခဲသွားရသေး၏။

"သား မိုးတိမ်"

"ဗျာ ..."

"ဒီနေ့ရော ဟို New Year ညကလို သူ့အရင်ကျောင်းက သူငယ်ချင်းတွေ လာဦးမှာလား"

"ဗျာ ..."

"ဒီလူတွေပဲလား"

"ဒီ ... ဒီလူတွေပါပဲ အန်တီ"

"အေး ... အေး ... အန်တီ စိတ်ချမယ်နော်"

"ဟုတ်"

လှျံ့အမေ ထွက်သွားတော့ ဖိုးသကြ်န်က ကျွန်တော့်ကို လာမေး၏၊

"ဘာတဲ့လဲ မိုးတိမ်"

ကျွန်တော် ပြောပြလိုက်သည်။ ဖိုးသကြ်န်က ခေါင်းကို အသာဖွရင်း စိတ်ရှုပ်ဟန်ဖြင့်ပြော၏။

"ငါ မပြောဘူးလား၊ တစ်ခုခုပါပဲဆို"



www.burmeseclassic.com

www.burmeseclassic.com



"အေး ... ခက်တာက ငါတို့ကိုပါ ကြံရာပါထင်မှာစိုးရတာ"

"ခုဆို မထင်လောက်ပါဘူး"

"ဒါပေမယ့် ငါ့အိမ်မှာ လုပ်တဲ့ညက အရင်ကျောင်းက လူတွေပါတာ အန်တီ သိနေတယ်"

"အင်းလေ"

"ငါ့ကို သူ သိနေကြောင်း ပြောပြသွားတာမျိုးလား၊ ဒါမှမဟုတ် ယုံကြည်ရတဲ့ လူတစ်ယောက်အနေနဲ့ မေးတာလား ပြောတာမျိုးလား"

"နှစ်ခုလုံးနေမှာပေါ့"

ကျွန်တော် ခေါင်းကုတ်ရန်ပြင်ဆဲ မေလရောင်နှင့် ငုဝါတို့ သန့်စင်နှင့်အတူ ရောက်ချလာသည်။

"ငါတို့ နှင့်ကို ဝင်ခေါ်သေးတယ်"

"ဟုတ်လား၊ ငါ လျှံနဲ့လိုက်လာတာ"

"အေး ... နှင့်အမေပြောတယ်"

ဖိုးသကြန်က တကယ့်တကယ်ကျ အစီအစဉ်ကောင်းကောင်းလေး စီစဉ်ပေးထားရှာပါသည်။

ရောက်တာနှင့် breakfast အနေနှင့် ကြာဇံချက်ကျွေးသည်။ ပြီးတာနှင့် ကားတစ်စီးနှင့် မဏ္ဍပ်တွေကိုရှောင်ကာ ပတ်ကြည့်ကြသည်။ ရေစိုမှာ ကြောက်ကြသော်လည်း အနည်းနှင့်အများတော့ စိုကြတာပင်။

"စမ်းချောင်းဖက် မသွားတော့ဘူးလား ဖိုးသကြန်"

လျှံက ဖိုးသကြန်ကို လှမ်းမေး၏။

ဖိုးသကြန်က 'လာပြန်ပြီ ဒီစမ်းချောင်း' ဟူသောအကြည့်နှင့် ကျွန်တော့်ကို လှမ်းကြည့်၏။ လောလောလတ်လတ်ကြီး လျှံ့အမေ၏





စကားကို ကြားထားရသူမို့ ကျွန်တော် ဦးအောင်ဝင်ငြင်းလိုက်၏။

"ဟာ ... ဘာမှလည်းမရှိဘဲနဲ့ မသွားပါနဲ့"

"ဘာလို့မရှိရမှာလဲ"

"အင်းလျားဖက်သွားရအောင်လေ၊ ကားကို အဝေးမှာရပ်ပြီး လမ်းလျှောက်မယ်၊ Alpine မှာ စိုင်းစိုင်းခမ်းလှိုင် ရှိတယ်တဲ့"

"ဟာ ... ဟုတ်လား၊ သွားမယ်"

ကျွန်တော့် ဆွဲဆောင်မှုက အောင်မြင်သည်။ ငုဝါနှင့် မေလရောင်က စိုင်းစိုင်းခမ်းလှိုင်ဆိုတာနှင့် ကျွန်တော့်ဖက် ပါလာပြီ။ ဖိုးသကြန်ကလည်း ဝမ်းသာအားရ ထောက်ခံသည်။

"အေး ... ကောင်းတယ်၊ သွားမယ်"

အားလုံးနှင့် တစ်ယောက်မို့ လျှံ ငြိမ်သွားသော်လည်း သိပ်ကျေနပ်ပုံတော့မရ။ လျှံ့ပုံစံက အနည်းငယ် ငြိမ်သက်သွားသည်။

လျှံတစ်ယောက် ဒီကျောင်း၊ ဒီသူငယ်ချင်းနှင့် ဒီနေရာကို ဒီလောက်သံယောဇဉ်ရှိနေတာ ဘာကြောင့်လဲ။ ဒီလောက်မှန်းသိသိနှင့် လျှံ့အမေကရော ဘာလို့ ကျောင်းပြောင်းစေခဲ့တာတဲ့လဲ။ အကြောင်းတစ်ခုခုရှိမှာသိသိနှင့် ထိုတစ်ခုခုသည် လျှံ့ကို ထိခိုက်နာကျင်စေသော တစ်ခုခု ဖြစ်နေမှာကို စိုးနေမိပြန်သည်။

နေ့လည် တစ်နာရီခွဲကျော်ကျော်မှာ ထမင်းပြန်စားကြသည်။ ဖိုးသကြန်ပင် တစ်စုံတစ်ခုကို ရိပ်မိသလို လျှံ့ကို ဂရုစိုက်နေရှာသည်။

"စားလေ လျှံ၊ နင် ကြိုက်တယ်မဟုတ်လား"

ကြက်ကင်များကို လျှံ့ထဲ ထည့်ပေးနေတာမို့ မေလရောင်က အောင်တာအံ့တသြ။



www.burmeseclassic.com

www.burmeseclassic.com



"တော်ပြီ ဖိုးသကြ်န်၊ ငါ မစားနိုင်တော့ဘူး"

"စားစမ်းပါ၊ ငါနင်တို့ကို ခေါင်းလျှော်ပေးဖို့ အိုးမည်းရှာနေတာ အဆင်မပြေလို့ အဲဒီအစီအစဉ် မရှိတော့ပါဘူး၊ စားပါ"

ဒီလိုကျတော့ လှျံ ခပ်ဖွဖွရယ်သည်။

ညနေကျတော့ ဖိုးသကြ်န်တို့ အိမ်ရှေ့မှာ ဗိုင်းဖွဲ့ကာ မုန့်လုံးရေပေါ် လုပ်ရင်း ရယ်ကွက်ထဲဝေကြသည်။ မုန့်လုံးတွေကိုလုံးရင်း၊ မုန့်ပွဲများကို ပြင်ရင်း စကားပြောကြ၊ စကြ၊ ရန်ဖြစ်ကြသော်လည်း ဖိုးသကြ်န်အဖေ နှင့် အမေ ရှိနေတာမို့ သိပ်တော့မဆိုးရဲကြ။ ဆရာမ (ဖိုးသကြ်န်အမေ)က လှျံ့ကိုမေးသည်။

"လှျံက အရင်က ဘယ်ကျောင်းက ပြောင်းလာတာလဲ"

"စမ်းချောင်း၊ အ.ထ.က ( )ကပါ"

"သြော် ... အဲဒီကျောင်းလား၊ ဆရာမသူငယ်ချင်းတောင် ရှိသေးတယ်၊ ဒေါ်ဝင်းဝင်းမြင့်တဲ့ သိလား"

"ဟုတ် ... သိပါတယ်၊ ကိုးတန်းတုန်းက လှျံတို့ အတန်းပိုင်ဆရာမပါ"

"သြော် ... ဟုတ်လား၊ အဲဒီကျောင်းလည်း ကောင်းတာပဲ၊ လှျံက ဘာလို့ပြောင်းလာတာလဲ"

"မေမေက ပြောင်းခိုင်းလို့ပါ"

"သြော် ..."

ဆရာမက ဘာမှဆက်မမေးတော့ပါ။ မေမေက ဘာလို့ပြောင်းခိုင်း တာလဲဲဟု ဆက်မေးရလောက်အောင်လည်း ဆရာမက လူမှုရေး မသိသူမှ မဟုတ်ဘဲ။





"ပျော်စရာကြီးနော် မိုးတိမ်"

"ဘာကိုလဲ"

"မုန့်လျှောက်ဝေရတာလေ၊ မစားရတဲ့သူတွေကို ကျွေးရရင် ပိုပျော် စရာကောင်းမှာ"

"အင်းနော်၊ ကုသိုလ်လည်း ပိုရတယ်"

"ငါတို့ ပိုတဲ့မုန့်တွေ စတုဒိသာ လုပ်ပစ်လိုက်ရအောင်"

"အေး ... ဆရာမကိုပြောပြီး လုပ်တာပေါ့"

"ပြီးတော့ ..."

"ဘာလဲ"

"မုန့်လုံးရေပေါ်ကို ကြိုက်တဲ့သူတစ်ယောက် ရှိသေးတယ်"

"ဟုတ်လား ဘယ်သူလဲ"

လှျံ ချက်ချင်းမဖြေ။ လက်မလေးကိုက်ပြီး ငေးနေသေးသည်။ ပြီးမှ –

"ငါ့အမေ ထင်တယ်"

ဖြေပုံက ထင်တယ်တဲ့။ ကျွန်တော် သူမကို တအံ့တသြကြည့်တော့ လှျံက ရယ်သည်။

"အဟီး ... အလကားပြောတာ၊ အမေကြိုက်တာ အဖေမဟုတ်ဘူး"

"ဒါဆိုယူသွားလေ"

"နင်ပေးနေပုံက နင့်ဟာကျနေတာပဲ"

"ဆရာမကလည်း ငါ့ဆိုပေးမှာပါပဲ"

"မတူဘူးလေ"

"တူတယ်"

"မယူတော့ပါဘူး၊ ထားလိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ ပေးလိုက်ပါ့မယ်"

"ရတယ်၊ ငါတို့ စတုဒီသာလုပ်မှာလေ၊ ထားလိုက်"

ကျွန်တော် လှျံ့ကို နိုင်အောင်မပြောနိုင်တော့ပါ။ သူ့ သဘောအတိုင်း ထားပေးလိုက်သည်။ ပြန်တော့မှ ကားပေါ်တင်ပေးလိုက်တော့ သူ ဘာ တတ်နိုင်မှာမို့လဲ။ မုန့်လုံးရေပေါ် ဆိုတာကလည်း ကြာနီမှ ပိုစားလို့ အရသာရှိတာ မဟုတ်လား။

မုန့်လုံးရေပေါ်တွေကို တစ်လုံးမှမကျန်အောင် လမ်းသွားလမ်းလာ မှန်သမျှ ခေါ်ကျွေးလိုက်တာ ကုန်ရောပင်။ အားလုံးပြီးတော့မှ ညနေစာ ကို စုစားကြသည်။ သကြန်ထမင်းနှင့် ငါးခြောက်ထောင်းကြော်။ ဒါမျိုး တစ်ခါမှ မစားဖူးတာမို့ အားလုံးက အထူးအဆန်းသဖွယ် စားကြသည်။ ငါးခြောက်ထောင်းကြော်ကလည်း မွှမွှလေးနှင့် စားကောင်းနေ၏။

"မဆိုးပါဘူး ဖိုးသကြန်၊ နင် သူများနဲ့ မတူတာလေးတွေ လုပ် နိုင်သားပဲ"

လှျံက ချီးကျူးတော့ မေလရောင်က နှာခေါင်းရှုံ့၏။

"ဒါ ငါ့အဒေါ် အကြံတွေပါဟာ" တဲ့။

"ဘာပဲဖြစ်ဖြစ်လေ၊ အားလုံး အဆင်ပြေတယ် မဟုတ်လား"

"ပြေပါတယ် တစ်ခုပဲ"

"ဘာလဲ၊ ဘာတစ်ခုလဲ"

"နင်တို့က စိုင်းစိုင်းခမ်းလှိုင်ကို ရွေးလိုက်တဲ့ကိစ္စ"

အားလုံးက ရယ်ကြ၏။ ငုဝါက ရယ်ရင်းပြောသည်။

"ဒါကတော့ attraction က မတူဘူးလေ" တဲ့။

"အေး ... နင်တို့မတူတာက ခွင့်လွှတ်လို့ရပါတယ်၊ ဟိုကောင်တွေက ဘယ်တုန်းက ဖောက်ပြန်သွားလဲ မသိဘူး"





အသားလွှတ်ကြီး ကျွန်တော်တို့ ခံလိုက်ရသည်။ အမှန်က ကျွန်တော် နှင့် ဖိုးသကြန်၏ အကြံက လှျံတစ်ယောက် စမ်းချောင်းဖက် ရောက်မသွား ရေးပင်။

ခဏနေကျ လှျံ့ကား ရောက်လာကာ ပြန်ခေါ်၏။ ကျွန်တော့်ကို သန့်စင်က ပို့မည်ဆိုသဖြင့် ကျွန်တော် လှျံနှင့်မလိုက်တော့။ လှျံ့အမေကို ကားနားထိ လိုက်နှုတ်ဆက်ရင်း မုန့်လုံးရေပေါ်တစ်ထုပ် သီးသန့်ချန်ထား တာကို ထုတ်ပေးလိုက်သည်။

"အန်တီ မုန့်လုံးရေပေါ်"

"မုန့်လုံးရေပေါ်"

လှျံ့အမေက တအံ့တသြ ရေရွတ်၏။ ပြီးမှ –

"သြော် ... သားတို့စားတာ မဟုတ်ဘူး"

"အန်တီကြိုက်တယ်ဆိုလို့ ချန်ထားတာ"

ကျွန်တော့်စကားကြောင့် လှျံက ကျွန်တော့်ကို တစ်မျိုးကြည့်ကာ တစ်ဖက်လှည့်သွား၏။ အန်တီကလည်း တအံ့တသြနှင့်။ ပြီးမှ –

"သြော် ... သြော် ... ကျေးဇူးပါပဲသားရယ်၊ သွားမယ်နော်"

ဟု ဆိုကာ လှျံ့ကို တစ်ချက်လှမ်းကြည့်၏။

စက္ကန့်ပိုင်းအတွင်း ဖြစ်ပျက်ပြောဆိုသွားကြတာ ဖြစ်သော်လည်း ကျွန်တော့်အတွက်ကတော့ ရှုပ်ထွေးကျန်ခဲ့ရ၏။ သေချာတာတစ်ခုက မုန့်လုံးရေပေါ်က လှျံ့အမေ လုံးဝကြိုက်ပုံ မပေါ်ခြင်းပင်။ ဒါဆို လှျံက စကားအရ ပြောသွားခဲ့တာလေလား။ ကျွန်တော် နားမလည်နိုင်ပါ။

○



www.burmeseclassic.com

## May

သကြင်္န်ပြီးကတည်းက ငြိမ်သက်ပြီး ဘာမှလည်း ဟုတ်တိပတ်တိ မလုပ်ကြသော ကျွန်တော်တို့ကို ဖိုးသကြင်္န်အဖေက ကြည့်မရဖြစ်လာပုံ ရကာ အင်္ဂလိပ်စာ ခေါ်သင်ပေး၏။ တစ်ပတ်ကို သုံးရက်။ စနေ၊ တနင်္ဂနွေ၊ တနင်္လာ။ တစ်ရက်ကို နှစ်နာရီခန့် သင်သည်။ တစ်ခါတရံ Lessons ခွေတွေ နားထောင်ခိုင်း၊ ကြည့်ခိုင်းသည်။

"လျှံက အင်္ဂလိပ်စာကို ဝါသနာပါတယ်"

"ဟုတ်လား"

"လျှံ အမှတ်ကောင်းရင် UFL မှာ E-major တက်မယ်"

"ကောင်းမှာပါ"

"မိုးတိမ်ရော"

"ကျွန်တော် မစဉ်းစားထားသေးဘူး၊ ကျွန်တော် ဖြစ်ချင်တာက





တက်လို့မရတဲ့အရာလေ"

"မိုးတိမ်က ဘာဖြစ်ချင်လို့လဲ"

"စာရေးဆရာ"

လျှံက ကျွန်တော့်ကို တအံ့တသြ ကြည့်သည်။

"ဒါပေမယ့် ကျွန်တော် ပညာရပ်တစ်ခုကို သင်မှာပါ၊ သင်ရင်း စာရေးဖို့ ကြိုးစားမယ်၊ ကျွန်တော် ဖတ်ချင်တဲ့စာတွေ ဖတ်မယ်"

"ဒါဆို လျှံနဲ့အတူ E-major တက်ပါလား"

"ကျွန်တော်လည်း စိတ်ဝင်စားပါတယ်"

"ဖိုးသကြင်္န်ကလည်း အမှတ်ကောင်းရင် Englishပဲ တက်မှာတဲ့"

"ဒါက သေချာပါတယ်၊ သူ့အဖေကလည်း အဲလိုပဲ ဖြစ်စေချင် တယ်လေ"

"အဖေက ဖြစ်စေချင်တိုင်း သားသမီးက ဖြစ်ချင်ဦးမှ၊ ဖိုးသကြင်္န်တို့ အဖေက ကံကောင်းတာပေါ့"

"ဟုတ်လား၊ လျှံကရော မိဘဖြစ်စေချင်သလို မဖြစ်ချင်ဘူးလား"

လျှံက ခေါင်းညိတ်၏။ နှုတ်ကမဖြေ။

"လျှံ့မိဘက လျှံ့ကို ဘာဖြစ်စေချင်တာလဲ"

"ထုံးစံအတိုင်းပေါ့၊ ဆေးတို့၊ အင်ဂျင်နီယာတို့ပေါ့"

"ဒါက ထုံးတမ်းစဉ်လာကြီးပါ၊ သူတို့ တကယ်ဆန္ဒရှိတာလည်း ဟုတ်ချင်မှ ဟုတ်မှာပေါ့"

ကျွန်တော့်စကားကြောင့် လျှံကရယ်သည်။

"ဖြစ်နိုင်ပါတယ်"

ထိုစဉ် ဖိုးသကြင်္န် ရောက်လာ၏။

www.burmeseclassic.com

"နင်တို့ ဘာလို့ မြန်မာလို ပြောနေကြတာလဲ၊ အင်္ဂလိပ်လိုပြောလေ"

လျှံက မျက်စောင်းထိုးကာ ပြန်ပြော၏။

"နင်ပဲ အဲဒီစကားကိုအရင် အင်္ဂလိပ်လိုပြောလေ"

"ရတယ်၊ Why don't you speak in English?"

ကျွန်တော်တို့ ရယ်မိကြသည်။ ရယ်ပင် ရယ်ကြသော်လည်း ဖိုးသကြ်န်၏ အသံထွက်နှင့် လေယူလေသိမ်းက ကျွန်တော်တို့နှင့်ကွာတော့ သေချာသည်။ သူ့အဖေ၏ နည်းလမ်းပြမှု ကောင်း၍ဖြစ်လိမ့်မည်။ သူသည် ကျွန်တော်တို့ အုပ်စုထဲတွင် အင်္ဂလိပ်စာကို အမှတ်အကောင်းဆုံး ရအောင် ဖြေနိုင်သူဖြစ်သည်။ ဂုဏ်ထူးထွက်မှာ သေချာလောက်သည်ဟု ပြောနိုင်သူ။

"နင်လည်း UFL မှာ English တက်မှာနော်"

"ထင်တာပဲ အမှတ်မီရင်ပေါ့"

"မီနိုင်ပါတယ်"

"မင်းလည်း ငါတို့နဲ့ လာတက်ပါလား"

ခုနကပဲ အမှတ်မီ မမီ စဉ်းစားနေပြီး ခုကျ သူပဲ တကယ်တက်ရတော့မှာလိုလိုနှင့် ကျွန်တော့်ကို ခေါ်သည်။ ကျွန်တော် စိတ်ဝင်စားသော်လည်း ခုထိမဆုံးဖြတ်ရသေး။

"စဉ်းစားနေပါတယ်"

လျှံကတော့ ကလေးအတွေးနှင့် "ငါတို့အားလုံး တစ်ကျောင်းတည်း အတူတူ ဆက်တက်ရရင် ကောင်းမှာပဲ" ဟု ရေရွတ်သည်။

ဒါကို ဖိုးသကြ်န်က –





"တက္ကသိုလ်တွေဆိုတာ ကျယ်ပြန့်တယ်"

"အင်းလေ ..."

"ကျောင်းပေါင်းစုံ၊ နယ်ပေါင်းစုံက လူတွေဆုံကြတာ"

"အင်း ..."

"နင်လည်း နင့်အရင်ကျောင်းက ချစ်သောသူငယ်ချင်းတွေနဲ့ ပြန်တွေ့နိုင်တာပေါ့"

"အင်း ... အဲဒါဘာဖြစ်လဲ"

"ဘာမှမဖြစ်ပါဘူး၊ နင်များ သိပ်တွေ့ချင်မလားလို့"

ဖိုးသကြ်န်၏ ဆိုလိုရင်းကို ကျွန်တော်က ရိပ်မိသော်လည်း လျှံက တလွဲတွေး၏။

"ဘာလို့တွေ့ချင်ရမှာလဲ၊ နင်က ရွှေစင်ကို တွေ့ချင်တာ မဟုတ်လား"

"ဟင့်အင်း ... မြတ်သစ်ကို"

ကန္တဲ့ကလျ လေသံလေးနှင့် ဇာခင်ပြောလိုက်ခြင်း ဖြစ်တာကြောင့် လျှံကရယ်သည်။ တွေ့ပတ်ပြောနေလျှင် ရောက်တော့မှာ မဟုတ်ဘူးဆိုတာ နားလည်ရိပ်မိသွားသော ဖိုးသကြ်န်က ဦးတည်ချက် ပြောင်းတော့၏။

"ဘာပဲပြောပြော ငါတို့ ဆယ်တန်းအောင်ပြီဆိုရင် လူကြီးတစ်ဆင့်ဖြစ်ပြီ"

"ဟင် ... နင့်ကို ဘယ်သူပြောလဲ"

"လူဆိုတာ ကိုယ့်ပြဋ္ဌာန်းချက်နဲ့ ကိုယ်နေရတယ်ကွ၊ သူများ ပြဋ္ဌာန်းချက်တွေနဲ့ ဘာလို့ အသက်ရှင်မှာလဲ"

ဟုတ်သလိုလိုမို့ လျှံက မျက်ဝန်းအဝိုင်းသားလေးနှင့် နားထောင်


www.burmeseclassic.com

www.burmeseclassic.com

နေသော်လည်း ကျွန်တော်ကတော့ ရယ်ချင်နေသည်။

"အဲဒီတော့ ဘာဖြစ်လဲ၊ ဆက်ပါဦး ဖိုးသကြ်န်"

"ကိုယ့်ဆုံးဖြတ်ချက်တွေကို ကိုယ်တိုင်ချလို့ရပြီ"

"အင်း ..."

"ကိုယ့်ရည်မှန်းချက်တွေကို အကောင်အထည် စဖော်ရတော့မယ်"

"အင်း ..."

"ဒီတော့ ပထမအဆင့်အနေနဲ့"

"ဘာလုပ်မှာလဲဟင်"

"ရည်းစားထားမယ်"

"ဗုဒ္ဓေါ ..."

မြင့်မားလှသော ရည်မှန်းချက်ကြောင့် လျှံ မျက်လုံးအပြူးသားနှင့် ဘုရားတကာ ကျွန်တော့်ကို လှမ်းကြည့်၏။ ဖိုးသကြ်န်ကတော့ ဦးတည်ချက် အပျက်မခံ။

"နင်က ဘာဖြစ်တာလဲ"

"နင့်ရည်ရွယ်ချက်က ကြီးလွန်းတာကိုး"

"နင့်မှာရော အဲလိုရည်ရွယ်ချက် မရှိဘူးလား"

"မရှိပါဘူး"

"ရှိခဲ့ဖူးပြီလား"

"မရှိခဲ့ဖူးပါဘူး"

"ဟုတ်လို့လား"

"ဘာလို့မဟုတ်ရမှာလဲ"

"အရင်ကျောင်းမှာလေ"





"ဘာအရင်ကျောင်းမှာလဲ"

လျှံလေသံက စိတ်မရှည်သံပေါက်လာပြီ။

"နင့် ရည်းစားဟောင်း"

"ဟင် ... ဘာရည်းစားဟောင်းလဲ၊ ဘာမှမရှိဘူး"

"ဘာမှမရှိဘူး ဟုတ်လား"

"ဘာလို့မဟုတ်ရမှာလဲ"

"ဒါဆို နင် ခုထိ တစ်ခါမှ ရည်းစားမရှိခဲ့ဖူးဘူးပေါ့"

"ဒီကိစ္စကို နင်ပဲစဉ်းစားနေတာ၊ ငါတို့မပါဘူး"

"နင်က မစဉ်းစားသေးဘူး"

"ဒါပေါ့"

"ဒါဆို နင် လျှောက်လွှာလက်ခံတယ်ပေါ့"

ပထမတော့ လျှံ နားမလည်။ နောက်မှ သဘောပေါက်ကာ ထအော်တော့၏။

"သေတော့မယ် ခွေးကောင်၊ နင့်လိုမှတ်လို့လား"

"ဩော် ... ငါ့ကို လျှောက်လွှာတင်မယ့်သူတွေ ရှိတယ်ပေါ့၊ နင်တော့ မပါလောက်ပါဘူးနော်"

"တော် တော် ... နင်နဲ့ စကားမပြောတာကောင်းတယ်"

ဖိုးသကြ်န်နှင့် အဆင်မပြေတော့သဖြင့် ကျွန်တော့်ဖက်လှည့်လာသော လျှံ့ကို ကျွန်တော်လည်း အားမနာ လျှာမကျိုး မေးခွန်းထုတ်ရတော့သည်၊ လမ်းက သင့်နေချိန်မှာမှ မလျှောက်လျှင် ဘယ်တော့မှ လျှောက်ဖြစ်တော့မှာ မဟုတ်။

"လျှံ"


www.burmeseclassic.com

www.burmeseclassic.com



"ဟင် ..."

"ဒါဆို နင့်ကို ဘာလို့ အိမ်က ကျောင်းပြောင်းပေးလိုက်တာလဲ"

ကျွန်တော့်မေးခွန်းကြောင့် ကျွန်တော့်ကို လှျံ ကြောင်ကြည့်နေသေးသည်။ ပြီးမှ အသိဝင်သွားသူလို တအံ့တဩပြော၏။

"ဩော် ... နင်တို့က ငါ့ကို တစ်မျိုးထင်နေတာလား"

"တစ်မျိုးဆို နည်းတာပေါ့ လှျံရယ်၊ စုံစုံလင်လင်လေးတောင် ထင်ရမှာ၊ မအားလို့"

ဖိုးသကြ်န်က ထိုသို့ဝင်ပြော၏။ လှျံက သက်ပြင်းကို အသာချရင်း မျက်စောင်းထိုး၏။

"ငါ့ကို ဘာလို့ ကျောင်းပြောင်းပေးကြတာလဲဆိုတော့ အကြောင်းရှိတယ်"

အရေးထဲ တုံ့ဆိုင်းဆိုင်းလုပ်နေ၍ ဖိုးသကြ်န်က **ခေါင်းခါသည်။**

"အကြောင်းရှိမှန်းသိလို့ မေးနေတာလေ"

"အဲဒီနားက - မပဌာနဲ့ ပတ်သက်မှာစိုးလို့"

"ဟင် ... လာပြန်ပြီ မပဌာ"

ကျွန်တော်နှင့် ဖိုးသကြ်န် ပြိုင်**တူအော်လိုက်မိကြ**သည်။ သို့သော် မျက်ယွင်းပြိုလုလုဖြစ်နေသော **လှျံ့မျက်နှာ**ကြောင့် ကျွန်တော်တို့ ပြိုင်တူ ရပ်လိုက်ကြရ၏။

"ဘာ ... ဘာဖြစ်တာလဲ လှျံ"

"ဘာမှမဖြစ်ဘူးသာဆိုတယ်၊ နင့်ပုံစံက အထိတ်တလန့် နိုင်လိုက်တာ၊ ခုပဲ တစ်ခုခု ဖြစ်တော့မလိုနဲ့"

လှျံက အားဖျော့စွာပြုံးသည်။ ကျွန်တော့်ကို ပြန်အားပေးနေပုံနှင့်။





"မဟုတ်ပါဘူးဟာ၊ ငါ့စိတ်ထဲ သူ့ကို သတိရသွားလို့ပါ"

"သူ့ကို"

"ဟုတ်တယ်"

"မပဌာကိုလား"

ဖိုးသကြ်န်က တအံ့တဩဝင်မေး၏။

"ဟုတ်တယ်"

"နင်နဲ့ မပဌာနဲ့က ဘယ်လိုပတ်သက်လို့လဲ"

လှျံက ကျွန်တော်နှင့် ဖိုးသကြ်န်ကို မျက်ဝန်းအကြောင်သားလေးနှင့် ကြည့်သည်။ ပြီး စာသင်ခန်းထဲ ဘယ်သူဝင်လာသေးသလဲ လှမ်းကြည့်သည်။ သေချာမှ တိုးတိုးလေးဖြေသည်။ သို့သော် ထိုဖြေသံတိုးတိုးလေးက ကျွန်တော်တို့အတွက်တော့ ကျယ်လောင်သော ပေါက်ကွဲမှုတစ်ခုပမာ။

"သူ ... သူက ငါ့အမေတော့"

စက္ကန့် အတော်များများ မင်သက်သွားမိသလို ခေါင်းထဲလည်း ခုနက ဖိုးသကြ်န်ပြောသလို စုံစုံလင်လင်တွေကလည်း ထင်စရာ မြင်စရာ ကောင်းအောင် ဝင်ချလာတာမို့ ကပျာကယာ ပယ်ချလိုက်ရသေးသည်။ လှျံ့စကားလောက် ဘယ်မှာ သေချာနိုင်မှာမို့လဲ။ ကျွန်တော့်မေးခွန်းတွေ စတော့သည်။

"ဒါဆို ခု နင့်အဖေနဲ့ အမေက"

"သူ ... သူတို့က ငါ့ကို မွေးစားတာတဲ့"

"ဘယ်သူကပြောတာလဲ၊ နင့်အမေကလား"

"ဟင့်အင်း ... မေမေကတော့ သူ မွေးတာတဲ့"



www.burmeseclassic.com

www.burmeseclassic.com

“နှင်. ငယ်ငယ်တည်းက ဘယ်သူနဲ့ နေခဲ့တာလဲ”

“မေမေနဲ့”

“ခု နှင့်အမေလို့ပြောတဲ့ မပဥ္စာကရော”

“သူနဲ့က ငါ နှစ်တန်းရောက်မှတွေ့တာ”

“ဘာလို့ အဲဒီတော့မှ တွေ့တာလဲ”

ကျွန်တော်လည်း စိတ်ပေါက်ပေါက်နှင့် မေးချင်ရာ မေးနေမိတာ၊ မေးခွန်းက ဘာအဓိပ္ပာယ် ထွက်နေမှန်းမသိ။ ဖိုးသကြ်န်က အတည်ပေါက်နှင့် ဝင်ဖြေမှ ရယ်မိကြတော့သည်။

“ရေစက်က အဲဒီကျမှစတာ” တဲ့လေ။

ပြီးမှ မျက်မှောင်ကြုတ်ကာ ဖိုးသကြ်န်က မေးသည်။

“သူက ရူးနေတာဆို”

“အင်းလေ ...”

“ဟင် ... အဲဒါများ နှင်ကယုံလား”

“အရင်က သူက အဲလိုမဟုတ်သေးဘူး”

“ဆိုလိုတာက”

“မရူးသေးဘူး ထင်တာပဲ”

“နှင်က ဘာလို့ထင်တာလဲ”

“သူ ငါ့ကိုဆက်ဆံတာက အရမ်းသိမ်မွေ့တယ်၊ တကယ့် အမေရင်း တစ်ယောက်လိုပဲ ပြီးတော့..”

“ပြီးတော့ ဘာဖြစ်လဲ”

“ငါ့ရင်ထဲက ခံစားလို့ရတယ်”

ထိုစကားကြောင့် ကျွန်တော် ဖြတ်မေးမိသည်။





“ခု နှင့်အဖေနဲ့ နှင့်အမေ ချစ်တာကိုရော နှင်က မခံစားရလို့လား”

“အဲလိုတော့ မဟုတ်ဘူးလေ”

“လူတစ်ယောက်မှာ အမေနှစ်ယောက် မရှိနိုင်ဘူး၊ ရှိလည်း တစ်ယောက်ကပဲ အရင်းဖြစ်မှာ”

“ဒါတော့ နှင်ပြောမှလား”

“အေးလေ၊ ငါပြောမှသိမယ့်အရာ မဟုတ်ပေမယ့် နှင် မေ့နေမှာစိုးလို့”

“ဘာလဲ မိုးတိမ်၊ နှင်က ငါပြောတာကို မယုံလို့လား”

“နှင်ပြောတာကို ယုံပါတယ်၊ ငါ မယုံချင်သေးတာက”

“ဘာကိုလဲ”

“အဲဒီဖြစ်စဉ်တွေကို”

လျှံ ဘာမှပြန်မပြော။ တွေတွေလေး ငေးနေသည်။

“ကဲ ... ထားတော့၊ ဒါကို ငါ ပြန်သုံးသပ်ပေးမယ်၊ ပြီးရင် အဖြေဘယ်လိုရှာရမလဲဆိုတာ စဉ်းစားမယ်”

“မင်းက ဘာအဖြေကိုရှာမှာလဲ မိုးတိမ်”

ဖိုးသကြ်န်က ဝင်မေး၏။

“ဘာအဖြေကို ရှာရမှာလဲ၊ လျှံ့ ခံစားချက်ဟာ အစစ်လား အတုလားဆိုတာ”

“ဟင် ... ခံစားချက်ပဲ အစစ်အတု ရှိသေးလား”

“ရှိတာပေါ့၊ လူတွေဟာ တစ်ခါတလေကျ အခြေအနေပေါ် မူတည်ပြီး တွေ့ကြုံရမှုတွေကို ခံစားချက်အစစ်လို့ ထင်တတ်ကြတယ်”

“ဟင် ... လူကြီးစကားကြီး၊ နောက် သုံးလေးနှစ်နေမှ ပြောပါလား၊



www.burmeseclassic.com

www.burmeseclassic.com



ငါ လက်ခံလို့ရအောင်”

ဖိုးသကြန်က ဝင်နှောက်၏။ မတတ်နိုင်။ ကျွန်တော့် ဦးနှောက်က နောက်သုံးလေးနှစ်ထိ စောင့်ဖို့လက်မခံတော့။ ကျွန်တော်ကိုယ်တိုင်လည်း ဒီကိစ္စကို မဖြစ်နိုင်တာဟု ပြောမထွက်နိုင်သေးသလို ဖြစ်နိုင်တယ်ဟုလည်း လက်ခံစရာအကြောင်း မရှိသဖြင့် စဉ်းစားရဦးမည်။ အချိန်ယူကာ စဉ်းစားရဦးမည်။

လျှံ့ကတော့ ကျွန်တော့်ကို အားကိုးတကြီးနှင့် ကြည့်သည်။

“နင် ဘာလုပ်ပေးမှာလဲ”

“ငါ စဉ်းစားဦးမယ်”

လျှံ့က ကျွန်တော့်အဖြေကို ကျေနပ်ပုံမပေါ်။ သူမဘာသာတော့ သေချာနေပုံနှင့်။ ထိုစဉ် စာသင်ဖို့ ငုဝါနှင့် လရောင် ရောက်လာကြသဖြင့် စကားစကို ဖြတ်လိုက်ကြသည်။ တိုက်တိုက်ဆိုင်ဆိုင် ထိုနေ့က ဖိုးသကြန် အဖေ ရေးခိုင်းသော အက်ဆေးခေါင်းစဉ်က 'Mother' တဲ့။

○





## June (I)

“ခုလို မိုးတွေရွာပြီဆိုရင် ကျောင်းတက်ခဲ့ရတဲ့ အချိန်ကိုလွမ်းတယ်”

လျှံ့ စကားကို ငုဝါနှင့် လရောင်က ထောက်ခံသည်။

“ဟုတ်တယ်နော်”

“ခုကျ ငါတို့က ကျောင်းမတက်ရသေးဘူး၊ ပျင်းစရာကြီး၊ တက္ကသိုလ် တက်ချင်လှပြီ”

ကျွန်တော်ကတော့ လျှံ့တစ်ယောက် အရင်ကျောင်းဟောင်းက မပဒ္မာဆိုသည့် သူမအမေဟု ပြောသူကို သတိရတာ ပိုလိမ့်မည်ဟု တွေးမိသည်။ ခုချိန်မှာ ကျွန်တော့်တွင် အကြံတစ်ခုရှိသဖြင့် လျှံ့ကို မေးထားသည်။ လျှံ့ရယ်၊ သူမအဖေရယ်၊ အမေရယ်၊ ဘာသွေးအမျိုးအစားလဲဟု။ လျှံ့က သဘောပေါက် နားလည်လွယ်သည်။ မှတ်ပုံတင်ထဲက သွေးအမျိုးအစားကို ကြည့်ပေးမည်ဟုဆိုသည်။ ခုတော့ လူစုံနေသဖြင့် သူမ ဘာမှမပြောသေး။

www.burmeseclassic.com

“လာပါကွာ၊ စာသင်ပြီးပြီပဲ၊ လက်ဖက်ရည်ဆိုင် သွားထိုင်ရအောင်”

လှျံ့ အကြံကို ကျွန်တော်တို့က သဘောကျသော်လည်း ငုဝါနှင့် လရောင်က သိပ်အထာမကျ။ သူမတို့က လက်ဖက်ရည်မသောက်။

“ကော်ဖီဆိုင် ထိုင်ရအောင်ပါဟာ”

“လက်ဖက်ရည်ဆိုင်က လွတ်လပ်တယ်ဟ”

“ကော်ဖီဆိုင်လည်း လွတ်လပ်ပါတယ်”

“လက်ဖက်ရည်ဆိုင်မှာလည်း ကော်ဖီရတာပဲ”

“ကော်ဖီဆိုင်မှာလည်း လက်ဖက်ရည်ရတာပဲ”

“အာ ... အဲလို lipton tea ပျော့ပျော့ကို မသောက်ချင်ပါဘူး”

“ငါတို့ကလည်း ကော်ဖီမှ သောက်ချင်တာလေ၊ ကပ္ပချီနိုတို့ အက်(စ)ပရက်စိုတို့ ...”

ဆက်ငြင်းနေလျှင် ပြီးမှာမဟုတ်သဖြင့် ကျွန်တော်ပဲ ကြားဝင်ရသည်။

“ကဲ ... တစ်လှည့်စီ ထိုင်ရအောင်၊ ဒီနေ့ ဘယ်ဆိုင်စမလဲဆိုတာ မဲနှိုက်မယ်”

ဖိုးသကြန်က သွက်လက်စွာ မဲလိပ်လုပ်စဉ် လရောင်က စူပွပွပြော၏။

“အမှန်က နှစ်မဲ၊ တစ်မဲနဲ့ လှျံက ရှုံးနေပြီ”

“ဟင် ... ဒီနှစ်ကောင်က သက်မဲ့ကြီးလား”

ကျွန်တော်လည်း စိတ်ပေါက်ပေါက်နှင့် ပြောလိုက်မိသည်။

“နင်တို့နှစ်ယောက်က ကြားနေလေ”

“အင်းလေ ... ကြားနေပြီး မျှတအောင် ဆုံးဖြတ်နေတယ်လေ၊ တိတ်တိတ်နေ”

မဲလိပ်နှစ်လိပ်ကို ရှေ့ချပေးတော့ လရောင်က အရင်ရွေး၏။ လှျံ





က ကျန်တာကိုယူသည်။

“ဘာလဲဟ၊ မနက်ဖြန်ဆိုတာ”

လရောင်က နားမလည်သလို သူ့မဲလိပ်ကို ဖြန့်ကြည့်ရင်းကမေး၏။

“ဘာရမှာလဲ၊ မနက်ဖြန်ဆိုတာ tomorrow ပေါ့”

လှျံကလည်း ဇဝေဇဝါနှင့်။

“ငါက ဒီနေ့တဲ့”

ကျွန်တော် စိတ်မရှည်တော့ပါ။

“တုံးလိုက်တာ၊ လှျံက ဒီနေ့ဆိုတော့ လက်ဖက်ရည်ဆိုင် ဒီနေ့ဆိုင်၊ နင်တို့က မနက်ဖြန်ဆိုတော့ ကော်ဖီဆိုင် နောက်နေ့မှထိုင်၊ ဒါကို ပြောတာ”

“ဩော် ... ဒီလိုလား”

ငုဝါကတော့ လှျံ့လက်ထဲမှ မဲလိပ်ကလေးကို နမြောတသ သလို ကြည့်ကာ လရောင်ကို အပြစ်တင်၏။ နင်က unlucky ပဲတဲ့။

သူတို့ မကျေမနပ်နှင့် လက်ဖက်ရည်ဆိုင် လိုက်လာတော့ လှျံက စိတ်ကောင်း။

“ရက်လဲချင် လဲလိုက်လေ၊ ဒီနေ့ ကော်ဖီဆိုင်သွားပေါ့”

“ရတယ် မနက်ဖြန်မှသွားမယ်၊ တစ်လှည့်စီပဲ မနာပါဘူး”

ငုဝါက ခုကျတော့လည်း ဘာမှမဖြစ်သလို ကျေနပ်လို့။ သို့သော် ဆိုင်ရောက်တော့ ခဏပဲထိုင်ကာ မုန့်စားပြီးပြန်သည်။ လရောင်ကလည်း ဆလိုက်သွားသဖြင့် လှျံပဲ ကျန်ခဲ့သည်။

“အဆင်ကိုပြေသွားတာပဲ”

ဟိုနှစ်ယောက် ထသွားသည်နှင့် ကျွန်တော်က ထိုသို့ရေရွတ်မိသည်။

www.burmeseclassic.com

"ဘာဖြစ်တာလဲ"

"ဘာဖြစ်ရမှာလဲ၊ ငါ လျှို့ဆိုက အဖြေတောင်းသားတယ်လေ"

ကျွန်တော့်စကားကြောင့် လျှံက မျက်စောင်းထိုးသည်။ ဖိုးသကြန်ကတော့ မျက်လုံးပြူးပြ၏။ "ငါတောင် မသိလိုက်ရပါလား" ဟုလည်း ရေရွတ်သေးသည်။ ကျွန်တော် ဂရုစိုက်မနေအား။

"ကဲ ... ပြောလျှံ"

"ဖေဖေက အိုသွေး"

"နင့် အမေကရော"

"မေမေက ဘီသွေး"

"နင်ကရော"

"ငါက အိုသွေးပဲ"

"ဟုတ်ပြီ၊ ဟို ... ဟိုလေ နင့်အမေလို့ပြောတဲ့ မပဋာကရော"

"မသိဘူးလေ"

"အင်း ... ငါသိအောင် ဘယ်လိုလုပ်ရင် ကောင်းမလဲ"

ကျွန်တော် အကြံထုတ်နေတော့ ဖိုးသကြန်က ခေါင်းတခါခါနှင့်။

"ဘာခေါင်းခါတာလဲဟင်"

လျှံက မနေနိုင်စွာမေး၏။

"ကမ္ဘာမှာ လူဦးရေ သန်း ၆၀၀၀ ကျော်တယ်"

"အင်း ..."

"သွေးအုပ်စုက လေးမျိုးတည်း၊ အို၊ အေ၊ ဘီနဲ့ အေဘီတဲ့"

"အင်းပါ ... နင်ဆိုလိုချင်တာက"

"ငါ ဆိုလိုချင်တာက မပဋာကလည်း အိုသွေး ဖြစ်နေနိုင်တာပဲ"





"ဒီတော့"

"ဒါနဲ့ပဲ နင့်အမေ ဖြစ်ရောဆိုရင် နင့်အဖေကို ဘယ်နားသွားထားတော့မလဲ"

အကြံထုတ်နေသော ကျွန်တော်ပင် လန့်သွားရ၏။ ဖိုးသကြန် ပြောတာလည်း ဟုတ်သည်ပဲ။ ဖိုးသကြန်က စကားကိုဆက်၏။

"နိုင်ငံခြားမှာဆိုရင်တော့ DNA တွေ ဘာတွေ စစ်လို့ရတာပေါ့၊ ခု မိုးတိမ်နည်းက မဟန်သေးပါဘူး"

ကျွန်တော် စိတ်ပျက်သွားရသည်။ ဘာဆက်လုပ်ရမှန်း မသိ၍ဖြစ်သည်။ လျှံကတော့ ဇဝေဇဝါမေး၏။

"ခု နင်တို့ စဉ်းစားပေးနေတာက ငါ့ကို မပဋာရဲ့သမီး မဖြစ်စေချင်လို့လား၊ ဖြစ်တယ်ဆိုတာ မယုံလို့လား"

"တစ်ခုမှ မဟုတ်ဘူး၊ အမှန်တရားကို ယုံချင်တာ"

ဖိုးသကြန်၏ ပြတ်သားသော စကားကြောင့် လျှံ ပါးစပ်ပိတ်သွားသည်။ သို့သော် အမှန်တရားဟုဝေ... ဖွဖွလေး ရေရွတ်နေသေးသည်။ အဓိပ္ပာယ်က "နင်တို့ဆိုလိုတဲ့ အမှန်တရားဆိုတာ ဘာလဲ" ပေါ့။

ဖိုးသကြန်ကတော့ တွေးတွေးဆဆနှင့် လျှံ့ကိုပြောသည်။

"လျှံ"

"ဟင် ... ဘာလဲ"

"နင်နဲ့ မပဋာနဲ့အကြောင်း ငါ့ကို အတိုချုံးပြီး ပြည့်ပြည့်စုံစုံ ပြောစမ်း"

ဖြစ်ရတယ်။ အတိုကလည်း ချုံးရဦးမည်။ ပြည့်လည်း ပြည့်စုံရဦးမည်တဲ့။ သူမို့ ကပ်ကပ်သပ်သပ်။ တကယ်တော့ လူဆိုတာလည်း



www.burmeseclassic.com

www.burmeseclassic.com

ပျော်စရာကိုသာ အကျယ်ချဲ့ ပြောလိုတတ်ကြသည်ပဲ။ ပျော်စရာ မဟုတ်တာကိုတော့ ဘယ်သူကမှ အကျယ်ချဲ့မပြောလို။

လျှံ နာရီကို တစ်ချက်ကြည့်လိုက်သည်။ နောက်ထပ် ဆယ့်ငါးမိနစ်ဆို အိမ်ကလာကြိုတော့မည်။ သူမကတော့ ဖြစ်နိုင်လျှင် ငါးမိနစ်နှင့်ပင် အပြတ်ပြောချင်သူပါ။ ရုပ်ရှင်ထဲမှ နောက်ကြောင်းပြန်ခန်းတွေကိုပင် မုန်းတတ်သူလေ။

“ဒီလိုဟ”

○





## June (II)

“ခုလို မိုးကျနေတဲ့ ကျောင်းဖွင့်စ တစ်ရက်မှာပေါ့”

လျှံက ထိုသို့အစချီသည်။

“မေမေတို့က အရင်ကကျောင်းကားနဲ့ ကြိုပို့လုပ်တာလေ၊ ဒီတော့ ကျောင်းဆင်းရင် ကျောင်းကားပေါ်က အတန်းကြီးတွေကို စောင့်ရတယ်၊ ငါတို့ကျောင်းက အငယ်တွေကို အရင်လွှတ်တာလေ”

“အဲဒီမှာ စတွေ့တာပဲလား”

“အင်း ... သူက ကလေးတွေ အများကြီးထဲက ငါ့ဆီပဲ တည့်တည့်လာတယ်၊ သမီး ပင်ပန်းလာလား၊ မောလာလားဆိုပြီး မုန့်တွေ၊ အအေးတွေ လာလာပေးတယ်၊ နေ့တိုင်းပဲ”

“ထောတာပေါ့”

“ပထမတော့ မယူဘူး၊ နောက်တော့ သူက မိုးရေထဲမှာ ထွက်



www.burmeseclassic.com

www.burmeseclassic.com



ထွက်စောင့်ပြီး လာပေးရတာမို့ ယူထားလိုက်တယ်”

“နဂိုကစားချင်တာနဲ့ အတော်ပဲ မဟုတ်လား”

“ဟုတ်တယ်၊ သူ ယူလာတဲ့မုန့်တွေက ငါ ကြိုက်တာတွေချည်းပဲ၊ နောက်နည်းနည်းကြီးလာမှ သူ့ကို မေးမိတယ်၊ ဘာလို့ ဒီလိုလာလာစောင့်နေတာလဲလို့”

“ဘာပြောလဲ”

“ချစ်လို့ပေါ့တဲ့၊ မေမေ့သမီးကို မေမေ ချစ်လို့ပေါ့တဲ့”

“နင် ဘာမှပြန်မပြောဘူးလား”

“ပြောတာပေါ့၊ သမီးက အန်တီ့သမီးမှ မဟုတ်တာလို့”

“ဒီတော့”

“သူကရယ်တယ်၊ သမီးမှ မသိတာတဲ့၊ နောက်ကျတော့ တစ်ရက်မှာ ပြောပြန်ရော၊ သမီး သူများနဲ့ နေတာကြာနေပြီ၊ မေမေနဲ့ ပြန်လာနေပါလားတဲ့”

“အဲဒီတော့ နင် ဘာလုပ်လဲ”

“မဟုတ်တာ၊ သမီးက အန်တီ့သမီး မဟုတ်ပါဘူးလို့ပဲ ပြောတာပေါ့”

အချီအချ ပြောနေသည့် ဖိုးသကြန်နှင့် လှျံ့ကိုဖြတ်ကာ ကျွန်တော် ဝင်မေးမိသည်။

“ဒါတွေ နင် အိမ်ကို ပြန်မပြောဘူးလား”

“ဟင့်အင်း ... မပြောဖြစ်ဘူး”

“ဘာလို့လဲ”

“မသိဘူး၊ မေမေတို့ ဆူမှာစိုးလို့လို့ ထင်တာပဲ၊ ဒီလိုနဲ့ တစ်နေ့မှာ





ငါ လေးတန်းစာမေးပွဲ ဖြေပြီးတဲ့ရက်ပဲ၊ ကျောင်းကားကပျက်လို့ မလာနိုင်ခင်မှာ ငါ အရမ်းဖျားလာတယ်”

“ဒီတော့”

“သူက ငါ့ကိုစမ်းကြည့်ပြီး ဟာ ... ကိုယ်တွေ အရမ်းပူနေတယ်၊ လာ လာ အိမ်ထဲက လာစောင့်ဆိုပြီး ခေါ်သွားတယ်”

“သူ့အိမ်က ဘယ်မှာလဲ”

“ကျောင်းဘေးမှာလေ ကပ်လျက်ပဲ၊ ဒါကြောင့် ငါ လိုက်သွားတာ၊ ဟိုမှာ သူက သူ့အိမ်ကလူတွေကို အိုဗာတင်း ဖျော်ခိုင်းတယ်၊ ဆေးယူလာခိုင်းပြီး ဆေးတိုက်တယ်”

“သူ့အိမ်က”

“တိုက်ခန်းပဲ၊ နှစ်လွှာ၊ တော်တော်ကျယ်တယ်၊ သူ့မိသားစုတွေလည်း သူ့ကို အရိပ်ကြည့်နေတာဆိုတော့ အကုန်လုပ်ပေးတာပဲ၊ ဒါကတော့ ငါနောက်မှ တွေးမိတာပါ”

“အဲဒီထိ နင်က သူ စိတ်ရောဂါရှိတာ မသိဘူးပေါ့”

“မသိဘူး၊ တူမှမတူတာ၊ အဲဒီနေ့က ငါ ဆေးသောက်ပြီး အိပ်ပျော်သွားတာနဲ့ ကျောင်းကားလည်း မမီလိုက်တော့ဘူး၊ နိုးလာတော့ မိုးချုပ်နေပြီ၊ ပြန်ဖို့ကလည်း အဆင်မပြေဘူး၊ သူတို့အိမ်မှာက ဖုန်းမရှိဘူးလေ၊ ကားလည်းမရှိဘူး၊ ငါကလည်း အဖျားကျကာစ အိမ်ပြန်ချင်တာကလွဲရင် ဘာမှမလုပ်တတ်ဘူး၊ အဲဒီမှာ ငါ တစ်ညအိပ်လိုက်ရတယ်”

လှျံ့အသံများက အားဖျော့ကျသွားသယောင် ထင်ရသည်။

“သူက တစ်ညလုံးမအိပ်ဘဲ ငါ့ကိုစောင့်ခဲ့တာ၊ အဲဒီအပြင် ရေအေးအဝတ်လည်း မပြတ်တင်ပေးနေသေးတယ်၊ ငါ မငိုအောင်လည်း အမျိုးမျိုး



www.burmeseclassic.com

www.burmeseclassic.com



ချော့မော့အားပေးနေတာ၊ အဲဒီထဲမှာ ...”

“အဲဒီထဲမှာ ဘာဖြစ်လဲ”

“ငါ့ကို ခု ငါ့အဖေနဲ့ အမေက အတင်းယူမွေးစားထားတာလို့ ပြောတာလည်းပါတယ်၊ ပြောရင်း သူ ငိုတာလည်း ငါ မှတ်မိနေတယ်၊ နောက်နေ့ မနက်ကျတော့ မေမေတို့က ကျောင်းက ဆရာမတွေနဲ့အတူ လာခေါ်တယ်”

“ဘယ်လိုသိတာလဲ”

“ကျောင်းကားပေါ်က အတန်းကြီးတွေကပြောတာ၊ ငါ့ကို ပြန်ခေါ်သွားတော့ သူ ငိုကျန်ခဲ့တာ၊ ငါလည်း ငိုတာပဲ၊ ဘာလို့ငိုမိမှန်းလည်း မသိဘူး၊ လာခေါ်တာ ငါ့အဖေ အမေပေမယ့် ငါ့အမေတစ်ယောက် ကျန်ခဲ့သလိုကို ငါ ငိုခဲ့တာ”

“နင့်အမေက ဘာမှမပြောဘူးလား”

“နေမလား ဖိုးသင်္ကြန်ရယ်၊ အဲဒီတော့မှ ငါ မေမေ့ကို အကုန်ပြောဖြစ်တယ်၊ မေမေကတော့ အရမ်းကို တုန်လှုပ်ပြီး ငါ့ကို အဲဒီကစပြီး ကျောင်းကားပေးမစီးတော့ဘူး၊ အဲဒီအန်တီနဲ့ မတွေ့ရဘူးလို့လည်း မှာတယ်”

“နင် နားထောင်လား”

“ဟင့်အင်း ... မုန့်စားဆင်းတာနဲ့ တွေ့တာပဲ၊ သူက လာစောင့်ပြီး မုန့်ကျွေးနေကျကိုး၊ အရင်က ကျောင်းဆင်းမှလာတာ၊ ခု မေမေက လာကြိုနေတော့ မုန့်စားဆင်းချိန်မှာ လာတယ်”

“ဟင်း ... လိမ္မာလိုက်တာ”

“လိမ္မာတယ် ဟုတ်လား၊ နင်ရွဲ့တာ မဟုတ်လား ဖိုးသင်္ကြန်၊ ဒါပေမယ့် ငါ လိမ္မာခဲ့ပါတယ်၊ အမေနှစ်ယောက်လုံး စိတ်ချမ်းသာအောင်





ငါ နေခဲ့တယ်လေ”

“အမေနှစ်ယောက်”

လာပြန်ပြီ ဒီအမေနှစ်ယောက်ဟု ကျွန်တော်က စိတ်ထဲက ရွတ်မိဆဲ ဖိုးသင်္ကြန်က ထွက်သွားပြီးပြီ။

“ဟုတ်တယ်လေ”

“ကဲ ... ထားပါ ဆက်ပါဦး”

“ငါ ခြောက်တန်းကျတော့မှ သူ့ကို စိတ်ရောဂါသည်မှန်း သိရတာ”

“ဘယ်သူပြောလဲ”

“သူ့အပေါ်ထပ်ကို ပြောင်းလာနေတဲ့ ရွှေစင်ပေါ့”

“ရွှေစင်”

“ဟုတ်တယ်၊ သူ့အပေါ်ထပ်မှာ ရွှေစင်နေတယ်၊ ဘေးခန်းမှာ မြတ်သစ်နေတယ်၊ ငါတို့ (၇)တန်းတည်းက စတက်တဲ့ကျူရှင်က မြတ်သစ်အိမ်မှာ ပိုင်းကြတာလေ”

“သြော် ...”

“ငါ ရွှေစင်ပြောတာ ပထမတော့ မယုံဘူး၊ နောက်မှ ပတ်ဝန်းကျင်ကလည်း သူ့ကို မပဋ္ဌာလို့ ခေါ်ကြတယ်၊ အဲဒါကြားမှ ငါ့မှာ မယုံတစ်ဝက် ယုံတစ်ဝက်နဲ့ ယုံရတာ”

“မပဋ္ဌာလို့ခေါ်တာက သူက မပဋ္ဌာလိုပဲ မြွေကိုက်၊ စွန်ချီ ဖြစ်ခဲ့လို့လား”

“အင်း ... သူ့အိမ်က ပြောတာကတော့ သူ့ယောကျ်ား ဆုံးသွားတယ်၊ သူလည်း ကလေးအသေလေး မွေးတယ်လို့ ပြောတာပဲ၊ သူကတော့ မဟုတ်ဘူးတဲ့၊ သူ့ကလေးကို အမေတို့က ယူသွားတာ၊ သူက ကျန်းမာရေး



www.burmeseclassic.com

www.burmeseclassic.com



မကောင်းလို့ ပေးလိုက်ရတာတဲ့"

"နှင့်အမေနဲ့ သူနဲ့ သိလို့လား"

"ဟင့်အင်း ... အမေက မသိဘူးတဲ့"

"သူကရော"

သူက အမေ့ကို တွေ့တာနဲ့ ငိုတော့တာပဲ၊ အမေလည်း အားနာတာရော၊ သနားတာရောကြောင့် တတ်နိုင်သမျှရှောင်တယ်၊ ဒါပေမဲ့"

"ပြော နှင့်ဒါပေမယ့်ကို ပြော"

"တဖြည်းဖြည်းနဲ့ သူ့စိတ်က ပိုကြမ်းလာတယ်၊ ငါတစ်ယောက်က လွဲရင် သူ့မိသားစုတောင် အကပ်မခံဘူး၊ သူ့ကို ငါပဲ ဆေးသွားတိုက်၊ အစာကျွေးရနေရတယ်၊ ငါလာမှ စားတယ်လေ၊ ဒါတွေကို အမေသိသွားလို့ ကျောင်းပြောင်း၊ ကျူရှင်ပါ ပြောင်းပစ်လိုက်တာ၊ ဒါကို နှင်တို့က တစ်မျိုးထင်တာလေ"

ထိုအခါကျမှ ကျွန်တော်တို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်ကာ ရယ်မိကြသည်။ လွဲချက်က နှာသည်ကိုး။

"နှင့်ကို မတွေ့ရတော့ သူ့ရောဂါ ပိုဆိုးမလာဘူးလား"

"ဆိုးတာပေါ့၊ ကျန်းမာရေးပါ ထိလာတာ၊ ခက်တာက မေမေကလည်း နှင်တို့ သိတဲ့အတိုင်း သူ့မျက်စေ့အောက်က အပျောက်မခံတော့ဘူး"

"ဒါက သူ မွေးထားတာကိုး"

"ဟိုကလည်း သူ မွေးထားတာတဲ့"

ကျွန်တော်နှင့် ဖိုးသကြန် အပြန်အလှန် ငြင်းမိသလို ဖြစ်သွားရသည်။ လျှံကတော့ သူမကိုယ်သူမ ဘယ်သူကမွေးမှန်း အတိအကျ သိထားသူလို





ကျွန်တော်တို့ကို ပြုံးကြည့်၏။

"ခုကော လျှံ"

"ခုလား သူ့ကို ရွှေစင်တို့၊ မြတ်သစ်တို့က သွားသွားဂရုစိုက်ပေး။ ငါ့သတင်းတွေ ပြောပေးလို့ အတော်နေကောင်းလာနေပြီတဲ့"

"နှင်ရော ခိုးသွားသေးလား"

လျှံက ပြုံးစိစိနှင့်မဖြေ။

"ငါ မေးနေတယ်လေ"

"သွားတယ်၊ ငါ့မွေးနေ့တုန်းက"

"ဘာသွားလုပ်လဲ"

"စားစရာသွားပို့တာပေါ့"

"နှင် ဘယ်လိုများသွားလဲ"

"ငါလား ကိတ်ထွက်ဝယ်ရင်းနဲ့ သွားတာ၊ ဦးကြီးကို ရှိခိုးခတတ်တောင်းပန်ပြီးတော့ပေါ့"

"နှင် ကျေနပ်လား"

"အင်း ... ကျေနပ်တယ်၊ ခုဆိုမရောက်တာ နှစ်လရှိတော့မယ်၊ အဲ ... ကျော်ခဲ့ပြီ၊ နှင်တို့ ပိုပါလားဟာ"

ကျွန်တော်ရော ဖိုးသကြန်ပါ အမှားပြုမိသူတွေလို တစ်ယောက်ကို တစ်ယောက် ကြည့်မိကြသည်။ ကောင်းပြီကောင်းရဲ့နှင့် ဓာတ်စုံတွေ ခင်းပြီကာမှ ကျွန်တော်တို့ကို ကဲ ... အကြောင်းစုံသိပြီပဲ၊ ငါ့ကိုကူတော့ဆိုသော ပုံဖြစ်သွားရကာမှ ပက်လက်ပင် လန်ချင်သွားရသည်။

"အေး ... နောက်တော့ပို့တာပေါ့"

"ဘယ်တော့လဲဟင်"

www.burmeseclassic.com



"သူဟာ နှင်းအမေဆိုတာ သေချာတဲ့နေ့"

သီချင်းထဲက ကမ္ဘာလဆန်း တစ်ရက်နေ့ကို ပြေးသတိရမိတာ ကျွန်တော့်အလွန် မဟုတ်။ သို့သော် မပင္ရာသည် လျှံ့အမေ ဆိုတာကတော့ ကျွန်တော် လက်မခံချင်သေး။ ထိုလက်မခံချင်မှုသည် ဘာနှင့်ဆိုင်သလဲ ဟု မေးလျှင်တော့ ကျွန်တော်မသိကြောင်း ဝန်ခံရပေလိမ့်မည်။

○





**July (I)**

"အောင်စာရင်းတွေ မနက်ဖြန်ထွက်မှာတဲ့"

ဆိုသော သတင်းကို သယ်ဆောင်လာသူက ဖိုးသကြန်။ လှုပ်လှုပ်ရှားရှားနှင့် ရင်တွေခုန်ကုန်ကာ နေမရ ထိုင်မရ ဖြစ်သွားကြသူတွေက ထုံးစံအတိုင်း လရောင်နှင့် ငုဝါ။ လျှံ့ကတော့ ငြိမ်တိတ်လွန်းသူလေ။ ဘုရားစာပဲ ရွတ်နေရင်ကောင်းမလား၊ စာမေးပွဲအောင်ဂါထာပဲ ရွတ်ရကောင်းမလား၊ ပုတီးပဲ သက်စေ့စိပ်ရင် ကောင်းမလား ဖြစ်နေကြသော ငုဝါတို့ကို ကျွန်တော်က ရယ်မိတာ မလွန်ဟုထင်သည်။ သူတို့လည်း လူညံ့စာရင်းထဲ မပါပါဘဲနှင့်။

ဖိုးသကြန်ကတော့ ထုံးစံအတိုင်း စတော့သည်။

"ရော့ ... ရော့ ... ငါ့ဖိနပ်က မြေမှုန့်လေးတွေယူထား၊ မူးရင်မော်ရင်ရှူ၊ စိတ်လှုပ်ရှားရင် ရှူ၊ အစာမကြေ ရင်ပြည့်ရင်ကယ်ဆို လျက် ... ရှုပ်ကုန်ပြီ၊ နဖူးမှာတို့ထားရင် ကံကောင်းတယ်တဲ့ ရော့ ... ရော့ ..."



www.burmeseclassic.com

www.burmeseclassic.com



မေလရောင်က ခါတိုင်းဆို ကက်ကက်လန် ရန်တွေ့မှာ ဖြစ်သော်လည်း ခုကျတော့ ဖိုးသကြန်လက်ကို လှမ်းပုတ်ချရုံကလွဲပြီး ဘာမှမပြော။

တကယ့်တကယ်ကျ အောင်စာရင်းက ညကတည်းက ကပ်သည်မို့ လှုံ့အဖေက သွားကြည့်ကာ အားလုံးကို အကြောင်းကြားပေးသည်။ ကျွန်တော်က ဂုဏ်ထူးလေးခုပါသည်။ ဖိုးသကြန်နှင့် ငုဝါလည်း လေးခုပင်။ လှုံ့နှင့် မေလရောင်က သုံးခုသာပါသည်။

မနက်အစောကြီး ကျွန်တော့်အိမ်ရှေ့ကို ကားဟွန်းလာတီးသံကြား၍ ထွက်ကြည့်တော့ —

"လှုံ့ အစောကြီး"

"အေးလေ၊ နင်နဲ့ ငုဝါက ငါတို့ကို ဂုဏ်ပြုတာခံမလို့"

"ဘယ်လို ... ဘယ်လို"

ကျွန်တော် နားရှုပ်သွားသည်။

"ဖိုးသကြန်လည်း ပါတယ်၊ နင်တို့သုံးယောက်က အောင်မြင်မှုကို ဂုဏ်ယူတဲ့အနေနဲ့ ငါတို့ကို ဂုဏ်ပြုရမယ်လေ"

"ဗုဒ္ဓေါ"

"ဘာမှ ဘုရားတမနေနဲ့၊ ဒီလောက်ပေါ်များတဲ့ လေးဘာသာ ဂုဏ်ထူးရှင် သုံးယောက်က ရှားပါးပစ္စည်းဖြစ်တဲ့ သုံးဘာသာ ဂုဏ်ထူးရှင် နှစ်ယောက်ကို ဂုဏ်ပြုရမှာပဲ"

"ကဲ ကဲ ... ဟုတ်ပါပြီ၊ ခဏစောင့်ပါဦး"

မေမေက ဘားကရယ်နေရင်းမှ ဝင်ပြောသည်။

"ကဲ ... သမီးတို့ကို ဂုဏ်ပြုဖို့ အန်တီက မိုးတိမ်ကို မုန့်ဖိုးဘယ်လောက် ပေးလိုက်ရမှာလဲ"





"များများစားစားသာ ချင့်ချိန်ပြီးပေးလိုက်ပါ အန်တီ"

လှုံ့တစ်ယောက်လည်း ဖိုးသကြန်နှင့် ပေါင်းတာကြာလို့လားမသိ။ ပေါက်ကရတွေ အတော်လေး ပြောလာသည်။ ခုလည်းကြည့်။ များများစားစားကို ချင့်ချိန်ပေးရမတဲ့။ ဖြစ်ပုံများက။

ကျွန်တော် ထွက်လာတော့ မေမေနှင့် လှုံ့က စကားလက်ဆုံကျလို့။ လှုံ့ကားပေါ်ရောက်မှ မေးရသည်။

"နင် ဘာလုပ်မလို့လဲ"

"ငါ စာမေးပွဲအောင်တာရယ်၊ နင်တို့ အောင်တာရယ်ကို ငါ့အမေ မပဌာကို သွားပြောပြမယ်လေ"

ပြောပုံက။ ငါ့အမေ မပဌာတဲ့။ သူမအမေရင်း ကြားလျှင်ဒုက္ခ။

"နင် အိမ်ကိုပြောခဲ့လို့လား"

"ဟင့်အင်း ... ဒီနေ့ ငါလုပ်ချင်ရာ လုပ်မယ်လို့ ပြောခဲ့ပြီးသား"

"ဦးကြီး"

ကျွန်တော် လှုံ့ကိုမနိုင်၍ ဦးကြီးကို လှည့်မေးတော့ ဦးကြီးက ခတတ်သာသည့်ပုံစံနှင့်။

"လိုက်မပို့ရင် ဒီကလေး တစ်နေကုန် ပျော်တော့မှာ မဟုတ်ဘူး"

ဟု ခပ်တိုးတိုး ရေရွတ်သည်။ ကျွန်တော့်ကို ဖြေရှင်းပြတာလား၊ သူ့ကိုယ်သူ ပြောတာလားဆိုတာတော့ ကျွန်တော်မသိ။ တကယ်လည်း လှုံ့က ဖိုးသကြန်တို့ကိုပင် ဝင်မခေါ်ဘဲ ကျောင်းရှေ့က အိမ်ကလေးကို အရင်သွားသည်။

ကျွန်တော့်ကို ကားပေါ်မှာ ထားခဲ့၏။ ထိုအခါကျမှ ဦးကြီးက ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဦးကြီးက ဒီကလေးကို မွေးကတည်းက ကြည့်လာရတာ၊ သူ့စိတ်ညစ်ပြီး မှိုင်နေရင် ဦးကြီးက ပိုသိတယ်၊ တစ်နေကုန် မှိုင်နေတော့တာ၊ အဲဒါကို မကြည့်ရက်လို့၊ သူ့မွေးနေ့ကလည်း ဦးကြီး ပို့ခဲ့သေးတယ်၊ ဒီနေ့လည်း စာမေးပွဲအောင်တာ ပျော်ပါစေတော့ရယ်လို့ ဦးကြီး ပို့တာပါ"

"သူ့ကို ဒီအမျိုးသမီးကြီးက မွေးတာလို့ ဦးကြီးကို သူပြောလား"

"ပြောတယ်"

"ဦးကြီးက ဘာမှပြန်မရှင်းပြဘူးလား"

"ဦးကြီး ဒီမိသားစုနဲ့ စတွေ့တော့ လျှံ့ကလေးက (၆)လရှိပြီ၊ အဲဒီတည်းက ကြည့်ခဲ့ရတာ၊ ဒါကို ပြောပြပေမယ့် သူက ဦးကြီးက လျှံ့မေမေ့ဗိုက်ထဲက ထွက်လာတာ မြင်လို့လားဆိုတော့ ဘယ်လိုရှင်းမလဲ ကလေးရယ်"

"လျှံ့ကလည်း ဒုက္ခပဲ"

"ဟုတ်တယ်၊ သူက ဆရာကတော်ကို မချစ်တာလည်း မဟုတ်ဘူး၊ ချစ်တယ်၊ ဟိုက စိတ်ရောဂါနဲ့ ပြောတာကိုလည်း သူက စိတ်ထဲစွဲပြီး ယုံနေတယ်"

"ကျွန်တော်ကတော့ ခုမှတွေ့တာ ခင်တာပေမယ့် လျှံ့ကို နားလည်တယ်၊ မဖြစ်နိုင်ဘူးဆိုတာ ခံစားလို့ရပေမယ့် သူ့ ခံစားချက်ကိုလည်း ကျွန်တော်က သက်သေ သာဓကမရှိဘဲ မပယ်ချချင်သေးဘူး၊ အဲဒါနဲ့ အချိန်စောင့်နေတာ"

"ဟုတ်တယ်၊ အချိန်ပဲ စောင့်ရမှာပဲ"

"ဟယ် ... လျှံ့ကား၊ အဲ ... မိုးတိမ်"

ဘယ်ကပြန်လာမှန်းမသိသော (ဖြစ်နိုင်တာက အောင်စာရင်းကြည့်





ပြီး ပြန်လာတာ ဖြစ်နိုင်သည်။) ရွှေစင်နှင့် မြတ်သစ်။ မြတ်သစ်ကမေး၏။

"လျှံ့ကော"

"ဟိုထဲမှာ"

"သြော် ..."

ရွှေစင်က နားလည်စွာ ဘာမှမပြော။ မြတ်သစ်ကတော့ သတိတရ မေးသည်။ အောင်စာရင်း အဖြေကို။ ကျွန်တော်ပဲ ပြောပြလိုက်သည်။

"နင်တို့က တော်တယ်၊ ငါက ဂုဏ်ထူးတစ်ခုပဲပါတယ်"

"ရွှေစင်ကမှတစ်ခု၊ ကျွန်တော်ဆို ဗလာပဲအောင်တာ"

ကျွန်တော်တို့ချင်း သိပ်မရင်းနှီးပါပဲလျက်၊ ကျွန်တော်ကလည်း မိုးသကြန်လို စကားပြောမတတ်ပါပဲလျက် အောင်စာရင်းဆိုသော ခေါင်းစဉ်တစ်ခုကြောင့် ကျွန်တော်တို့ စကားပြောဖြစ်သွားကြသည်။

အတော်ကြာမှ လျှံ့ထွက်လာ၏။ မျက်နှာက ပြုံးပျော်ရွှင်ပျနေတာ အသိသာကြီး။ စာမေးပွဲကို ဂုဏ်ထူးသုံးခုနှင့် အောင်သောကြောင့်တော့ မဟုတ်တန်ရာ။

"ဟဲ့ ... နင်ကလည်း ကြာလိုက်တာ"

"မကြာပါဘူးဟာ၊ ခဏလေးရယ်၊ အမေ ဆန်ပြုတ်သောက်နေလို့ တိုက်ပေးနေတာ၊ သူလည်း ပျော်နေတယ် သိလား၊ ငါ့ကို မုန့်ဖိုးတွေ ပေးလိုက်တယ်၊ ငါ မယူခဲ့ပါဘူး၊ ငါ့ကို ဒီနေ့ သူတို့ ဂုဏ်ပြုရမှာ"

"ဟင် ..."

"ဘာလဲဟ"

လျှံ့စကားကြောင့် မြတ်သစ်နှင့် ရွှေစင် အူကြောင်ကြောင်တွေ ဖြစ်သွားရသည်။ လျှံ့က သူတို့ နားလည်အောင် ရှင်းပြသည်။ ဒီတော့

www.burmeseclassic.com



မြတ်သစ်က နှာခေါင်းရှုံ့ကာ ပြော၏။

"နှင်နဲ့ မေလရောင်ကမှ သုံးဘာသာနှစ်ယောက် ဖြစ်နေသေးတယ်၊ ငါနဲ့ ရွှေစင်ဆို လွတ်လွတ်ကျွတ်ကျွတ်ကြီး၊ တစ်ယောက်စီပဲ၊ ဒီတော့ ငါ့ကို ဂုဏ်ပြုတော့ ရွှေစင်"

"ဟင် ... ဝေးသေး"

ရွှေစင်က မျက်နှာမဲ့ကာငြင်း၏။ လျှံကတော့ သူတို့ကိုခေါ်၏။

"ငါတို့နဲ့ လိုက်မလား"

"လိုက်လို့ မဖြစ်ပါဘူးဟာ၊ ငါက အဖွားဆီ သွားရဦးမှာ၊ အကျိုး အကြောင်း သွားပြောရမှာလေ"

ရွှေစင်က ထိုသို့ပြောသည်။ မြတ်သစ်ကလည်း –

"ရွှေစင်မလိုက်ရင် မလိုက်တော့ပါဘူးဟာ"

ဟု အဓိပ္ပာယ်တစ်မျိုး သက်ရောက်အောင်ပြော၏။ ထို့ကြောင့် လျှံက ဖြတ်ပြောလိုက်သည်။

"ဟဲ့ ... နှင့်ကို ဖိုးသကြၤန်က တစ်ချိန်လုံး တနေတာ၊ မြတ်သစ် မြတ်သစ်နဲ့"

လျှံ့စကားကြောင့် ရွှေစင်က ခွီခနဲရယ်သည်။ ဖင်စမ်းခေါင်းစမ်းနှင့် ဘာဖြစ်သွားမှန်း မသိတာက မြတ်သစ်။

"ကျောချမ်းလို့ပါ လျှံရာ၊ သူ လူမှားတာ ဖြစ်ပါလိမ့်မယ်"

"အေးလေ၊ နှင်နဲ့ရွှေစင်က အိမ်ချင်းကပ်လျက်ဆိုတော့"

"ဘာမှမဆိုင်ဘူး၊ ကဲ ကဲ ... သွားမယ်"

ရွှေစင်က အိမ်ပေါ်တက်ပြေးသဖြင့် ကျွန်တော်တို့လည်း ဖိုးသကြၤန် တို့ရှိရာ ဦးတည်ထွက်ခဲ့တော့သည်။





"မိုးတိမ်"

"ဟင် ..."

"သူက ငါ့အမေ မဟုတ်ခဲ့ဘူးဆိုရင်တောင် ..."

"ဘာဖြစ်လဲ"

"တစ်ဘဝဝမှာတော့ အမေတော်ခဲ့ဖူးမှာပဲ"

"လျှံရယ်"

"ဟုတ်တယ်၊ ငါ အဲလိုခံစားရတယ်"

"ဟုတ်ပါတယ်၊ သံသရာကြီးက လည်နေတာ၊ ဘဝတွေ ဘဝတွေမှာ ဆွေမျိုးတွေ တော်ခဲ့ကြမှာပဲ၊ နှင်တောင် အရင့်အရင် ဘဝတွေက ငါ့အမေ ဖြစ်ရင် ဖြစ်ခဲ့ဖူးမှာ"

"အေး ... ဟုတ်တယ်၊ ရှိရိုသေသေ ဆက်ဆံနော်"

ကိုယ်က သူ့ကို နှစ်သိမ့်သည့်စကားနှင့် ကိုယ့်ကို ပြန်ချည်တာ ခံရတာမို့ ကျွန်တော် ရယ်မိသည်။

"ဟုတ်တယ်နော်၊ ဘဝကြီးက ရယ်စရာကြီး၊ ရယ်လိုက်မှပဲ ပြစ် မှာပါဟာ၊ မဟုတ်ရင် ငါ့စိတ်ထဲ တင်းကြပ်ပြီး နေလို့မရဘူး"

ကျွန်တော် မျက်လုံးပြူးရပြန်ပါသည်။ သူမ စိတ်လက်ပေါ့ပါးနေလို့ နောက်နေသည်ဟု ထင်မိတာ ခုတော့ သူမ ခံစားနေရတာက တစ်မျိုးပါလား။

"လျှံ"

"ဟင်"

"နှင် အရမ်းအများကြီး မတွေးနဲ့လေ"

"မတွေးပါဘူး၊ ဒါကြောင့် ငါ အားလုံးကို ရယ်ရတဲ့ ရှုထောင့်ကပဲ ကြည့်ဖို့ ကြိုးစားနေတာပေါ့"

○



www.burmeseclassic.com

www.burmeseclassic.com



## July (II)

မိုးတွေ သည်းသည်းမည်းမည်း ရွာနေသော နေ့တစ်နေ့မှာ ကျွန်တော့်ကို မွေးခဲ့သည် ထင်သည်။ ဒီနေ့လည်း မိုးလင်းတည်းက မိုးတွေရွာလို့။ ကျွန်တော်နှင့် မေမေ နှစ်ယောက်တည်း အလုပ်တွေ ရှုပ်နေကြသည်။ ဒီနေ့ ကျွန်တော့် မွေးနေ့အတွက် သူငယ်ချင်းတွေကို အိမ်မှာ စပါကတီ လုပ်ကျွေးမည်ဖြစ်သဖြင့် မေမေ အလုပ်ရှုပ်နေတာကို ဝင်ကူခြင်းဖြစ်သည်။

ခဏနေတော့ မိုးရေထဲမှာ အန်တီငယ် ရောက်လာ၏။ မေမေ့ ညီမဝမ်းကွဲ။

“ဟော ... ငယ်လာပြီ၊ သွား ... သားအိမ်ရှေ့မှာနေတော့”

“ဟင် ... မေမေကလည်း သားကူမှာပေါ့”

“ရတယ်၊ သား အန်တီငယ်လုပ်မယ်”

နှစ်ယောက်လုံး တက်ညီလက်ညီ နှင်ထုတ်နေပြီမို့ ကျွန်တော်





ထွက်ခဲ့ရတော့သည်။

မိုးရေတွေထဲ မျှော်ရင်းငေးရင်း ပထမဆုံး ရောက်လာသူက လျှံ။

သူမ ထုံးစံအတိုင်း ကျွန်တော့်ကို Bunny Rabbitကြီး တစ်ကောင် ပေးသည်။

“နှင့်လိုပဲ ဉာဏ်ကောင်းတယ်” ဟုလည်း ပြောသေးသည်။ ပြီးမှ အသံကပ်မေး၏။

“ဘာစားရမှာလဲ ဟင်”

“စပါကတီ”

“ဟား ... မိုက်တယ်ကွ၊ ဘာနဲ့လဲ”

“ကြိုက်ရာနဲ့”

ချက်ချင်းပဲ လျှံ့မျက်နှာက ပြောင်းလဲငြိမ်သက်သွားသည်။

“ဘာဖြစ်တာလဲ လျှံ”

“ဘာမှမဟုတ်ပါဘူး”

“ဘာလို့မဟုတ်ရမှာလဲ၊ ဟုတ်တယ် ပြော”

“ပြောရင် နင်က ငါ့ကို ကူမှာမို့လား”

“ကူမယ် ပြော”

“နင်လည်း မွေးနေ့မှာ ကုသိုလ်ရမှာပါ”

ကျွန်တော့် ဆံပင်မွေးတွေပင် ထောင်သွားသလို ခံစားရသည်။ တစ်ခုခုက ကျွန်တော့်ကို alarm လာပေးသလို ခံစားရသည်ကိုး။

“နင်- ဘာကိုပြောချင်တာလဲ”

“ဟိုလေ ...”

“ပြောပါ”



www.burmeseclassic.com

www.burmeseclassic.com

"ဟို … အမေမပဋ္ဌာက စပါကတီ ကြိုက်တယ်ဟ၊ ငါ သူ့ကို ကျွေးချင်လို့၊ နင့်မွေးနေ့မှာလေ"

သူ့ကို ကျွေးချင်လို့လောက်နှင့် ပြဿနာမရှိ။ နင့်မွေးနေ့မှာလေ ဆိုတာက ပြဿနာရှိလာပြီ။ ငြင်းလိုက်လျှင်ပဲ ကျွန်တော်က မွေးနေ့မှာ အကုသိုလ် ရရတော့မလို။ အဲဒါမှပြဿနာ။

ကျွန်တော် ဘာမှမဖြေဘဲ ငြိမ်နေတော့ ကျွန်တော့်ကို မျက်လုံးလေး အသာစွေကြည့်၏။

"မိုးတိမ်"

"ဟင် …"

"ဘာဖြစ်သွားတာလဲဟင်"

"ဘယ်လိုသွားရင် ကောင်းမလဲ စဉ်းစားနေတာ"

"ဟာ … တကယ်လား၊ ဒါကြောင့် နင့်ကို ငါကချစ်တာ၊ မိုးတိမ်ရဲ့"

ချက်ချင်းကြီး ထိုင်ရာခုန်ထပြီး ဖွေ့ခနဲ အနားရောက်လာတာမို့ ကျွန်တော်ပင် ထရတော့မလို ထိုင်ရတော့မလိုနှင့်။

ကျွန်ပော်မှာတော့ မေမေ့ကို လျှို့အလိုကျ Sea food နှင့် တစ်ပွဲ အမြန်လုပ်ခိုင်းပြီး ဘူးနှင့်ထည့်ရသည်။

"ဘယ်သူ့အတွက်လဲ သား"

"လျှို့အမေအတွက်"

မုသားလည်းမမည်၊ လက်ာလည်းချောသောစကား။

ပြီးမှ လမ်းထိပ်မှာ ချောကလက် သွားဝယ်ဦးမည်ဟုဆိုကာ နှစ်ယောက်သား ဘူးလေးဆွဲပြီး ထွက်ခဲ့ရသည်။ လမ်းကျမှ ကားငှားကာ (အသွားအပြန် ငှားရ၏။) မပဋ္ဌာဆီ ပြေးကြရသည်။ ဟိုရောက်က လျှိုက





စားစရာကို ကိုယ်တိုင်ပြင်ဆင်ပေးကာ တစ်လုတ် နှစ်လုတ်ပင် ခွံ့ခဲ့သေးသည်ဟု ဆိုသည်။ အငှားကားပေါ် ပြန်ရောက်တော့ လျှိုက –

"ပျော်လိုက်တာ မိုးတိမ်ရယ်" တဲ့။

တကယ်လည်း လှုပ်လှုပ်ရှားရှားလေး ပျော်နေပုံရသည်။

"နင်က လုပ်ချင်တာ လုပ်ခွင့်ရနေတတ်တဲ့ ကံထူးရှင်ပဲ"

"အဲဒီကံထူးရှင်ကို ပံ့ပိုးပေးတဲ့သူတွေ ရှိလို့ပေါ့"

"ဒါတော့ နင်သိသားပဲ၊ နင့်ကို ခုငါ့ ခဏတဖြုတ် ပံ့ပိုးပေးတာက စာမဖွဲ့လောက်ပါဘူး"

"နင် ဘာကိုဆိုလိုတာလဲ"

"တစ်သက်လုံး ပံ့ပိုးလာတဲ့ မိဘတွေကို ပြောတာပါ"

"ငါသိပါတယ် မိုးတိမ်ရယ်"

"သိရင်ပြီးတာပဲ"

"ဒီနေ့ ငါ ပိုပျော်တာကလေ၊ ဒီနေ့ နင့်မွေးနေ့ဖြစ်နေလို့ သိလား"

ကျွန်တော် ရယ်နေလိုက်သည်။

အိမ်ပြန်ရောက်တော့ လူစုံနေပြီ။

"ဘယ်သွားကြတာလဲ"

"လမ်းထိပ်"

"ဟင် … မတွေ့ခဲ့ပါဘူး"

"ငါတို့လည်း မင်းတို့ကို မတွေ့ဘူး"

"ဘာသွားလုပ်တာလဲ"

"ချောကလက် သွားဝယ်တာ"

"ဟင် … ချောကလက် သွားဝယ်တာ၊ Cadbury ကုမ္ပဏီထိလား"



www.burmeseclassic.com

www.burmeseclassic.com

ဖိုးသကြဲန်က ရွဲ့၏။

"ချောကလက်ဝယ်ရင်း သူက လက်ဖက်ရည်ဆိုင် ထိုင်ချင်တယ်ဆိုတာနဲ့"

ကျွန်တော့်ခေါင်းထဲ ရောက်လာသော ရောင်စုံဉာဏ်များနှင့် လွှတ်ခနဲ ပြောလိုက်တာကျတော့ သူက လက်ခံသည်။

"သြော် ... ဒါကြောင့်ကိုး" ဟု မှတ်ချက်ချမှပဲ ကျွန်တော် သက်ပြင်းခိုးချနိုင်တော့သည်။ လျှံကတော့ ခပ်တည်တည်ပင်။ ဘာမှလုပ်ထားပုံမရသော မျက်နှာပေးလေးနှင့်။

"ဘယ်မှာလဲ ချောကလက်"

ကျွန်တော် ခေါင်းနပမ်းကြီးသွားဆဲ လျှံက သူ့ဂျာကင် အတွင်းအိတ်ထဲမှ Cadbury အချပ်ကြီးတစ်ချပ် ဆွဲထုတ်ပေးလိုက်၏။

"ဟာ ... မိုက်တယ်"

ချောကလက် ကြိုက်သူများမို့ ငြိမ်သွားကြသည်။ လျှံကတော့ ကျွန်တော့်ကို မပူစမ်းပါနဲ့၊ ပိရိစမ်းပါဟူသော မျက်နှာနှင့်ကြည့်၏။

ဖိုးသကြဲန်က Bunny ရုပ်ကြီးကို သဘောတကျ ကြည့်နေသည်။

"လဲမလား မိုးတိမ်"

"ဘာ့လို့လဲရမှာလဲ"

"ယုန်ဆိုတာက"

"ကျားမဟုတ်ဘူး သူငယ်ချင်း၊ ဖလဲနိုင်ဘူး"

"ပြီးတာပါပဲ၊ ငါက မင်းအတွက်ပြောတာ"

"ဟင် ... ဖြစ်ရတယ်"

ငဝါက နှာခေါင်းရှုံ့ကာ ဖိုးသကြဲန်ကိုပြောတော့ ဖိုးသကြဲန်က နှင် နားမလည်ပါဘူးဟူသော မျက်နှာနှင့်။

"သူ့ကို လျှံက ယုန်ပေးပြီး တစ်သက်လုံး ယုံနိုင်းတော့မှာကို သနားလို့ပါ"

ဖိုးသကြဲန်၏ စကားကြောင့် ကျွန်တော် မျက်လုံးပြူးသွားရသည်။ သူ ဘာကိုဆိုလိုတာလဲဟု ဇဝေဇဝါပင် ပြန်တွေးရ၏။ စောစောကပဲ ကျွန်တော့်စကားကို အလွယ်တကူ လက်ခံခဲ့ပြီ။

"လျှံက ဘာဖြစ်တယ်"

နားစွန်နားဖျားနှင့် လျှံက ဝင်မေးသဖြင့် –

"ဘာမှမဖြစ်ပါဘူး"

ဟု လှည့်ရှင်းရသေးသည်။

"ငါ ကြားလိုက်တာပဲ"

"အင်းလေ၊ ကျားလိုက်တာထက် ယုန်လိုက်တာက ပိုပြီး စိတ်မချဖြစ်ရတယ်"

ကျွန်တော် သဘောတွေ ပေါက်လာတာမို့ ဖိုးသကြဲန်ကို အသာဆွဲခေါ်ထုတ်သွားပြီး ဝန်ခံချက် ပေးရတော့သည်။ ဖိုးသကြဲန်က –

"မင်းလည်း ကြပ်ကြပ်အလိုလိုက်၊ သိလား"

"သူ့အလိုလိုက်တာ မဟုတ်ပါဘူး"

"ဒါဆို မင်းအလိုကို မင်းလိုက်တာလား"

ထိုစကား၏ အဓိပ္ပာယ်က ပြေးလွှန်းလှသဖြင့် ကျွန်တော် ကျော်ချလိုက်သည်။

"လာပါကွာ၊ ငါ နောက် အဲလိုမလုပ်ပေးတော့ပါဘူး၊ စားကြရအောင် လာ"







www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဆွဲခေါ်ရာသို့ ပါလာသည့်တိုင် ဖိုးသကြန်က ကျေနပ်ပုံ မရသေး။ သို့သော် ဘာမှတော့ ဆက်မပြောတော့။ လုပ်ချင်ရာ လုပ်ပြီး လျှင် ပျော်ရွှင်နေတတ်သော မီးတောက်မီးလျှံလေးကတော့ ပျော်ရွှင်ယိမ်း ထိုး ပေါ့ပါးလျက်။

ညကျတော့ မေမေ့ကိုလည်း ဝန်ခံချက် ပေးရပြန်သည်။

မေမေကတော့ ဘာမှမပြောပါ။ 'သံယောဇဉ်ပေါ့လေ' ဟုသာ မှတ်ချက်ချသည်။

သံယောဇဉ်ဆိုတာ ချစ်ခြင်းထက်တောင် အားကောင်းနိုင်မြဲတဲ့ အရာပဲ။

ဘာလို့မှား ဒီအရာတွေကို လူတွေက လက်ခံသိမ်းဆည်းချင်ကြတာ လည်း မသိ။ ထိုအထဲတွင် ကျွန်တော်လည်း ပါပါသည်။ ကျွန်တော် ဒီ ကောင်မလေးကို သံယောဇဉ်ရှိနေတာ သေချာတာမို့သာ သူ့အတွက် စဉ်းစား လုပ်ကိုင်ပေးနေမိတာ မဟုတ်လား။

ညနေကျ မိုးတွေက စဲသွားသည့်တိုင် ကောင်းကင်တွင် မိုးတိမ် တချို့ကို မြင်ရဆဲ။

"မိုးတိမ်"

"ဟင် ..."

"မိုးတိမ်ဆိုတာ ဟိုးက တိမ်တိုက်တွေလိုပဲလား"

ဟု လျှံက မေးခဲ့သည်။

သူမ ညွှန်ပြသော တိမ်တိုက်သည် မီးခိုးရောင် တိမ်တိုက်ကြီး ဖြစ်၏။

"အဲလိုလည်း ဖြစ်ချင်ဖြစ်မှာပေါ့၊ ခပ်ပါးပါး တိမ်တိုက်တစ်ခုလည်း





ဖြစ်နိုင်တာပဲ၊ အငွေ့ပျံပြီးတော့လည်း ပျောက်ဆုံးသွားနိုင်သေးတယ်၊ သိပ် လေးလံလာရင် ရွာချနိုင်တဲ့ အစွမ်းသတ္တိလည်း ရှိတယ်လေ"

"လူတွေအားလုံး တိမ်တွေဖြစ်ရင် ကောင်းမှာနော်"

"ဘာဖြစ်လို့လဲ"

"လေးလံလာရင် ရွာချလို့ရပြီ၊ အငွေ့ပျံ ပျောက်ဆုံးသွားခွင့်လည်း ရှိနေလို့ပေါ့"

ထိုစကားကို နောက်ဆုံးဆိုပြီး သူမ ကားပေါ်တက်သွားခဲ့သည်။ ကားကလေး ပျောက်သွားချိန်တွင် မိုးတွေ့ သည်းသည်းမည်းမည်း ပြန်ရွာ ရန် ဟန်ပြင်နေတာကို တွေ့ခဲ့ရသေးတော့၏။

ကြိုးစားနေတယ် ဆိုကတည်းက မဖြစ်သေးလို့ဆိုတာ အထင်အရှား ကြီး။ ကျွန်တော် ဘာမှပြန်မပြော ဖြစ်တော့ပါ။ ဖိုးသကြန်တို့ဆီရောက် တော့ လျှံ ချိန်းထား၍လားမသိ။ လရောင်ရော ငုဝါပါ ရောက်နေကြသည်။ မေလရောင်က သူမ ဂုဏ်ထူးသုံးခုတည်း ပါတာကို တဖျစ်တောက်တောက် လုပ်၍ကောင်းတုန်း။ ကြာတော့ နားကြားပြင်း ကပ်လာဟန်တူသော ဖိုးသကြန်က ညီမလုပ်သူကို ပြော၏။

"နင်ကလည်းဟာ နားညည်းလာပြီ၊ ကိုယ့်အရည်အချင်းလည်း ကိုယ်သိသားနဲ့၊ ခဏခဏ ထုတ်ပြောနေရတယ်လို့"

ထိုအခါကျ လရောင်က ဆရာမ (ဖိုးသကြန်အမေ)နှင့် အော်တိုင် သည်။

"ဒေါ်လေးရေ ဟောဒီမှာ"

"အသံကလည်း ပြဲသေးတယ်၊ မိန်းကလေးတဲ့၊ နင်လည်း နင့် အရည်အချင်းတွေကို ထုတ်ပြလို့ကို မကုန်နိုင်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ ... တော်ပါတော့ ဖိုးသကြန်ရယ်"

ငုဝါက ဝင်တား၏။ ဆရာမက ထွက်လာကာ "ဘာဖြစ်ကြတာလဲ" ဟု မေးတော့ လရောင်က ငိုမဲ့မဲ့ဟန် တမင်လုပ်ကာတိုင်သည်။

"လေးဘာသာ ဂုဏ်ထူးရှင်ဆိုပြီး အနိုင်ကျင့်နေတယ်"

"အဲ ..."

ဖိုးသကြန်ဆို ဖိုးသကြန်ဟု တည့်တည့်ပြောပါတော့လား။ ခုဟာက ကျွန်တော်ရော ငုဝါရော မျက်လုံးပြူးကြရသည်။ ဆရာမကတော့ ထိုစကားဆက်ကို ဖြတ်သည့်အနေနှင့် တခြားစကားကိုပြော၏။

"ကဲ ... ခုတည်းက ငါဘာဖြစ်ချင်တယ်၊ ဘာလုပ်ချင်တယ်၊ ဘယ်လိုလုပ်ရမယ်၊ ဘယ်လောက် လုပ်နိုင်တယ်ဆိုတာ စဉ်းစားကြပေတော့၊ စဉ်းစားကြ၊ တိုင်ပင်ကြ၊ အချင်းချင်းလည်း အကြံပေးကြ၊ မေးမကြ၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့"

ဆရာမ ထွက်သွားတော့ ကျွန်တော်တို့ တစ်ယောက်ကို တစ်ယောက်ကြည့်ကာ ပြုံးမိကြသည်။ သူ၏ ချစ်လှစွာသောသား ဖိုးသကြန်ကစကာ –

"ငါက ခုလောလောဆယ် dim sum စားချင်နေတယ်၊ ခုမှ ကိုးနာရီ ရှိသေးတာ၊ oriental house သွားမယ်ကွာ"

"အေး ... ဟုတ်တယ်"

"ငါလည်း dim sum စားချင်နေတာ"

စောစောက မတည့်သော မောင်နှမနှင့် ငုဝါက အကြံတူသွားကြသည်။ ကျွန်တော်က လျှံ့ကိုကြည့်တော့ လျှံက "ကျွေးတာစားမှာလေ" ဟု ပြောသဖြင့် ကျွန်တော်တို့ oriental house သို့ ထွက်ခဲ့ကြသည်။

○





## August

'ဘဝ' ဆိုတာ ဟု အစချီကာ ခေါင်းစဉ် ကြီးကြီးမားမားကြီးနှင့် တင်သွင်းလာသူက ကျွန်တော်တို့၏ ဇာတ်လိုက်မင်းသား ဖိုးသကြန်။

"ဘဝဆိုတာ ဘာကြောင့်တော့"

"ဘကုန်းနဲ့ ဝကို ပေါင်းထားတာ"

ကျွန်တော် အမြင်ကတ်ကတ်နှင့် ဖြတ်ပြောလိုက်တော့ သူ့မျက်နှာက အတည်စားနှင့်။

"ကိုယ့်ကိုယ်ကိုယ် သိဖို့အရေးကြီးတယ်"

ဘာမှမဆိုင်ပါ။ သူကတော့ သူ့ဘာသာ ဆက်ပြော၏။

"ကိုယ့်ဘာသာကိုယ်သိမှ ကိုယ့်ဘဝ ကိုယ်သိမယ်၊ ဘဝကိုသိမှ ကိုယ် ဘာလုပ်ရမယ်၊ ဘာလုပ်သင့်တယ်၊ ဘာလုပ်နိုင်တယ်၊ ဘာဖြစ်ချင်တယ်ဆိုတာ သိမှာ"



www.burmeseclassic.com

www.burmeseclassic.com



"လုပ်သင့်တာနဲ့ ဖြစ်ချင်တာက တူညီးမှလေ ဆရာလေးရဲ့"

ငုဝါက မျက်စလေးချီကာ ခနဲ့တဲ့တဲ့ ဝင်ပြောသည်။

"အဲဒီ မတူညီမှုတွေကို ချိန်ဆ ညှိယူ ပျော့ကါလှမ်းရတာကိုက ဘဝပဲ"

တဖြည်းဖြည်းနှင့် ဟုတ်သလိုလို ခံစားလာရတာမို့ ကျွန်တော်ပင် ကိုယ့်ကိုယ်ကိုယ် သံသယဝင်လာမိသည်။ ထို့ကြောင့် ဖိုးသကြန်ကို ပြောရ၏။

"မင်းရဲ့ဆိုလိုရင်းကို ပြောတော့လေ၊ ငါက အဲလိုကွေ့ပတ်ပြောနေရင် ဝေးတတ်တယ်"

"အဲလို ကိုယ့်ကိုယ်ကိုယ် သိတာကိုက အောင်မြင်မှုအစပဲ"

ကျွန်တော် အသံတိတ် ဆဲရေးမှုကို ငုဝါနှင့် လျှံက ရယ်သည်။

"ငါဆိုလိုချင်တာက ခု ဘာသာရပ်တစ်ခုကို ရွေးချယ်တော့မယ် ဆိုတဲ့ နေရာမှာ..."

သူက အရေးထဲ စကားစက ဖြတ်ထားသေး၏။ ဘယ်သူကမှ ထောက်မပေးသဖြင့် သူ့ဟာသူ ဆက်ရသည်။

"ကိုယ်ရထားတဲ့ အမှတ်ရယ်၊ ဒီအမှတ်နဲ့ အပ်စပ်တဲ့ ဘာသာရပ်တွေရယ်၊ ကိုယ့်ရဲ့ ဝါသနာနဲ့၊ လုပ်ဆောင်နိုင်မှုရယ်၊ အိမ်က မိဘရဲ့ အလိုဆန္ဒနဲ့ အခြေအနေတွေရယ် တစ်ထပ်တည်း ကျဖို့ဆိုတာ မလွယ်ဘူးလေ၊ ဒီတော့ အားလုံးကို balanceလုပ်ရလိမ့်မယ်၊ ဒါဟာ ဘဝကို ရင်ဆိုင်မှုတွေထဲက တစ်စိတ်တစ်ဒေသပဲ"

ကျွန်တော်ဖြင့် သိပ်လက်မခံချင်။ ဘယ်လိုငြင်းရမှန်းလည်း မသိ။

"ကဲ ...ဥပမာအနေနဲ့ နင့်အခြေအနေကို ပြောပါဦး"





"ငါ့အခြေအနေကတော့ အဆင်ပြေတယ်၊ ငါ့အမှတ်နဲ့ UFL English တော့ မီမှာပဲ၊ ဝါသနာလည်းပါတယ်၊ မိဘကလည်း သဘောတူတယ်၊ ဒီမှာပဲ တက်ရမှာ ဖြစ်တဲ့အတွက် အဆင်ပြေတယ်၊ ကိုယ်တိုင်ကလည်း လုပ်ယူကြိုးစားနိုင်မယ်လို့ ယုံတယ်"

"ဒါဆို နင်က မဟာကံထူးရှင်ကြီးပေါ့"

လရောင်က ရွဲ့၏။

"အဲလို မဆိုလိုပါဘူး၊ အဲဒီရဲ့ အဓိကလိုရင်းနဲ့ ဆိုလိုမှုကို ကိုယ်တိုင် ခံစားရတဲ့အခါ သိလာပါလိမ့်မယ်"

ဟု ဖိုးသကြန်က ဆိုသည်။

သူတို့ မနေ့က အမှတ်စာရင်းတွေ ရသည်။ အားလုံး အမှတ်ကောင်းကြသည်။ လျှံနှင့် မေလရောင်ပင် ဂုဏ်ထူးတစ်ဘာသာ ကွာပေမယ့် လေးဘာသာရှင်တွေနှင့် အမှတ်သိပ်မကွာ။ မေလရောင်က ကွန်ပျူတာတက္ကသိုလ် တက်ချင်သည်။ သို့သော် သူ့အိမ်ကလည်း ထုံးစံအတိုင်း ဆေးကျောင်းကို ဦးစားပေးစေချင်သည်။ ငုဝါကလည်းတစ်မျိုး။ သူမကကျတော့ အင်ဂျင်နီယာ ဖြစ်ချင်သူ။ သူ့အိမ်ကတော့ နှစ်ကြာကြာတက်ရမည့် ကျောင်းမျိုးကို မရွေးစေချင်ပြန်။ သူတို့က မိသားစုများပြီး ကျောင်းသားများသဖြင့် မိဘကို ညှာရမည်လေ။

ကျွန်တော်ရယ်၊ လျှံရယ် ဖိုးသကြန်ရယ်က အဆင်ပြေသည်။

လျှံလည်း သူ့အိမ်က ဆေးကျောင်းတက်စေချင်တာ မှန်သော်လည်း သူမအမေက လျှံ့ စိတ်သည်သာ အဓိက။ လျှံ ဖြစ်ချင်တာတွေကို ဖြစ်ခွင့်ပေးမှာ သေချာသည်။

"လရောင်က ဘာလုပ်မှာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ငါ ဆေးကျောင်းမတက်ချင်ဘူး၊ ဒါပေမဲ့ ..."

"သူ့ မွေးသမိခင် ငါ့အဒေါ်က သူ့ကိုသတ်မှာ"

ဖိုးသကြ်န်က ထိုသို့ဝင်ပြော၍ လရောင်က မျက်စောင်းထိုးသည်။ အားတော့မပါ။ ဟုတ်နေသည်ကိုး။ ကျွန်တော်က ဝင်မေးလိုက်သည်။

"ကဲ ... ဒါဆို ပညာရှိကို မေးပါဦးမယ်"

"မေးစေ"

"လရောင်ကို မှင်းဘယ်လို အကြံပြုမလဲ၊ သူ ဖြစ်ချင်တာ၊ လုပ်ချင်တာက တခြား၊ သူ့မိဘ ဖြစ်စေချင်တာကတခြား ဖြစ်နေတာလေ"

"ဒါကြောင့် ညှိယူရမယ်လို့ ပြောတာပေါ့"

"ဘယ်လိုညှိမလဲ၊ မိဘဖြစ်စေချင်တာ လွန်ဆန်ရမလား၊ ကိုယ့်ဟာကိုယ် စိတ်ဆင်းရဲခံမလား၊ ဘယ်လိုလုပ်ရမလဲ"

သူ့အတွက် မေးနေတာမို့ လရောင်က အာရုံစိုက်ကာ နားထောင်သည်။

"သူ ဖြစ်ချင်တာ ဝါသနာပါတာကို မိဘကို တင်ပြပေးရမယ်၊ ဒီခေတ်ရဲ့ တိုးတက်မှုစနစ်နဲ့ ဒီပညာရပ်ရဲ့ အသုံးဝင်ပုံကို ချိန်ထိုးပြရမယ်"

"လက်မခံရင်ရော"

လရောင်က ပြန်မေး၏။

"လက်မခံရင်၊ မိဘကိုလည်း မလွန်ဆန်ချင်ရင် ကိုယ့်ဘာသာကိုယ် ဖြေရတော့မယ်၊ ငါ ဒီဘွဲ့ယူလိုက်လည်း ဂုဏ်ရှိမှာပဲ၊ ကွန်မျူတာ ပညာရပ်တွေက အပြင်မှာ ပိုက်ဆံပေး သင်လို့ရတယ်၊ ကိုယ့်ဘာသာကိုယ် လေ့လာလို့ရတယ်၊ ဆေးပညာက အဲလိုမရဘူး၊ မိဘဖြစ်စေချင်တာ လုပ်ပေးပြီး ကိုယ့်ခြေပေါ် ကိုယ်ရပ်နိုင်မှ ကိုယ့်ဘာသာကိုယ် လမ်းရွေးပေါ့၊





ပညာရပ်နှစ်ခုကို တစ်ပြိုင်တည်း လေ့လာယူပြီး အပင်ပန်းခံနိုင်ရင်တော့ မေလရောင်ဟာ ယောက်ျားတစ်ယောက်ကို ကောင်းကောင်းလုပ်ကျွေးနိုင်မှာ သေချာသွားပြီ"

အကောင်းပြောနေရင်းက ရအောင်ဖောက်သဖြင့် ရယ်ကြရသေးသည်။

"ဘာကိစ္စနဲ့ ယောက်ျားကို လုပ်ကျွေးရမှာလဲ၊ ယောက်ျားယူမှတော့ ရှာကျွေးမယ့်သူယူမှာ"

လရောင်က ခပ်တည်တည်နှင့် ပြန်ပြော၏။

"နင်ဟာလေ ခေတ်နောက်မှာ ကျန်ခဲ့ပြန်ပြီ၊ ခုခေတ်က ယောက်ျားလေးတွေက ကိုယ့်ဟာကိုယ် ရှာစားနိုင်တဲ့ မိန်းကလေးတွေကို ဒုတိယဦးစားပေးတယ်၊ ပထမဦးစားပေးက သူတို့ကိုပါ ရှာကျွေးမယ့် မိန်းကလေးချ။ သိရဲ့လား"

"ဒါဆို နင်လည်းပါတာပေါ့"

ငုဝါက နှာခေါင်းရှုံ့ကာ ဝင်ပြောတော့ ဖိုးသကြ်န်က လက်မထေ...သည်။

"ငါလိုလူမျိုးက သိပ်ရှားနေပြီ၊ နင် အမြန်စိတ်ကူးပြီး လျှောက်လွှာတင်ထား၊ အမေ့ဆီမှာဆို လျှောက်လွှာ ၁၁၁၁၁၆ စောင် ရှိနေပြီ၊ မစိစစ်ရသေးဘူး"

ငုဝါက ခြေကာလက်ကာနှင့် ငြင်းသည်။

"ဝေးသေး နင့်များ"

"မိုးတိမ်ရော"

အလကားနေရင်း ကျွန်တော့်ကို ဆွဲထည့်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ...ငါ့ကို ဆွဲမထည့်နဲ့"

"နင်တို့ သိထားရမှာက မိုးတိမ်လည်း ငါ့လောက်နီးနီးကို ကောင်းရှာပါတယ်"

ဖြစ်ပုံက ကျွန်တော်ပင် သူ့ကိုမမီသော၊ သူ့လောက်နီးနီးထိပဲ ကောင်းနိုင်သောကောင် ဖြစ်သွားရသည်။ လှျံက စကားကို ဝင်ဖြတ်ပြော၏။

"ဒါက မေလရောင်ကိစ္စ၊ ငုဝါကိစ္စရော နင်ဘယ်လိုလုပ်မလဲ"

"ငုဝါလား"

"အင်း ..."

"ပြောနေတယ်လေ၊ လျှောက်လွှာတင်ထားလို့"

"ခွေးကောင်"

ပြောရင်းက ထပ်နှောက်နေသဖြင့် ငုဝါ ထဆဲတော့သည်။ ထိုအခါကျမှ ဖိုးသကြန် မျက်နှာပိုးသပ်၏။

"ငုဝါကျတော့ ခက်တယ်၊ အင်ဂျင်နီယာ ပညာရပ်ဆိုတာက အပြင်မှာ သင်လို့ လွယ်တာမဟုတ်ဘူး"

"အင်း ..."

"ခက်တာက သူတို့အိမ်က လူတွေကလည်း တော်လွန်းနေတယ်၊ နင်တို့ပဲ စဉ်းစားကြည့်၊ အစ်ကိုကြီးက ဆေးကျောင်းမှာ part II၊ အစ်မလတ်က မဟာသိပ္ပံ တက်နေတယ်"

"အင်းလေ"

"အိမ်က နင်တက်ချင်တာကို မတက်ဖို့ လရောင်လို တိတိလင်းလင်း တားလို့လား"

"အဲလိုတော့ မဟုတ်ဘူး၊ စရိတ်တွေကများတော့ မေမေက ညည်း





သလိုပြောတာ၊ အချိန်တိုတိုနဲ့ မြန်မြန်ပြီးမှာ တက်စမ်းပါတဲ့"

"နင်တို့က မရှိတဲ့လူတွေလည်း မဟုတ်ဘူး"

ကျွန်တော်က ထိုသို့ပြောမိ၏။ ကျွန်တော့် အမြင်မှာတော့ စရိတ်ကြီးတာ မှန်သော်လည်း ငုဝါတို့ မိဘတွေက တတ်နိုင်သူတွေထဲပါသည်ဟု ပြောနိုင်သည်။

"ဒီတော့ နင်က နင်ဖြစ်ချင်တာတွေကို စွန့်လွှတ်မှာလား"

"ဘယ်စွန့်လွှတ်ချင်ပါ့မလဲ"

"ပြီးတော့ ဒါက တစ်ဘဝလုံးစာ၊ နင်ကျတော့ လရောင်လို နှစ်မျိုးယူလို့ရမယ့်ကိစ္စ မဟုတ်ဘူး"

"အင်း ..."

"ဒီတော့ နင် သေချာမေးပါ၊ ညှိပါ၊ နင့်အစ်ကိုက Part II ဆိုတော့ ပြီးတော့မှာပဲ၊ House ပြီးရင် ပြီးပြီ"

"ဒါက ကြာဦးမှာ"

"အစ်မလတ်ကလည်း Thesis ပဲ ကျန်တာမဟုတ်လား"

"အင်း ... Thesis လုပ်တာက ပိုက်ဆံကုန်တယ်ဟ၊ ဒါတောင် သူက သူ့ဟာသူ စာပြပြီးရှာနေတာ"

"နင့်ညီမကရော"

"နောက်နှစ်ဆိုဆယ်တန်း ..."

"ဒါဆို နောက်နှစ်မှာ နင့်အစ်ကိုကလည်း House ပြီးမှာ၊ အစ်မလည်း ကျောင်းပြီးမှာ၊ နင်ပဲ ကျန်တော့မှာလေ၊ တစ်နှစ်လောက်ပဲ စရိတ်များမှာပါ"

"ဟုတ်တော့ ဟုတ်တယ်နော်"

"နောက်ဆုံးမှာ နင်ပဲကျန်မယ့်ဟာ၊ အစ်ကိုတွေ၊ အစ်မတွေကို



www.burmeseclassic.com

www.burmeseclassic.com



ရှာခိုင်းတော့ပေါ့”

“ဟုတ်တယ်၊ နင်ပြောပုံအရတော့ အားတက်စရာကြီး”

ငုဝါက ရယ်ရင်း ပေါ့ပါးစွာပြော၏။

“တွက်ဒရးကတော့ စက်သူဌေးပေါ့၊ ပြီးမှ ...”

ကျွန်တော်က ဝင်နှောက်တော့ ဖိုးသကြန်က ကျွန်တော့်ကို ရှုံ့ချသည်။

“မင်းဟာက အဖျက်ဘက်ကပဲ ပြောတာကိုး” တဲ့။

“ကဲ ကဲ ... အားလုံးကို ဆရာကြီးလုပ်ရတာ ပင်ပန်းသွားပြီ၊ လာ လာ သွားကြမယ်”

“ဘယ်လဲ”

“အနိုပ်ခန်း ... မဟုတ်ဘူးလို့၊ လက်ဖက်ရည်ဆိုင်”

အားလုံးက မျက်စောင်းကိုယ်စီနှင့် ဩဘာပေးကာ ထလိုက်လာကြသည်။

ဒီတစ်ခါတော့ လက်ဖက်ရည်ဆိုင်တွေ၊ ကော်ဖီဆိုင်တွေ ရွေးမနေကြတော့။ ခု သူတို့ရွေးရမှာက ဒီထက်အရေးကြီးတာ ဖြစ်သွားပြီလေ။ ငုဝါနှင့် လရောင်က ခေါင်းချင်းဆိုင်ကာ ဘာလုပ်ရမလဲ စဉ်းစားနေချိန်မှာ လှျံကတစ်မှောင့်။

“အမေက ငါ့ကို ဘာတက်စေချင်လဲ မသိဘူးနော်”

ရုတ်တရက်တော့ “နင်ပဲ ဆေးဆို” လို့ ပြောမိတော့မလို့ နည်းနည်းပဲ လိုသည်။ ပြီးမှ သူ ဆိုလိုတာက မပင္ဍာကိုဆိုတာ သဘောပေါက်လိုက်တာမို့ စိတ်ညစ်သွားရသည်။

“နင့်ဟာက နင့်အမေအရင်း တက်စေချင်တဲ့ဟာတောင် နင် မတက်





နိုင်ဘဲနဲ့ နင့်ဆန္ဒအရ လုပ်ချင်တာ ပေးလုပ်ထားတာကို နင်က သူများကို ထည့်တွေးနေသေးလား”

ကျွန်တော် ထိုသို့ပြောတော့ လှျံက ကျွန်တော့်ကို စူးစူးဝါးဝါး ကြည့်သည်။

“သူများ ဟုတ်လား”

“အင်းလေ”

“ဘယ်သူက သူများလဲ”

ကျွန်တော် ဘာဖြေရမှန်းမသိ ဖြစ်သွားရသည်။ ဖိုးသကြန်က ဝင်ပြီး ဓာတ်ရှိန်လျှော့ပေး၏။

“သူများရယ်တော့ မဟုတ်ဘူးပေါ့ဟာ၊ ဒါပေမယ့် နင့်ကို လုပ်ချင်ရာ ပေးလုပ်ထားတာကို ကျော်ပြီး နင်က ‘အလွဲသုံးစား မလုပ်နဲ့လေ”

“ငါ ဘာလုပ်လို့လဲ”

“နင်ပဲ ခု တစ်စုံတစ်ယောက်ရဲ့ဆန္ဒကို ဦးစားပေးချင်နေပြီ ဟုတ်လား”

“ဦးစားပေးတယ်ရယ် မဟုတ်ဘူး၊ ဘယ်လိုဆန္ဒရှိမလဲ သိချင်တာ”

“သိတော့ရော လိုက်လျောမှာမို့လား”

လှျံ အသံတိတ်သွားသည်။ ပြီးမှ ဂျစ်တစ်တစ်ပုံစံနှင့် ဖြေသည်။

“ငါနဲ့ စိတ်ချင်းတူရင် တူနေမှာပေါ့” တဲ့။

တစ်ခါတုန်းက မေမေ့ကို ဘွားဘွားက ပြောသလိုမျိုးသာ ပြောချင်တော့သည်။ “မွေးထားရတာ ဝမ်းရေစပ်တယ်” ဆိုတာမျိုး။ ဖွားဖွားက မေမေ့ကို ခေါင်းမာပြီး ပြောမရ ဆိုမရတိုင်း ပြောတတ်သော စကားဖြစ်သည်။ ကျွန်တော်က သူ့အမေကိုယ်စား ထိုသို့ပြောချင်နေမိတာ မလွန်

www.burmeseclassic.com

လောက်ဟု ထင်သည်။

လျှံကတော့ ဘာတွေ တွေးတောနေမှန်းမသိ။ အပြုံးရိပ်တို့ စွန်းပေနေသော မျက်နှာလေးနှင့် တစ်နေရာကို ငေးနေသည်။ ထိုကြည်နူးမှုအတွေးသည် သူမအမေနှင့် ဆိုင်သလား၊ အမေ မပဉ္စာနှင့် ဆိုင်သလားဆိုတာကိုတော့ ကျွန်တော် တွေးမကြည့်ချင်သလို သိလည်း မသိချင်ပါ။

တစ်ခါတရံတော့ လောကသည် ဘာမှမသိသော သူများအတွက် အလွန်သာယာသည်ဟု ခံစားမိသေးတော့သည်။





# September

တကယ့်တကယ် ဝင်ခွင့်လျှောက်တော့ ကျွန်တော်ရယ်၊ လျှံရယ်၊ ဖိုးသကြန်ရယ်က UFL ကို လျှောက်သော်လည်း လရောင်ကတော့ အစ်ကိုဖြစ်သူ၏ အကြံပေးချက်အတိုင်း သမီးလိမ္မာလုပ်ကာ ဆေးကျောင်းကို လျှောက်သည်။

“သူ ပြောတာမှန်ပါတယ်၊ အိမ်ကဖြစ်စေချင်တာကို ငါ ခု ဒီအမှတ်နဲ့ ဒီအခြေအနေနဲ့မို့ လုပ်ခွင့်ရတာလေ၊ ငါ ဖြစ်ချင်တာတွေကကို ခဏမျိုသိပ်ထားလိုက်မယ်၊ ခုတည်းက ငါ ကွန်ပျူတာနဲ့ ပတ်သက်တဲ့ Program ပိုင်းကို စလေ့လာနေပြီ၊ အိမ်ကလည်း ပေးလုပ်တယ်၊ ဆေးစာတွေကို ငါ ခေါက်ျက်ချင်ပေမယ့် ဘယ်လောက် ပိုပင်ပန်းမှာလိုက်လို့၊ ငါ့စိတ်တွေ အဆင်ပြေသွားပြီ”

လရောင်ကို ဒီလိုလုပ်မယ့် မိန်းကလေးဟု ကျွန်တော် တစ်ခါမှ



www.burmeseclassic.com

www.burmeseclassic.com



မထင်ထားဘူးပါ။ မိဘကို ဒီလောက် နားလည်ပေးလိမ့်မည်လည်း မထင်။ ခုတော့ မေလရောင်က အခြေအနေအားလုံးကို balance လုပ်နိုင်သွားသည်။ သူ့စိတ်ထဲမှာ တကယ်ပဲ အဆင်ပြေမပြေကတော့ သူမှပဲ သိပါလိမ့်မည်။ ဘာပဲပြောပြော မေလရောင်တစ်ယောက် စိတ်ညစ်ညူး ထိုင်းမှိုင်းမနေတာ တော့ သေချာသည်။

"သူတို့ ဖြစ်စေချင်သလိုလည်းဖြစ်၊ နီးနီးနားနားလည်းဖြစ်အောင် ငါ နင်တို့နဲ့ပဲ အတူလျှောက်တော့မယ် မိုးတိမ်"

ဟု ဆိုလာသူက ငုဝါခိုင်။

သူမသည်လည်း လရောင်လို စကားကို ဖွဲ့နွဲ့မပြောတတ်သည်က လွဲလျှင် အငယ်ဆုံး ဖြစ်ပါလျက်နှင့် မိဘဆန္ဒကို တွေးသူတစ်ယောက်ပင်။

"နင် အင်ဂျင်နီယာ ဖြစ်ချင်တယ်ဆို ငုဝါ"

လျှံက တအံ့တသြမေး၏။

"ဟုတ်တယ်၊ ဒါပေမယ့်ဟာ ငါလည်း စိတ်မချမ်းသာဘဲ လုပ်ချင်တာ မလုပ်ချင်ဘူး၊ ငါ့မိဘတွေလည်း စိတ်မချမ်းသာဘဲ မလုပ်ချင်တာ မလုပ်ရ စေချင်ဘူး"

"နင်ကျတော့ရော"

"တစ်ခါတလေကျ ပထမ မရနိုင်ပေမယ့် တတိယလည်း မဖြစ်ချင် တဲ့အခါ ဒုတိယတော့ရအောင် ကြိုးစားလိုက်ရတာပဲ မဟုတ်လား၊ ခုလည်း ဒီလိုပဲပေါ့၊ ဒါက ဒုတိယဦးစားပေးလေ၊ အဝေးသင်နဲ့ ရိုးရိုးပဲ တက်လိုက် ရမှာထက်စာရင်တော့ တော်သေးတာပေါ့"

"အင်း ... လိမ္မာလိုက်ကြတာ"

ကျွန်တော်က အဲလို မှတ်ချက်ချတော့ လျှံက "တစ်ယောက်မှ





လျှံ့လို မဟုတ်ဘူးနော်" ဟု ဆို၏။

"နင့်လို ဘာဖြစ်စရာလိုလဲ လျှံ၊ နင့်အမေက နင်ဖြစ်ချင်တာ ဖြစ် ခွင့်ပေးမယ့် အမေပဲ၊ သူ ဖြစ်စေချင်ယ်ဆိုတာကလည်း စိတ်ကူးသက်သက် ပဲလေ၊ နင့်ဘဝမှာက ဘာမှ balance လုပ်ယူစရာမှ မလိုတာ"

ထိုသို့ ငုဝါက ဝင်ပြောသဖြင့် လျှံတစ်ယောက် အနည်းငယ်တော့ စိတ်သက်သာရာ ရသွားပုံရသည်။ ဝင်ခွင့်တွေတင်ပြီး ပြန်လာတော့ ဖိုးသကြန်က ကျွန်တော့်ကို အိမ်ခေါ်သွားသည်။

"ဘာလဲ၊ ထမင်းကျွေးမလို့လား"

"ထမင်းချည်းပဲက ရပါတယ်၊ မင်း တွဲစားရမှာကတော့ သိပ်အဆင် ပြေမှာ မဟုတ်ဘူး"

"ဟုတ်လား"

"အစစ်ပဲ"

ထိုအထိ ကျွန်တော် နားမလည်နိုင်သေး။

"ကဲ ... သူငယ်ချင်း ငါက မင်းလိုမဟုတ်ဘူး၊ တည့်တည့်ပြောမှ အဆင်ပြေတာ၊ လိုရင်းကိုပြောတော့"

"ကောင်းပြီ၊ ငါပြောမယ်၊ မနေ့က အမေတို့ကျောင်းမှာ ဆရာ၊ ဆရာမတွေ gathering တစ်ခုလုပ်တယ်၊ အဲဒီမှာ အမေ့သူငယ်ချင်း အဟောင်း ဆရာ၊ ဆရာမတွေ ပါတာပေါ့"

"အင်း ..."

ခုထိ စိတ်ဝင်စားစရာ မကောင်းသေး၊ သို့သော် ကျွန်တော် နား ထောင်နေလိုက်သည်။

"အဲဒီထဲက အမေ့သူငယ်ချင်း တစ်ယောက်က ဘယ်သူလို့ထင်လဲ"



www.burmeseclassic.com

www.burmeseclassic.com



အရေးထဲ။

"ငါက ဘယ်လိုသိနိုင်မှာလဲ"

"လျှို ပြောပြောနေတဲ့ မပဒ္မာရဲ့ အစ်မတွဲ"

"ဘာ ..."

ကျွန်တော် တအံ့တသြ ဖြစ်သွားရသည်။

"မင်းအမေက လျှို့ကိစ္စတွေ သိတယ် မဟုတ်လား"

"သိတယ်၊ ငါက အကုန်ပြောထားတာကိုး"

"ဒါနဲ့ ..."

"အဲဒါနဲ့ ဆက်စပ်မိပြီး မေမေနဲ့ သူနဲ့ လျှို့အကြောင်း မပဒ္မာအကြောင်း ပြောဖြစ်ကြတယ်"

"ဘာတဲ့လဲ"

"အဲဒီ လျှို့ပြောတဲ့ မပဒ္မာဆိုတာ ခုမှ ၃၈ နှစ်ပဲ ရှိသေးတာတဲ့"

"အင်း ..."

"သူ့မှာ အိမ်ထောင်ရှိတယ်၊ တကယ့် မပဒ္မာလိုပဲလို့ ပြောရမလားပဲ၊ သူက သူ့ကိုယ်သူ ထင်ယောင်ထင်မှားနဲ့ ကိုယ်ဝန်ရှိနေတယ်လို့ ထင်တဲ့ အချိန်မှာ သူ့ယောက်ျားက ဆုံးတယ်၊ ဆုံးချိန်မှာ သူ သတိလစ်ပြီး လဲကျလို့ ဆေးရုံရောက်သွားကတည်းက စတော့တာပဲတဲ့"

"ဘာစတာလဲ"

"သူ ဆေးရုံရောက်နေတာဟာ ကလေးလာမွေးတာ၊ ဘယ်မှာလဲ ကလေးဆိုတာက စတော့တာပဲ"

"သူ့ယောက်ျား သေတာရောသိလား"

"သိတော့သိတယ်၊ လက်ခံတယ်လည်း မဟုတ်ဘူး"





"ကလေးကရော"

"နဂိုကတည်းက ကိုယ်ဝန်က ရှိတာမှမဟုတ်တာ၊ သူ့ဟာသူ ထင်နေတာ"

ကျွန်တော်ကတော့ "အဲဒီကတည်းကစတာ" ဟု မှတ်ချက် ချနေမိသည်။ ဖိုးသကြ်န်က ဆက်ပြော၏။

"အမှန်ဆိုရင် သူ အဲလိုဖြစ်ပျက်ပြီး လေးနှစ်အကြာမှာ လျှို့ကို တွေ့တာ၊ အဲဒီအချိန်မှာ လျှို့က လေးတန်းလေ၊ စဉ်းစားကြည့်၊ မဖြစ်နိုင်တာကြီး"

"နဂိုတည်းကမှ **မဖြစ်နိုင်တဲ့ဟာ**"

"အင်းလေ၊ ဒါပေမယ့် **သူ့အိမ်က** သူ စိတ်ချမ်းသာရင်ပြီးရောဆိုပြီး အလိုလိုက်တာလည်းပါသလို၊ သူတို့ကိုယ်၌က ချစ်စရာကောင်းတဲ့ လျှို့ကို ချစ်သွားကြတာနဲ့ ဒီတိုင်းပဲ လက်ခံထားလိုက်တာတဲ့"

"အဲဒါကတော့ မမိုက်ပါဘူးကွာ၊ လျှို့စိတ်ထဲ ဒီမဟုတ်တာကြီးက အဟုတ်လို့ စွဲနေပြီး စိတ္တဇဖြစ်နေတာ ကောင်းမလား"

"အေး ... သူတို့က မင်းစဉ်းစားသလို စဉ်းစားမှာမှ မဟုတ်တာ၊ လူတိုင်းက အတ္တရှိတယ်လေ၊ သူတို့နှမ စိတ်ပြေလက်ပျောက် ဖြစ်တာကို သူတို့ မြင်ချင်မှာပဲ၊ ဒါက ပထမအတ္တ၊ ဒုတိယအတ္တက သူတို့ကိုယ်၌ကိုက လျှို့ကို ချစ်ခင်လိုလားတာ"

"ချစ်တာဟာ အတ္တမှမဟုတ်တာ ဖိုးသကြ်န်"

ဖိုးသကြ်န်က ကျွန်တော့် စောဒကတက်မှုကို ရယ်၏။

"အဲဒီ ဖိလိုဆိုဖီတွေကို နောက်မှ ရှင်းကြငြင်းကြမယ်၊ ခုတော့ လျှို့ကိစ္စ ဆက်ပြောရအောင်"



www.burmeseclassic.com

www.burmeseclassic.com

"အင်း ... ဆက်ပါဦး"

"ခုလက်ရှိ အခြေအနေအရ မပဋ္ဌာဟာ ကျန်းမာရေး တော်တော် မကောင်းတော့ဘူး"

"သူတို့ စိတ်ရောဂါကု ဆရာဝန်နဲ့ ပြရမှာလေ"

"မင်း အတွေးတွေ၊ အကြံတွေ ဝင်ဝင်မပြောနဲ့၊ ဟိုက မိသားစုက အဲလို ဝန်ခံပြောပြရမှာတောင် ရှက်တဲ့အတွေးအခေါ်တွေ ပိုင်ဆိုင်ထားတယ်၊ ဒါတောင် ပညာတတ်တွေနော်၊ မေမေ့ကို ပြောပြတာတောင် မေမေက လျှံနဲ့ ပတ်သက်နေပြီး အတော်များများလည်း သိထားတဲ့သူ ဖြစ်နေလို့၊ မဟုတ်ရင် ပြောမှာမဟုတ်ဘူး"

"ခက်တယ်"

"ခက်တာတော့ ပြောမနေနဲ့၊ အဲဒီထဲမှာ လျှံတောင်ပါသေးတယ်၊ သူက အခက်ဆုံး"

"ဟုတ်တယ်နော်"

ကျွန်တော် အလကားနေရင်း လျှံ့အတွက် စိတ်ရှုပ်သွားရသည်။

"လျှံ့ကို တွေ့တဲ့အချိန်ဆိုရင်တော့ ဘာပဲဖြစ်နေနေ ငြိမ်ကျသွားတာပဲတဲ့"

"ဘာပဲဖြစ်နေနေဆိုတာက ..."

"ဆိုလိုတာက သူ ခုနောက်ပိုင်း ပိုဆိုးလာတယ်၊ လူကျန်းမာရေးရော၊ စိတ်ကျန်းမာရေးရောလေ၊ တစ်ခါတစ်ခါ အရမ်းကြမ်းတယ်လို့ပြောတယ်၊ အိမ်ကနေလည်း ခိုးထွက်သွားတတ်လို့ မျက်ခြေမပြတ် ကြည့်နေရတယ်တဲ့"

"ဒါကို လျှံ သိလား"





"သူ သိလား မသိလား ငါ မသိဘူး၊ ပြီးတော့ သူ့ကို ငါတို့က ဒါတွေ အသိပေးသင့်လား၊ မပေးသင့်ဘူးလားလည်း ငါ မသိဘူး"

ဖိုးသကြဲန် စကားကြောင့် ကျွန်တော်ပါ မြောက်တက်သွားသလို ခံစားလိုက်ရသည်။ ကျွန်တော့်အနေနှင့်က ဒါတွေကို အသိပေးသင့်သည်ဟု ယူဆမိ၍ အသိပေးသည့်တိုင် လျှံ့ စိတ်အခြေအနေအရ ဒါတွေကို အသိခံသင့် မခံသင့် ကျွန်တော် မဆုံးဖြတ်နိုင်။

"ငါလည်း မသိဘူး ဖိုးသကြဲန်"

"ဒါကြောင့် ငါလည်း မင်းကို သပ်သပ်ခေါ်လာပြီး ပြောတာ"

"မင်းအမေကရော ဘာပြောလဲ"

"အမေကလား၊ အမေကတော့ လျှံ့ကိစ္စကိုပဲသိတာ၊ လျှံ ခံစားနေတာတွေ၊ ဖြစ်ပျက်နေတာတွေ မြင်မှမမြင်ဘူးတာ၊ ပြီးတော့ လျှံ့စိတ်၊ လျှံက အသိတရားနဲ့ တွဲနေသေးလို့သာ၊ မဟုတ်ရင် သူက သူ့အမေရင်းတောင် တစ်မျိုးမြင်ချင်နေတဲ့အထိ လျှံ့မှာလည်း စိတ်ရောဂါ စွဲနေပြီလို့ ငါကတော့ စွပ်စွဲချင်တာပဲ"

ကျွန်တော်လည်း ယောင်တိယောင်ကန်းနှင့် ခေါင်းညိတ်လိုက်သည်။

"ခု အတိုင်းဆိုရင် ..."

ကျွန်တော်က ထိုသို့ပြောပြီး စကားကို ဖြတ်ထားတော့ ဖိုးသကြဲန်က မေးဆတ်ပြ၏။ ဆက်ပြောလေပေါ့။

"ငါတို့ မပြောဘဲထားတာ ပိုကောင်းမလားလို့"

"အေး ... ငါလည်း အဲလိုတွေးမိတာပဲ"

"ပြီးတော့ ငါတစ်ခု စဉ်းစားမိတယ်"

"ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com

“လျှံ့ကိုလည်း စိတ်ရောဂါကု ဆရာဝန်နဲ့ ပြသင့်သလားလို့”

လျှံ့ကို စိတ်ရောဂါရှိနေပြီဟု စွပ်စွဲခဲ့သော ဖိုးသင်္ကြန်က တဟားဟား ထရယ်သဖြင့် ကျွန်တော် နားမလည်နိုင် ဖြစ်သွားရသေးသည်။ ရယ်လို့ဝမှ ပြောသည်။

“မင်းပဲ လျှံ့အမေကို အကြံသွားပေးလိုက်ပါ၊ အန်တီ့သမီးတော့ စိတ်ရောဂါစွဲနေပြီလို့ ဖိုးသင်္ကြန်က ပြောတယ်၊ ဒီတော့ ကျွန်တော့် တိုက်တွန်းချက်အရ စိတ်ရောဂါအထူးကု ဆရာဝန်နဲ့ သွားပြကြည့်ပါလားလို့ မင်းသွားပြောလေ”

ကျွန်တော် အင့်ခနဲ ဖြစ်သွားရသည်။

ဖိုးသင်္ကြန်ပြောတာ မှန်သည်ပဲ။ ကျွန်တော်တို့မှာ ထိုသို့ သွားပြောနိုင်ခွင့်မရှိ။ ဒီလိုပြောခွင့်မရှိလို့ ကိုယ့်သူငယ်ချင်းကိုယ် လက်ဆွဲပြီး ဆရာဝန်ဆီ ခေါ်သွားလို့ရလားဆိုတော့လည်း မရနိုင်။ လောလောဆယ် အဖြစ်ချင်ဆုံးဆန္ဒကို ပြောပါဆိုလျှင် Psychiatristဟု ဖြေမိမည်လား မပြောတတ်။ ဘာလို့များ ချက်ချင်းကြီး လျှံ့အတွက် ဒီလောက် စဉ်းစားပူပူနေမိသလဲဟု လာမမေးနှင့်။ ဖြေစရာမရှိ။ ခုတစ်လော ဒီလို ဖြေစရာမရှိသည့် ကိစ္စတွေက ကျွန်တော့်မှာ များများလာသလိုပင်။

“ငါတို့ လုပ်နိုင်တာက လျှံ့ကို စောင့်ရှောက်ဖို့ပဲ ရှိတော့တာပေါ့”

ကျွန်တော်က ထိုသို့ပြောပြန်တော့လည်း ဖိုးသင်္ကြန်က ခေါင်းခါပြန်သည်။

“မွေးထားတဲ့ သူ့မိဘတောင်မှ စောင့်ကြည့်နေတဲ့ကြားက လွတ်သေးတာ၊ မင်းနဲ့ ငါက ဘာကောင်မို့လဲ၊ ၂၄ နာရီ သူ့နားမှာနေရတဲ့ ဘော်ဒီဂတ်လည်း မဟုတ်”





“မင်းကလဲကွာ၊ အဲလိုမဟုတ်တောင် ...”

“အဲလိုမဟုတ်တောင်တွေ ဘာတွေ လုပ်မနေနဲ့ မိုးတိမ်၊ မင်းရဲ့ လျှံက အဲဒီအိမ်ကို တစ်လသုံးခေါက်လောက် အနည်းလေး ရောက်တာတဲ့”

“ဘာ ...”

“ဟုတ်တယ်၊ ငါ့ကို မြတ်သစ်ကိုယ်တိုင် ပြောတာ”

“မင်းနဲ့ မြတ်သစ်က ဘယ်လို”

ကျွန်တော်က တအံ့တဩနှင့်မို့ မေးလိုက်မိတာ ဖြစ်သော်လည်း ဖိုးသင်္ကြန်က ခွီးခနဲ ထရယ်ကာ “ချိန်းတွေ့တာ၊ ချိန်းတွေ့ကြတာ” ဟု ဆိုလေသည်။

“ငါ အဲလိုမဆိုလိုပါဘူး၊ အံ့ဩလွန်းလို့ မေးတာပါ”

“ဘာကိုအံ့ဩတာလဲ၊ ငါနဲ့ မြတ်သစ်ကိုလား၊ လျှံ့ကိုလား”

“နှစ်ခုလုံးပဲ”

“ငါနဲ့ မြတ်သစ်က ပြီးခဲ့တဲ့အပတ်က ဒဂုန်စင်တာမှာ တွေ့တာ၊ ဒီလိုပဲ သွားရင်လာရင်း တွေ့ကြမှာပဲ၊ လျှံ့ကိုပဲ အံ့ဩ၊ ဘယ်လိုများ လစ်ထွက်သွားလဲလို့ အံ့ဩ”

ဟုတ်ပါရဲ့။

လျှံဆိုသော ကောင်မလေး။ ကျွန်တော်တို့နှင့် တစ်ပတ်သုံးရက်မက တွေ့နေပါလျက်၊ အိမ်ကကားနှင့် ကြိုပို့နေပါလျက် သူ့အမေဟု ထင်နေသော မပဋ္ဌာဆီကို တစ်လသုံးခေါက်လောက် ရောက်နေတာကတော့ ကျွန်တော်တို့ စောင့်ကြည့်မှု ညံ့လို့လား၊ သူ့မိဘတွေ၏ ထိန်းသိမ်းမှု လျော့ရဲလို့လား၊ သူကိုယ်၌ကိုက သိပ်စွမ်းနေတာလားပင် မတွေးတတ်တော့။

ထိုနေ့က ကျွန်တော် ဖိုးသင်္ကြန်ထံမှ စိတ်ရှုပ်ထွေးစွာနှင့်သာ ပြန်



www.burmeseclassic.com

www.burmeseclassic.com



လာခဲ့ရသည်။ ဘာအဖြေမှမရလိုက်။ ကာယကံရှင်တွေကတော့ ဘယ်လိုမှ နေကြမှာ မဟုတ်ပါဘဲနှင့် ကျွန်တော်က ကြားထဲက တောက်လောင်စွာ ခံစားနေရတာ ဘာကြောင့်များလဲဟုသာ ကျွန်တော် တွေးနေမိတော့သည်။

○





## October

ခုတစ်လော လျှံ ပျောက်ချက်သား ကောင်းနေတာမို့ ဖုန်းဆက်ကြည့်ရန် ကြိုးစားရတော့သည်။

"မေမေ"

"ဘာလဲ သား"

"ဖုန်းခဏလောက်"

"အေး ... အေး ... ဟိုမှာ ချာဂျင်သွင်းထားတယ် ယူသွား၊ ပြီးရင် ပြန်ယူလာသွင်းပေးနော်"

"ဟုတ်"

ကျွန်တော်က လျှံ့အိမ်ကို ဖုန်းခေါ်သည်။ လာကိုင်သူက လျှံကိုယ်တိုင်။

"မိုးတိမ်လား"



www.burmeseclassic.com

www.burmeseclassic.com



"နင် ငါ့အသံ မှတ်မိသားပဲ"

"အင်း ... မှတ်မိတယ်၊ ပြော ဘာလဲ"

"နင် ခုဘာလုပ်နေလဲ"

"ငါလား မေမေက တစ်ချောင်းထိုး သင်ပေးနေတာနဲ့ ပုဝါတစ်ထည် ထိုးနေတယ်"

"ဟုတ်လား၊ ဘယ်သူ့အတွက်လဲ"

လျှံကမဖြေ။ ထိုမေးခွန်းကို စာမေးပွဲမှာ မဖြေလိုသော မေးခွန်းတစ်ခုကို ကျော်၍ ရွေးလိုက်သည့်နှယ် ကျော်ပစ်သည်။

"နင်ကော ဘာလုပ်နေလဲ"

"ငါလား နင့်ဆီ ဖုန်းပြောနေတယ်"

လျှံက ခပ်တိုးတိုးရယ်၏။

"နင် မကပ်ပါနဲ့၊ ငါ မေးတာက ဖုန်းမဆက်ခင်က ..."

"ဖုန်းမဆက်ခင်က စဉ်းစားနေတယ်"

"ဘာအကြောင်းလဲ"

"နင့်အကြောင်း" ဟု ဖြေရန် အဆင့်မသင့်သေးသဖြင့် မဖြေမိ။ သူ့လိုပဲ ကျော်ချရန် ကြိုးစားတော့လည်း မအောင်မြင်။ ထို့ကြောင့် ဇဝေဇဝါ ပြောမိသည်။

"ဒီလိုပါပဲ၊ ဟိုဟိုဒီဒီပေါ့"

"တောင်တောင်အီအီတွေကော ပါသေးလား"

"ဟင် ... ဘာလဲ တောင်တောင်အီအီ"

"သိဘူးလေ၊ အဖွားပြောနေကျ စကားလုံးကို သတိရလို့ သုံးကြည့်တာ"





ထိုသို့သော အလာပ သလာပများနှင့် လိုရင်းကို ဝေ့နေမိကြသည်။

"နင် ခုတစ်လော ပျောက်နေသလိုပဲ"

"ဟင် ... ဘာလို့လဲ၊ ဒီလိုပါပဲ၊ ဖိုးသကြန်အဖေက စာမှမသင်အားတာ၊ ဘယ်တော့ပြန်စမှာတဲ့လဲ၊ ငါလာမှာပေါ့"

"မဟုတ်ဘူးဟေ့၊ ငါတို့နဲ့ လက်ဖက်ရည်ဆိုင်တောင် လာမထိုင်တာကို ပြောတာ"

"ဪ ... ဦးကြီး နေမကောင်းလို့ဟ"

"ဪ ... မသိပါဘူး၊ ငါက နင်များ ဘာဖြစ်နေလဲလို့"

"ဘာမှမဖြစ်ပါဘူးဟာ၊ နင်တို့ကိုတော့ သတိရပါတယ်၊ ငါ မနက်ဖြန် လာခဲ့မယ်လေ"

"မလာနဲ့ မလာနဲ့၊ ငါတို့လာခဲ့မယ်"

ကျွန်တော့် ဟန့်တားသံက အထိတ်တလန့် နိုင်သွားတာ သေချာသည်။ လျှံပင် ငြိမ်သက်သွား၏။ ပြီးမှ စူးပွပွလေသံနှင့် မေးသည်။

"အဲဒါက ဘာဖြစ်တာလဲ၊ အထိတ်တလန့်နိုင်လိုက်တာ"

"အာ ... ဘာမှမဖြစ်ပါဘူး၊ ဒီမှာ ငါ့ကြောင်အခန်းထဲ ဝင်မှာစိုးလို့ ရောအော်လိုက်တာ"

"ဪ ... နင်ကလဲ ..."

ကောင်းလိုက်သည့်ဉာဏ်။ ကိုယ့်ကိုယ်ကိုယ် အမှတ်တွေ အများကြီးပေးပစ်လိုက်ပြီးမှ ကျွန်တော့်ကို တင်းတင်းကြီး ကြည့်နေသော အခန်းတံခါးကို အားနာလာသည်။ ဘာမှမတတ်နိုင်တော့။

"ဪ ... ဒါနဲ့ နင် ငုဝါတို့ မေလရောင်တို့နဲ့ကော တွေ့သေးလား"

"မေလရောင်နဲ့ တွေ့တယ်၊ ဟိုတစ်နေ့ကပဲ ဒဂုန်စင်တာမှာ"



www.burmeseclassic.com

www.burmeseclassic.com

“နင်က ဈေးသွားဝယ်တာလား”

“ဟင့်အင်း … ဈေးလျှောက်ပတ်တယ်၊ အဲဒီမှာ internetသွားထိုင်တယ်”

“ဟုတ်လား၊ ဒီတစ်ခါ ငါတို့ကိုခေါ်လေ”

လျှံက ချက်ချင်း ကန့်ကွက်သလို ပြန်ပြော၏။

“ငါက အရှမ်းကြာတယ်၊ အထူးသဖြင့် ဈေးပတ်တာ၊ နင်တို့ စိတ်ရှည်မှာ မဟုတ်ဘူး၊ internet မှာဆိုလည်း ကြာတာပဲ”

ဈေးပတ်တာဖြင့် ကျွန်တော် နားတောင်မလည်။ မေမေလည်း ထိုသို့မသွားတတ်။ သားအမိနှစ်ယောက် လိုတာဝယ်ပြီး ပြန်ကြတာချည်းပင်။ လျှံကရော ဘယ်တုန်းကဘယ်လို ဈေးပတ်တတ်သွားတာလဲဟု တွေးနေမိသည်။

“အေးပါ၊ ကြုံရင်တော့ လိုက်ပြီး internet ထိုင်တာပေါ့”

“အင်း … အင်း … ကြုံတဲ့အခါပေါ့”

ပြီးစလွယ် လိုက်လျောလိုက်သံက မကြုံအောင် ကြိုးစားဖို့ ဆုံးဖြတ်ထားတယ်ဆိုတာ အသိသာကြီး။ ဘာလဲ။ တကယ်ပဲ ကျွန်တော်တို့က ရှုပ်နေမှာစိုးတာလား၊ ဒါမှမဟုတ် ကျွန်တော်တို့ကို တကယ်ပဲ အားနာတာလား။ ကျွန်တော် ဖုန်းချလိုက်သည်ထိ စိတ်ထဲ မရှင်းမလင်းကြီး။ မေမေ့ကို ဖုန်းသွားပြန်ပေးတော့ မေမေက မေးသည်။

“လျှံလား သား”

“ဟုတ်”

“အေး … ဟိုတစ်နေ့က မေမေ မြေနီကုန်းကဖြတ်တော့ သူ့တောင် တွေ့လိုက်သေးတယ်”





“ဩော် … ဒဂုန်စင်တာနားမှာလား”

“ဟင့်အင်း … ကားတစ်စီးပေါ်မှာ Taxi ပေါ်မှာ”

“ဟင် … သူ့ကား မဟုတ်ဘူးလား”

“မဟုတ်ဘူး၊ သူ့ကား မပါလို့ထင်တယ်”

“တစ်ယောက်ယောက်ပါသေးလား မေမေ”

“ဟင့်အင်း … မပါဘူး၊ တစ်ယောက်တည်းပဲ”

“သူက အားနေ ဒဂုန်စင်တာ သွားပတ်နေတာတဲ့ မေမေ၊ ရှုပ်နေတာပဲ”

ကျွန်တော့်စကားက ဘာမှမဆိုင်။ ဒဂုန်စင်တာကို သွားပတ်နေတာနဲ့ ရှုပ်နေတာပဲက ဘယ်လိုမှ ဆက်စပ်စရာမရှိ။ သို့သော် မေမေက ရယ်ပြီး ကျန်ခဲ့သည်။ ကျွန်တော်က အခန်းထဲ ပြန်လာခဲ့ပြီကိုး။

ခုကျကာမှ ဖွင့်ထားသော အခန်းတံခါးထဲ ဝင့်ရန်ကြိုးစားနေသော ကြောင်ကို တကယ် မောင်းထုတ်ရတော့သည်။

“မလာနဲ့၊ သွား”

ကြောင်က ကျွန်တော့်ကို အသာမော့ကြည့်ကာ သည်းခံစိတ် ကြီးမားသူပမာ အသာလှည့်ထွက်သွားတော့သည်။

နောက်တစ်နေ့ မနက်မှာတော့ ဖိုးသကြန်ဆီ အရင်သွားရသည်။

“ကဲ … ပြောပါဦး၊ ပညာရှိမိုးတိမ်၊ ဘာတွေဖြစ်လာတာလဲ”

“မင်းပြောတာမှန်တယ်”

“ငါပြောတာအားလုံး မှန်တတ်ပါတယ်၊ ခုဘယ်ဟာကို ဆိုလိုတာလဲ”

“လျှံတစ်ယောက် တစ်လသုံးခေါက်လောက် သွားနေတယ်ဆိုတာ [illegible]”

www.burmeseclassic.com

"မင်း ဘယ်လို တွေ့တွေ့လာတာလဲ၊ ချောကလက် သွားဝယ်ရင်း တွေ့လာတာလား"

ဖိုးသကြန်က ကျွန်တော့်ကိုရိ၏။ ကျွန်တော်လည်း ကိုယ့်အပြစ်နှင့် ကိုယ်ခံရတာပင်။ အမှန်တော့ တစ်ကြိမ်ဆို ဖိုးသကြန်ပါ ပါခဲ့သည်ပဲ။ သူရော သူ့ကို ဒီလိုတောင်းဆိုလျှင် မလုပ်ပေးဘဲ နေနိုင်မှာတဲ့လား။

"မမေနဲ့ တွေ့လာတာ"

"မင်းအမေနဲ့၊ ဘယ်မှာလဲ"

"ဒဂုန်စင်တာနားမှာ ထင်တာပဲ၊ မမေကတော့ မြေနီကုန်းလို့ ပြောတာ၊ ပထမ သူနဲ့ငါ ဖုန်းပြောတယ်၊ သူ ဒဂုန်စင်တာမှာ လရောင်နဲ့ တွေ့တယ်တဲ့၊ ဘာသွားလုပ်တာလဲဆိုတော့ ဈေးပတ်တာ၊ internet လည်း ကြည့်တယ်တဲ့"

"အင်း ... ဒီတော့ ..."

"ငါလည်း လိုက်မယ်ဆိုတော့ ..."

"မလိုက်နဲ့တဲ့လား"

"အဲဒီသဘောပါပဲ၊ နှင်တို့ပျင်းနေမှာ၊ ငါက ဈေးပတ်တာကြာတယ်၊ စိတ်ဝင်စားမှာ မဟုတ်ဘူး၊ ဘာညာပေါ့"

"မင်းကပြောလိုက်ပါလား၊ ဈေးပတ်တာတော့ စိတ်မဝင်စားပါဘူး ဈေးလာပတ်တဲ့ ကောင်မလေးတွေကိုတော့ စိတ်ဝင်စားတယ်လို့"

ကျွန်တော် ရယ်မိသည်။

"အေး ... မင်းကိုယ်တိုင်ပဲ ပြောတော့"

"ကဲ ... ဆက်ပါဦး"

"အဲဒါနဲ့ ဖုန်းပြောပြီးချိန်မှာ မမေက လျှံနဲ့ပြောတာလည်း သိ





ရော သူ အဲဒီနားမှာ တွေ့ခဲ့တယ်လို့ ပြောတော့တာပဲ၊ ဒဂုန်စင်တာလား ဆိုတော့ မဟုတ်ဘူးတဲ့၊ ကြည့်ရတာ"

"လျှံတော့ ဘတ်ပြီးထွက်တာ ထင်တယ်"

ဖိုးသကြန်က ဖြတ်ပြော၏။ ကျွန်တော် ခေါင်းညိတ်ရင်း ဆက်ပြောမိသည်။

"အေး ... ဈေးပတ်တယ်ဆိုပြီး ကားကိုစောင့်ခိုင်းထား၊ သူက အသာ ခိုးထွက်ပြီး Taxiနဲ့ အသွားအပြန်လစ်၊ ကြိုတင်ပြင်ဆင်ပြီးသားဆိုတော့ ဟိုတစ်ခါ ချောကလက် အသင့်ဆောင်လာသလို သူ ပြင်ဆင်လာမှာပဲ"

"အဲဒါ မင်းက ဘာလုပ်ချင်လို့လဲ၊ ဘာလုပ်လို့ ရမှာမို့လို့လဲ"

"မသိလို့ မင်းကို ပြောပြနေတာလေ"

"ဘာမှလုပ်လို့မရဘူး၊ အရမ်းတိုက်ဆိုင်မှ ဒဂုန်စင်တာကို လိုက်လို့ ရမယ်၊ လိုက်ရင်တောင်မှ မင်းကိုလှည့်ပတ်ပြီး ဆွဲဆောင်ခေါ်သွားမှာပဲ၊ ဒဂုန်စင်တာကို ငါတို့က လိုက်ချောင်းဖို့ဆိုတာက သူ သွားချိန်သိမှ၊ သူ ကလည်း မင်းကိုရော၊ ငါ့ကိုရော ကြေညာပြီးမှ သွားမှာမဟုတ်ဘူး"

"ဒါတော့ မင်းပြောမှလား"

"အဲဒီထိများ ဝေးသလားလို့ ရှင်းပြတာပါ"

ကျွန်တော် ဘာမှပြန်မပြော။ စဉ်းစားနေမိသည်။ ဒီနေ့လို နေ့ချင်း ကြီး သွားပြီး "လာ ... ဒဂုန်စင်တာ သွားရအောင်" ဆိုတော့ကလည်း ကောင်းသေး။

"တကယ်ဆို ငါတို့ ဦးနှောက်သေးသေးလေးတွေနဲ့ စဉ်းစားနေလို့ လျှံအတွက် ဘာလုပ်ပေးရမှန်း မသိတာ ထင်တယ်နော်"

ကျွန်တော့်စကားကို ဖိုးသကြန်က လက်မခံ။



www.burmeseclassic.com

www.burmeseclassic.com



"သူ့အဖေ အမေက လူကြီးပါ၊ ဦးနှောက်ကလည်း ကြီးပါတယ် မိုးတိမ်ရဲ့၊ ခု ငါတို့ လုပ်နိုင်တာက တစ်ခုပဲရှိတယ်"

"ဘာလဲ"

"အချိန်စောင့်ဖို့ပဲ လောလောဆယ် မင်း လျှံ့ဆီ သွားမယ်ဆိုရင် သွားဖို့ပဲ၊ ဒါပဲရှိတော့တယ်"

ကျွန်တော် ခေါင်းကိုအသာညိတ်ရင်း ဖိုးသကြန်နှင့်အတူ လျှံ့ ဦးတည့်ထွက်ခဲ့ကြသည်။ ဘယ်အချိန် ရောက်မှာလဲတော့ မသိသေးပါ။

○





## November

မေလရောင် ကျောင်းစတက်နေပြီဆိုတော့ ကျွန်တော်တို့ကို လာလည်ဖို့ ခေါ်တာမို့ သွားဖြစ်ကြသည်။ ကျွန်တော်ရယ်၊ ဖိုးသကြန်ရယ်၊ ငုဝါခိုင်ရယ်။ 'လျှံ့' တစ်ယောက်က နေမကောင်းဖြစ်ကာ ကျန်ခဲ့၏။

"လျှံ့ကော"

"ဖျားတယ်တဲ့"

"ဟုတ်လား၊ ငါ ညကဆက်တော့ အကောင်းကြီးပါ၊ လာမယ်တဲ့"

"ညသန်းခေါင်ကျမှ ဖျားတာတဲ့"

"ဪ ... ဟဲ ဟဲ ... နောက်ခြောက်နှစ်ကျော်ရင် ငါကုလို့ရပြီ"

"ဟင် ... အဲဒီထိပဲ ဖျားပေးရဦးမှာလား"

လရောင်နှင့် ငုဝါ ပြောနေသည့်ကြားထဲ ထုံးစံအတိုင်း ဖိုးသကြန် ဖြတ်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... အဲလိုတော့ ဟုတ်မလား၊ အဲဒီခါကျရင်လို့ပြောတာ၊ အဲဒီထိလို့ မပြောဘူး၊ အန်တို့ သိက္ခာမှမထောက်၊ မြန်မာစကားလည်း မတတ်ဘူး"

"ငါ့အဖေသိက္ခာကို ထောက်တာ"

ဖိုးသကြံန်စကားကြောင့် လရောင် သူငယ်ချင်းနှစ်ယောက်က ရယ်သည်။ ဘာကိုရယ်မှန်းတော့ မသိ။ သူတို့သိတာက ခုံခတ် ဆေးကျောင်းမှ မိန်းကလေးများသည် အတော်ကြီးကို လှပလွန်းလာသည်ဆိုတာ။ ကြွကြွရွရွ လှလှပပ ထက်ထက်မြက်မြက် ထူးထူးချွန်ချွန်လေးတွေ ဆိုရင်တော့ အကောင်းဆုံးပေါ့။

"နောက်ဆို စာတွေတအားများလာရင် ငါ နင်တို့နဲ့ တွေ့နိုင်မှာ မဟုတ်တော့ဘူး၊ နင်တို့ ငါ့ကိုတော့ ပစ်မထားနဲ့နော်၊ လာခဲ့ကြ သိလား"

လရောင်က ထိုသို့မှာ၏။

ကျွန်တော်ကတော့ ဒါဟာ အစပဲဟု တွေးနေမိသည်။ လရောင်သည် တခြားသော လမ်းတစ်ခု၏ အစမှရောက်နေပြီ။ နောက် တဖြည်းဖြည်း ဝေးဝေးသွားဖို့ပဲ ရှိသည်။ တကူးတက ဖန်တီးမှသာ တွေ့ရတော့မည်။ ဒါဟာ ကျွန်တော်တို့ အားလုံးအတွက် ဘဝတစ်ဆစ်ချိုးအစလည်း ဖြစ်နိုင်သည်။

"နင်တို့ကျောင်းနဲ့ ငါတို့ကျောင်းကနီးတာပဲ၊ လာမှာပေါ့"

"အေး ... ဟုတ်တယ်၊ လမ်းမတော်ကျရင်သာဝေးမှာ"

"ရတယ်၊ နီးနီးဝေးဝေး ကိုယ့်ညီမကိုယ် စောင့်ရှောက်ရမယ့် ဝတ္တရား ရှိတာပဲ၊ မပူနဲ့ မပူနဲ့ လာမယ်"

ဖိုးသကြံန်၏ စကားကြောင့် သူ့ကို ဝိုင်းရယ်ကြသည်။ သူတို့ မောင်နှမဖြင့် တည့်အောင် မနည်းကြိုးစားနေရပြီးတော့။ ပြန်ထွက်လာ





ကြတော့ ငုဝါကပြော၏။

"ဖိုးသကြံန်ရယ် နင်ဖြင့် နင့်ညီမနဲ့ မတည့်ဘဲနဲ့ ဝတ္တရားရှိတယ်လေး ဘာလေးနဲ့"

"ဟာ ... ရှိတယ်၊ မတည့်တာက မတည့်တာ၊ ဝတ္တရားက ဝတ္တရား၊ နင် ဘာနားလည်လို့လဲ၊ လရောင် သူငယ်ချင်းနှစ်ယောက်က မိုက်တယ်"

"နင်ကတော့ ဒါပဲ"

"ဒါဆို နင်ကဟိုဟာပေါ့"

"ဘာ ... ဟိုဟာလဲ၊ အကောင်စုတ်"

"သိဘူးလေ၊ နင်က ဒါပဲဆိုလို့"

"ကဲ ကဲ ... ကိုက်မနေနဲ့၊ ဘာလုပ်မှာလဲ၊ ပြန်မှာလား"

"မပြန်ပါဘူး၊ လျှံ့ကို သွားကြည့်ရအောင်"

ငုဝါက သတိတရပြော၏။

"အေး ... ဟုတ်တယ်၊ ဒါဆို ငါတို့သွားရအောင်"

ကျွန်တော်တို့ ကားငှားပြီး လျှံ့အိမ်ကို ချီတက်ကြသည်။ ရင်ဘတ်ကို အလေးတစ်တုံးနှင့် ပေါက်ထည့်လိုက်တာကမှ ရှောင်၍အဆင်ပြေဦးမည်။ ခုဟာက သံမဏိတံခါးကြီးနှင့် ဆီးတားခံလိုက်ရသလိုပင်။ ခြံတံခါးက သော့ခတ်ထားသည်။

"ဟောတော့ ... အိမ်မှာလည်းမရှိဘူး"

ငုဝါက တအံ့တဩ ရေရွတ်၏။ ပြီးမှ 'ဆေးခန်းသွားတာလား မသိဘူး' ဟု ရေရွတ်နေပြန်သေးသည်။ ဒါနဲ့အားမရသေး။

"သု နေမကောင်းတာ ကြည့်မယ့်သူမရှိလို့ အန်တီ ရုံးကိုခေါ်သွားတယ် ထင်တယ်" ဆိုသော မှတ်ချက်ကိုလည်း ချနေသေးသည်။ ဘာ



www.burmeseclassic.com

www.burmeseclassic.com



မှတ်ချက်မှမပေးဘဲ ငြိမ်သက်နေမိတာက ကျွန်တော်။ ကျွန်တော်လိုပဲ ငြိမ်သက်စွာ တွေးနေသူက ဖိုးသကြ်န်။

"ဟဲ့ ... ငြိမ်နေကြတာ၊ ငါတို့ ဘာလုပ်မှာလဲ"

"ကော်ဖီဆိုင် သွားထိုင်မယ်လေ"

ဖိုးသကြ်န် စကားကြောင့် ငုဝါအာရုံများ လန်းသွားသလို 'ကောင်းတယ်' ဟု ထောက်ခံသည်။ ကျွန်တော်ဆိုသော တော့ကတော့ မေးဖြစ်အောင် မေးလိုက်သေးသည်။

"ဘယ်ဆိုင်လဲ"

"ဒဂုန်စင်တာက Café' Aroma"

ဖိုးသကြ်န်က ပီသကြည်လင်စွာ တစ်လုံးချင်းပြောလိုက်မှ ကျွန်တော် အလင်းရသွားတော့သည်။

"အေး ... သွားတာပေါ့"

ဒဂုန်စင်တာရောက်တော့ ငုဝါကိုမေးရသည်။

"နင် ကော်ဖီပဲသောက်မှာလား၊ ဟိုလျှောက်လျှောက် ဒီလျှောက်လျှောက်နဲ့၊ window shopping လုပ်ဦးမှာလား"

ငုဝါကရယ်၏။

"ဟီး ဟီး ... မိန်းကလေးပဲ၊ window shopping တော့ လုပ်မှာပေါ့"

"ဒါဆိုပြီးရော၊ Aroma ကို ပြန်လာခဲ့"

"အိုကေ ..."

ငုဝါ လုစ်ခနဲ ပျောက်သွားတော့သည်။

ထိုအခါကျမှ ကျွန်တော် စကားစရသည်။

"ငါတို့ကရော ဘာလုပ်မှာလဲ ဖိုးသကြ်န်"





"မင်းတာ ဒီမှာစောင့်၊ ဟိုနားဒီနားကြည့်၊ ငါက ကားပါကင်မှာ ကားသွားရှာမယ်"

"ကောင်းပြီ"

ဖိုးသကြ်န်၏ ဉာဏ်ပြေးပုံကိုလည်း ကျွန်တော် ကြိတ်ချီးကျူးလိုက်သည်။ ကျွန်တော်က ဟိုတစ်လျှောက် ဒီတစ်ခေါက် လျှောက်ကြည့်ရင်း ကောင်မလေးတွေ အများကြီးထဲမှာ လှျံများ ရှိလေမလားဟု မဖြစ်နိုင်မှန်းသိသိနှင့် ရှာနေမိသေးသည်။

အောက်ဆင်းသွားသော ဖိုးသကြ်န်က လှျံ့ကားကို ရှာရသည်။

ဟာ ... တွေ့ပါပြီ။

"ဦးကြီး"

"ဟာ ... ဖိုးသကြ်န်"

"လှျံကော"

"City Mart မှာ ဝယ်စရာရှိတာ ဝယ်ပြီးရင် internet သွားကြည့်မယ် ပြောတယ်"

"ဟုတ်လား"

"လူလေးတို့ ချိန်းထားလား"

"ဟင့်အင်း ... လှျံ့ကိုတော့ ကျွန်တော်နဲ့ တွေ့တယ်ဆိုတာ ပြောပြလိုက်နော်"

"အေး အေး ... အဲ ... အပေါ်မှာ တက်ရှာကြည့်ပါလား"

"ကျွန်တော် ပြန်ရတော့မှာမို့"

ပြောပြောဆိုဆို လှည့်ထွက်ခဲ့ပြီး သတိလစ်ခဲ့မိသော City Mart ထဲ ဝင်ရှာကြည့်မိသေးသည်။ မတွေ့။ သို့နှင့် ချောကလက်တစ်ပြားဝယ်ကာ



www.burmeseclassic.com

www.burmeseclassic.com

ပြန်ထွက်လာ၏။ အပေါ်ပြန်တက်လာတော့ မိုးတိမ်က ဆိုင်မှာထိုင်နေပြီ။

"တွေ့ခဲ့လား"

"အင်း ..."

"လျှံလား"

"သူ့ကား"

"ဟုတ်လား၊ ဒါဆိုရင်"

"မင်း ဗေဒင်တွက်ထားတဲ့ အတိုင်းပေါ့"

ဖိုးသကြန်က သူနှင့် ဦးကြီး တွေ့ခဲ့တာကို ကျွန်တော့်ကို ပြန်ပြော ပြသည်။ လျှံကတော့ ဟုတ်နေပါပြီ။

"ငါတို့ ကားနားက သွားစောင့်နိုင်တာပဲ"

ကျွန်တော်က ထိုသို့ပြော၏။ ဖိုးသကြန်က ဘာမှပြန်မပြော။ လက်ခံချင်ပုံမရ။ အတန်ကြာမှ ပြန်ပြော၏။

"သွားစောင့်ပြီး တွေ့တော့ဘာပြောမလဲ"

"ငါတို့ သူ တကယ်လုပ်နေတာ မျက်မြင်ကိုယ်တွေ့ မြင်ရုံကလွဲ ပြီး ဘာမှပြောလို့ လုပ်လို့မရဘူး"

"မင်းသိရင် ပြီးတာပဲ"

ခဏနေတော့ ငုဝါ ပြန်ရောက်လာသည်။ သူမက window shopping မလုပ်ဘဲ တံခါးမကြီးက ခုန်ဝင်သွားခဲ့ပုံရသည်။ လက်ထဲမှာ အိတ်တွေနှင့်။ သူမခေါင်းထဲ နေမကောင်းသောလျှံကော၊ သော့ခတ်ထားသော ခြံတံခါးကြီးရော၊ ဆေးခန်းရော ရှိတော့ပုံမပေါ်။

ကျွန်တော်တို့ အေးအေးဆေးဆေး ကော်ဖီဆိုင် ထိုင်ဖြစ်ကြသည်။ ထိုင်နေစဉ်မှာ မနေနိုင် မထိုင်နိုင်သော ကျွန်တော်က လျှံ့ကိုထရှာသည်။





ကားပါကင်ကို သွားကြည့်တော့ လျှံ့ကားလေးမရှိတော့။ ကျွန်တော် မောပြီး ပြန်လာခဲ့သည်။

ကျွန်တော် နေရာမှာ ပြန်ထိုင်တော့ ဖိုးသကြန်က မေးဆတ်ပြ၏။ ကျွန်တော် ခေါင်းခါပြလိုက်တော့ သူ သဘောပေါက်သွားပြီး ပြုံးသည်။ ဘာအပြုံးလဲတော့ ကျွန်တော်လည်း အဓိပ္ပာယ်မဖော်တတ်။ ငုဝါခိုင်ကတော့ ခုမှပြန်သတိရသော အသံနှင့်ပြော၏။

"ညကျ လျှံ့ဆီ ဖုန်းဆက်ဦးမှ၊ နေကောင်းရဲ့လားလို့"

"နေကကောင်းပါတယ်၊ မကောင်းတာလ 'လ' ပါ"

ဖိုးသကြန်၏ အပျက်စကားကြောင့် ငုဝါက မျက်စောင်းထိုးသည်။

"နင့်တော့ မပြောတော့ပါဘူး၊ မိုးတိမ်ပဲပြောမယ်"

"ငါလည်း ဆက်မှာပါ၊ သေချာပေါက်ဆက်မယ်"

ကျွန်တော့် စကားကြောင့် ဖိုးသကြန်က ကျွန်တော့်ကို မျက်မှောင် ကြုတ်ကာ ကြည့်၏။ မင်း ဘာလုပ်ဦးမလို့လဲ ဆိုသောသဘော။ မတတ် နိုင်။ ကျွန်တော် လျှံ့ကို တွေ့ချင်နေသည်။ အသံလေးဖြစ်ဖြစ် ကြားချင် နေသည်ဆိုတာကို သူ့ကို ဘယ်လိုရှင်းပြရမည်လဲ။ ဖိုးသကြန်ကတော့ ကျွန်တော် တစ်စုံတစ်ရာ သွားပြော မေးမှာစိုးပုံရသည်။ ကျွန်တော်တို့ တတ်နိုင်တာကို မလုပ်ဖို့ ကျွန်တော် ဆုံးဖြတ်ပြီးပါပြီ။ ကျွန်တော် တတ် နိုင်တာတော့ ကျွန်တော် လုပ်ချင်သည်။

ကျွန်တော် လျှံ့ကို နွေးထွေးစွာ သတိရနေသည်။ ထိုသတိရမှုကို ပြည့်ဆည်းရန် ကျွန်တော် လျှံ့ကို တွေ့ချင်သည်။ ထိုမတွေ့နိုင်မှုကို ကျွန် တော် မကြိုးစားပါ။ အသံလေး ကြားရုံမျှတော့ တတ်နိုင်သည့်အတွက် ဖုန်းတော့ ကျွန်တော်ဆက်ပါမည်။ ထိုစကားများထဲတွင် ဒုနံ့စင်တာကို

www.burmeseclassic.com

ရောက်ခဲ့တာ၊ ကားပါကင်မှာ သူမကားကိုတွေ့တာ၊ ကျွန်တော် ပတ်ရှာတာ၊ သူ့အိမ် ရောက်ခဲ့တာတွေ လုံးဝမပါစေရ။ ငုဝါက အိမ်ရောက်ခဲ့တာကို ပြောလျှင်တော့ ဘာမှမတတ်နိုင်။

ရုတ်တရက်ကြီး ငြိမ်သက်သွားကာ တွေးတောနေသော ကျွန်တော့်ကို ဖိုးသကြ်န်က မသင်္ကာသလို ကြည့်နေတာ ကျွန်တော်သိသည်။ မတတ်နိုင်ပါ။ ကျွန်တော့် တိမ်တိုက်များ အရှမ်းကို လေးလံလာနေပြီ။ ရွာချမှ ဖြစ်တော့မည်လေ။

o





## December

ကျွန်တော်တို့ ကျောင်းမှာက ဆေးကျောင်းထက် မိန်းကလေး ချောချောလှလှ အမိုက်စားလေးတွေ ပိုများသဖြင့် မေလရောင်ဆီကို သွားရော မလိုတော့ဟု ဖိုးသကြ်န်ကဆိုသည်။ တကယ်လည်း သည် လှပခေတ်မီ ဆက်ပြက်သော ပန်းကလေးများ စုဝေးရာပင်။ ထိုအထဲတွင် လှျံတစ်ယောက် သည်း ပါသည်။ ငုဝါလည်း ပါသည်ပင်။

လှျံ့ပုံစံက အထက်တန်းတုန်းကနှင့်မတူ ခြားနားသွားသည်။ ဘာ ခြားနားတာလဲတော့ မမေးနှင့်။ ကျွန်တော် မဖြေတတ်။ ကျွန်တော့် တစ် ယောက်တည်း၏ စိတ်ထဲမှာမှ ကွက်ပြီး ခြားနားသွားတာတော့ မဟုတ် ထန်ရာ။

"ရာသီဥတုက စအေးလာပြီနော်"

လှျံက ကိုယ်ကလေးကျုံ့ကာပြော၏။ ငုဝါကတော့ လက်မခံ။

www.burmeseclassic.com

“အနေတော်ပါပဲ၊ ခုမှ နေလို့ကောင်းလာတာ”

“မပူတော့ ကောင်းတာပေါ့တာ”

“ဟင် ... နင်က ဖြေမှာမွေးပြီး ပူတာတော့ မကြိုက်ဘူးလား”

လှျံက နှာခေါင်းရှုံ့၏။

“ပူတာကြိုက်တဲ့လူရှိလား၊ ငါကတော့ အေးတာလည်း မကြိုက်ပါဘူး၊ ဒါပေမယ့် ခုချိန်မှာ ရာသီဥတုအေးတာကို ငါက အလိုရှိတယ်လေ”

“ဟင် ... ဘာလို့လဲ”

“ဩော် ... ရာသီဥတုကအေးတော့ ခေါင်းပူတောင် မသိသာတော့ဘူးပေါ့၊ စိတ်ငြိမ်းချမ်းနိုင်တယ်လေ”

လှျံ့စကားကြောင့် ကျွန်တော်နှင့် ဖိုးသကြန် မျက်လုံးပြူးသွားရသည်။ သူ့ဆိုလိုရင်းက ဘာလဲ။ မာဆိုးဟာ နေရောင်ကြောင့် လူသဝ်မိတာဆိုတဲ့ “စည်းအပြင်ကလူ” ကို လှျံတစ်ယောက် ဖတ်လာခဲ့လို့တော့ မဖြစ်နိုင်ဘူး။ ဒါဆို မပဌာအတွက် ပြောနေတာဖြစ်ဖို့က ရာနှုန်းများတယ်ပေါ့။ စိတ်ဝေဒနာသည်တွေဟာ ပူရင်ပိုပြီးဆိုးတယ်လို့ အပြင်မှာ လူတွေပြောနေကြတာဟာ တကယ်လားဆိုတာ ကျွန်တော် ရှာဖတ်ရပေဦးတော့မည်။

“နင်က ဘာတွေခေါင်းပူနေလို့လဲ လှျံ”

မသိမှု ဝေးမှုတွေမှာ ကျွန်တော့်လောက်နီးနီး ထူးချွန်သော ငုဝါက မေးသည်။

“ဘာရယ်တော့ မဟုတ်ပါဘူး၊ ဒီလိုပါပဲ”

“ဒီလိုပါပဲဆိုတာ ဟိုလိုမဟုတ်လို့ပေါ့”

“ဟိုလိုဆိုတာကလည်း မသေချာပြန်ပါဘူး၊ မဟုတ်လား”





ကျွန်တော်နှင့် ဖိုးသကြန် တမင်ဝင်နှောက်လိုက်သဖြင့် စကားက ပြတ်သွားတော့သည်။ အတန်းထဲသို့ ဆရာမလည်း ဝင်လာနေပြီ မဟုတ်လား။

နေ့လည် ကျောင်းဆင်းချိန်ကျတော့ “ခဏ” ဟု ဆိုကာ လှျံ ပျောက်သွားသည်။ ထမင်းဘူးလည်း ထားသွားသည်။ ကျွန်တော်နှင့် ငုဝါသာ တမျှော်မျှော် ဖြစ်နေသော်လည်း ဖိုးသကြန်က မမျှော်။

“စား စား ကိုယ့်ဟာကိုယ်စား၊ သူများက သူများကိစ္စ သွားလုပ်တာ၊ ကိုယ်က ကိုယ့်ကိစ္စကိုယ်လုပ်”

“ဟင် ... သူ ဘာသွားလုပ်လဲဆိုတာ နင် သိလို့လား ဖိုးသကြန်၊ သူက ခဏလေးဆိုပြီး ထွက်သွားက၊ ငါက toilet မှတ်လို့”

“နင် toilet ထဲ ရှာပြီးပြီ မဟုတ်လား”

“အင်းလေ”

“အဲဒီကတည်းက သဘောပေါက်လေ၊ သူ့မှာ ကိစ္စတစ်ခုခု ရှိနေပြီဆိုတာ”

“အေးလေ၊ ဘာလဲလို့”

“ပြန်လာမှ နင့်ဟာနင်မေး”

“မေးလို့ကောင်းပါ့မလား”

“မကောင်းရင် မမေးနဲ့ပေါ့၊ ကိုယ့်ဘာသာ ကိုယ်တွေးကြည့်”

ဘာမှမဟုတ်သော ငုဝါခိုင်စကားကြောင့် ဖိုးသကြန်က စိတ်မရှည်သံပါလာသည်။ ထို့ကြောင့် ကျွန်တော်ကပဲ ငုဝါကို ပြောရတော့သည်။

“နင်တို့ချင်းမေးရင် ပိုမကောင်းဘူးလား ငုဝါ”

“အင်း ... အဲဒါတော့ဟုတ်တယ် မိုးတိမ်ရဲ့၊ ဒါပေမယ့် ...”



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့်က ဘာလဲ"

"သူက ဖြေဦးမှ"

"ဖြေတာက သူ့အလုပ်၊ မေးတာက နင့်အလုပ်၊ နင် မေးမယ့်အချိန်မှာ ငါတို့ ရှောင်နေပေးမယ်၊ ဟုတ်ပြီလား"

"အင်း ..."

ကျောင်းပြန်တက်ပြီး ဆယ်မိနစ်ကျော်မှာမှ လှျံ အသာလေး ပြန်ဝင်လာသည်။ ကျွန်တော်က ရှေ့က lecture ကို အာရုံစိုက်နေသလိုနှင့် မသိချင်ဟန် ဆောင်ပေးလိုက်သည်။ ဖိုးသကြန်ကလည်း သူ့ရှေ့က electronic dictionary ကို အာရုံစိုက်ကာ နှိပ်နေ၏။

"လှျံ ဘယ်သွားတာလဲ"

"မြေနီကုန်းဖက် ခဏ"

"ဘာသွားလုပ်တာလဲ"

လှျံ ချက်ချင်းမဖြေ။ အမောဖြေသလိုနှင့် ငြိမ်နေသေးသည်။ ပြီးမှ -

"ရွှေစင့်ဆီသွားတာ" တဲ့။

"ရွှေစင်က ကျောင်းမတက်ဘူးလား"

"ဟင့်အင်း ... သူက အဝေးသင်ပဲ တက်မှာတဲ့"

"ဩော် ..."

သူတို့ကို ဆရာမ လှမ်းကြည့်သဖြင့် ငြိမ်သွားကြပြန်သည်။ အချိန်ပြောင်းတော့မှ ငုဝါက ကျွန်တော်တို့ကို ကြည့်သဖြင့် ကျွန်တော်နှင့် ဖိုးသကြန် အပြင်ထွက်ခဲ့ကြသည်။

ဖိုးသကြန်က -

"ရွှေစင့်ဆီသွားတာတဲ့"





"အင်း ... ငါ ကြားတယ်"

"ဒါဆို သေချာပါတယ်"

"သိပ်သေချာတယ်၊ အရမ်းစိပ်လာတာ တစ်ခုပဲ ငါစိုးရိမ်တာ"

စိုးရိမ်တာကို ဘာလုပ်လို့ရလဲဟု ခါတိုင်းလို အပျက်စကားမျိုး ဖိုးသကြန် မပြောတော့။ ဘာမှမတတ်နိုင်သော ပညာရှိကြီးပမာ မေးကြောကြီးများ ထောင်သည်ထိ စဉ်းစားနေသည်။ ပြီးမှ -

"ငါတို့လည်း ရွှေစင့်ဆီ သွားရအောင်"

ဒီတစ်ခါ ဖိုးသကြန် ပြောတာကအတည်။

"အကျိုးအကြောင်း သိရအောင်လား"

"အင်း ..."

"သိတော့"

"အခြေအနေတစ်ခုကို သိထားရုံနဲ့ စောင့်ကြည့် သတိထားရုံက လွဲပြီး ဘာမှတော့ မတတ်နိုင်ဘူးပေါ့၊ ဒါပေမယ့် မင်းက ပိုသိချင်မှာပါ"

ဖိုးသကြန် မျက်နှာက ပြုံးစိစိနှင့်။

"မင်း ဘာကိုဆိုလိုတာလဲ"

"ငါထက်စာရင် မင်းက ပိုသိချင်မှာလို့"

"ဘာလို့ ပိုသိချင်ရမှာလဲ"

"ဒါကတော့ မင်းက တစ်ခုခုပိုနေလို့ နေမှာပေါ့"

ဒီစကားပြောချိန်မှာ ဖိုးသကြန် ရယ်နေပြီ။ ကျွန်တော် ပိုပြီး မလုံမလဲ ဖြစ်ရတော့သည်။

"ငါ ဘာပိုနေတာလဲ"

"ခင်မင်မှု၊ သံယောဇဉ်၊ အချစ် ဟဲ ... ဟဲ ... တစ်ခုခုပေါ့၊ မင်းကို



www.burmeseclassic.com

www.burmeseclassic.com



multiple choiceလုပ်ခိုင်းနေတာ မဟုတ်ဘူးနော်၊ အဖြေက ငါသိပြီးသား”

“မင်းက ဘာကိုဆိုလိုတာလဲ”

“ငါက ငတုံးလား မိုးတိမ်”

“မင်းက ငတုံးမဟုတ်ဘူး၊ ဒါပေမယ့် ကြားဖူးလား”

“ဘာလဲ၊ ပညာရှိ သတိဖြစ်ခဲလို့ ပြောမလို့လား”

ကျွန်တော် ရယ်မိတော့သည်။

“ဟုတ်တယ်”

“ဒီပညာရှိက သတိတော့ ဖြစ်ခဲရင် ဖြစ်ခဲမှာပေါ့၊ အာရုံခံစားမှုကတော့ မချို့တဲ့ဘူး”

“မင်းရဲ့ အာရုံခံစားမှုမှာ ငါက ...”

“လျှံ့ကို ချစ်နေတယ်”

ကျွန်တော့်ရင်ထဲ အချိုးအစားမမျှသော ပေါက်ကွဲမှုတစ်ခု ဖြစ်သွားသလို ကျွန်တော် မြောက်တက်သွားသလား ထင်မိရသည်။

“မင်း မင်း ... ဘာကိုကြည့်ပြောတာလဲ”

“ငြင်းမလို့လား မိုးတိမ်”

“မငြင်းပါဘူး၊ ဒါပေမယ့် ငါ့ကိုယ်ငါလည်း မသေချာပါဘူး”

ဖိုးသကြ်န် တဟားဟား ထရယ်သည်။

“မင်း မသေချာပေမယ့် ငါက သေချာတယ်”

“မြွေမြွေချင်းမို့ ခြေမြင်တာတော့ မဟုတ်ပါဘူးနော်”

ကျွန်တော့် စိုးရိမ်စကားကြောင့် ဖိုးသကြ်န် ရယ်လိုက်သည်မှာ အတောမသတ်နိုင်။ ကော်ရစ်ဒါ ထွက်ရပ်နေသော ကျောင်းသားတချို့က လှမ်းကြည့်၏။ ပြီးမှ ကျွန်တော့်ကို တစ်လုံးချင်းပြောသည်။





“အဲဒါကိုက သေချာမှုတစ်ခုပဲ မိုးတိမ်”

ကျွန်တော် ဘာဖြစ်သွားမှန်း မသိတော့။ ထိုစက္ကန့်ပိုင်း အတွင်းမှာပင် လျှံ့ကို ကျွန်တော် ချစ်နေကြောင်း ကျွန်တော် သေချာသိလိုက်ရပြီ။ ကျေးဇူးတင်ပါသည် ဖိုးသကြ်န်။ ကျွန်တော် ငြိမ်သက်လျော့ရွေသွားပုံကို ကြည့်ကာ ဖိုးသကြ်န်က ပခုံးလာဖက်၏။

“လာပါ အတန်းပြန်တက်ရအောင်၊ ငါတို့မှာ လုပ်စရာတွေ အများကြီး ရှိသေးတယ်”

ကျွန်တော် သူ့ ခေါ်ဆောင်ရာကို လိုက်လာခဲ့ပေမယ့် သူ့ ဆိုလိုရင်းကိုတော့ နားမလည်။ ကျွန်တော်တို့မှာ ဘာလုပ်စရာ များများစားစား များ ရှိနေလို့တုန်း။

အတန်းထဲမှာ စကားပြောနေသော လျှံ့ကိုမြင်တော့ ကျွန်တော့် ရင်တွေ နွေးထွေးညှို့သက်စွာ ခုန်လာသည်။ ပြာလဲ့နေသော မီးတောက်လှလှလေးတစ်ခု တောက်လောင်နေသည့်နှယ် ကျွန်တော် ခံစားလာရသည်။ ခုလို သေချာသွားပြန်တော့လည်း ကျွန်တော် လျှံ့ကို သေချာမကြည့်ရဲတော့ပြန်။ မကြည့်ဘဲလည်း မနေနိုင်။

“လျှံ့ ထမင်းစားဦးလေ”

ကျွန်တော် သတိတရ ပြောမိသည်။ လျှံ့က ထမင်းဘူးကို ဖွင့်ပြရင်း ပြော၏။

“ခုပဲ ငုဝါနဲ့ စကားပြောရင်း စားလိုက်တာ တစ်ဝက်ကျိုးသွားပြီ”

ကျွန်တော် ပြုံးပြလိုက်သည်။ ဘာကြောင့် ပြုံးမိမှန်း ကျွန်တော့်ကိုယ် ကျွန်တော်ပင် မသိတာ။ လျှံ့လည်း ထိုအပြုံးကို နားလည်မှာမဟုတ်။

မနှစ်တုန်းက ဒီဇင်ဘာသည် ဒီနှစ် ဒီဇင်ဘာလောက် မအေးခဲ့ဘူး

www.burmeseclassic.com

တဲ့လား။ ကျွန်တော် သိပ်မမှတ်မိတော့ပါ။ သို့သော် သေချာတာတစ်ခုက မနှစ်က ဒီဇင်ဘာသည် ဒီနှစ် ဒီဇင်ဘာနှင့် လုံးဝမတူတော့ခြင်းပင် ဖြစ်သည်။ ခု ဒီဇင်ဘာသည် သာယာသိမ်မွေ့သော နွေးထွေးလှပသည့် မီးတောက်ကလေးတစ်ခုကို ကျွန်တော့်ထံ အတိအကျ ယူဆောင်လာခဲ့သောကြောင့် ဖြစ်သည်။

ကျေးဇူးတင်ပါသည် ဒီဇင်ဘာ။

○





## January

ဒီနှစ် New Year ညသည် မနှစ်က New Year ညလို ပျော်စရာမကောင်းတော့ပါ။ စာတွေများသော မေလရောင် မလာနိုင်သလို လျှံ့ကိုလည်း အိမ်က အစေကြီး ပြန်ခေါ်သွားသဖြင့် ငဝါပါ ပါသွားသည်။ ကျွန်တော်နှင့် ဖိုးသကြန်ပဲ ကျန်ခဲ့၏။

“အမှန်တော့ နှစ်တစ်နှစ်က ငါတို့ ကြိုကြို မကြိုကြို ရောက်လာမှာပဲ”

“အင်းလေ၊ ဒါတော့ ငါလည်းသိတာပဲ မိုးတိမ်”

“ဒါကို တစ်နှစ် အထရှူးထပြီး ကိုယ့်စိတ်ဆန္ဒအတွက် ဒီ New Year ကြီးကို ခုတုံးလုပ်မိတော့ နောက်နှစ်လည်းကျရော ဒီလိုမလုပ်ဖြစ်တဲ့အတွက် တစ်မျိုးကြီးဖြစ်နေရော”

“ဟား ... ဟား ... ဟား ...”



www.burmeseclassic.com

www.burmeseclassic.com

ဖိုးသကြန်က သဘောကျစွာရယ်သည်။ ပြီးမှ –

"အဲလို တစ်နှစ်နေလိုက်ရင် နောက်နှစ်ကျ အသားကျသွားမှာပဲ"

"အမှန်တော့ အာရုံအစွဲအလန်းတွေပါ"

"မင်းသိရင်ပြီးတာပဲ မိုးတိမ်"

ကျွန်တော်တို့ နှစ်ယောက်သား ဒီလိုနှင့် မိုးလင်းခဲ့ရသည်။ ဖိုးသကြန်က ကျွန်တော့်အိမ်မှာ အိပ်သည်ကိုး။ မနက်ကျတော့ ကျောင်းမှာ လျှံ့ကို မတွေ့ရ။

"ငုဝါ"

"ဟေ ..."

"လျှံကော"

"မသိဘူး ငါလည်းစောင့်နေတာ"

"ညက ပြန်သွားတာတော့ အကောင်းကြီးပါနော်"

"အကောင်းကြီးပါ"

"ငါက ဟိုတစ်ခါလိုမျိုး ကောက်ကာငင်ကာ ဖျားပြီလားလို့"

ဖိုးသကြန်က ခနဲ့တဲ့တဲ့ စကားကိုပြော၏။ ကင်တင်းမှာ မှာထားသော ကော်ဖီတစ်ခွက်ကို သောက်ဖို့သတိမရဘဲ လူကငြိမ်နေသလောက် စိတ်ယောက်ယက်ခတ်နေသော ကျွန်တော့်ကို ဖိုးသကြန်က ခေါ်သည်။

"မိုးတိမ်"

"ဟင် ..."

"ဒီကနေလျှောက်သွား"

"အင်း ..."

"ကျောင်းသားရေးရာနောက်မှာ ခုံနဲ့ရှိတယ်"





"ဘာလဲ"

"အများသုံးတယ်လီဖုန်း"

"ဘာလုပ်ရမှာလဲ"

"သွားဆက်ကြည့်လေ၊ လျှံ ထွက်လာပြီလားလို့"

ငုဝါက အူတူတူနှင့် ခေါင်းညိတ်ပေးနေတာမို့ ကျွန်တော် ဟန်မဆောင်ဘဲ ထွက်လာလိုက်သည်။ ဖုန်းခေါ်သည်။ မရ။ ကိုင်မည့်သူမရှိသည့်ပုံမျိုး။ ဒါမျိုးက တစ်ခါတစ်ရံ ဖုန်းပျက်လျှင်လည်း ဖြစ်တတ်သည်။ သို့သော် ဖုန်းပျက်တာတော့ မဖြစ်နိုင်။ ညက (၁၂)နာရီကျော်တော့ ဖုန်းဆက်သေးသည်ပဲ။ Happy New Year တဲ့။ ကျွန်တော်နှင့် ဖိုးသကြန် လက်ဝါးချင်းရိုက်ခဲ့မိကြသေးသည်။

ကျွန်တော် ကင်တင်းကို ပြန်လာလိုက်သည်။

"ကိုင်မယ့်သူ မရှိဘူး မဟုတ်လား"

"အင်း ..."

ဖိုးသကြန်က "ငါ ထင်ပါတယ်" ဟူသော ပုံမျိုးနှင့် ကျွန်တော့်ကို ကြည့်သည်။ ကျွန်တော်ကတော့ လျှံတစ်ယောက် သူ့အမေ မပဒုမာကို New Year Wish သွားလုပ်တာလား၊ နှစ်သစ်မှာ သွားတွေ့ရင် တစ်နှစ်လုံးတွေ့ရမှာဆိုသော အစွဲအလန်းနှင့် သွားတွေ့လေသလားဟု တွေးနေမိသည်။ စိတ်ထဲမှာ မနှစ်မြို့ခြင်း၊ စိုးရိမ်ခြင်းတွေ ရှိသော်လည်း လျှံ့ကို မသွားရဘူး၊ မလုပ်ရဘူးဟု မတားမြစ်ချင်။ တားရအောင်ကလည်း တားပိုင်ခွင့်ရှိသူ မဟုတ်။

ကျောင်းမတက်ခင်မှာ လျှံ ရောက်လာသည်။

"နောက်ကျလိုက်တာ လျှံ၊ ချိန်းထားသားနဲ့ စောစောလာပါလို့"


www.burmeseclassic.com

www.burmeseclassic.com

ငဝါက ဆီးကြိုအပြင်တင်တော့ လျှံက ပြုံးရွှင်သောမျက်နှာနှင့် တောင်းပန်သည်။

"တောင်းပန်ပါတယ်ဟာ၊ ဦးကြီးက လမ်းမှာ ကားဘီးပေါက်တာကို လဲဖို့လုပ်တော့ စပယ်ယာဘီးက လေလျော့နေတယ်၊ အဲဒါနဲ့ သွားလုပ်ရ ပြန်တပ်ရနဲ့ ကြာသွားတာ"

ဟုတ် မဟုတ်တော့ သူမမှ သိမှာပင်။

သေချာတာကတော့ ရုပ်က ကားပျက်လာသောရုပ်နှင့် မတူခြင်းပင်။ နှင့်ပုံက ကားဘီးပေါက်ပြီး ကြာတာကို ထီးပေါက်လာသလိုပဲဟုလည်း ပြောလို့ကမကောင်း။

"နှင့်ကြည့်ရတာ ပျော်နေသလိုပဲ"

ကျွန်တော်က မနေနိုင်စွာ ပြောမိသည်။

"အေး ... ငါ လမ်းမှာလည်း ဆက်ရက်ကလေးနှစ်ကောင် တွေ့ခဲ့တယ်၊ Two for joy တဲ့၊ မဟုတ်ဘူးလား မိုးတိမ်"

"ဟုတ်ပါတယ်"

"ဒါဆို ဒီနေ့ ငါပျော်ရမှာပဲ"

"ကောင်းပါတယ်"

"ငါပျော်ရင် နင်တို့လည်း ပျော်ရမှာပေါ့"

"အေးပါ အေးပါ၊ ခုတော့ ထတော့၊ ဘဲလ်တီးနေပြီ"

ကျွန်တော်တို့ အတန်းရှိရာသို့ ချီတက်ခဲ့ကြသည်။ အတန်းထဲမှာကတော့ မနေ့ကလူတွေနှင့် မနေ့က အပြင်အဆင်အတိုင်း ဘာမှပြောင်းလဲမသွားခဲ့ပါ။

○





## February

တစ်သက်နှင့်တစ်ကိုယ် သတိမရခဲ့ဘူးသော သူတော်စင်ကြီး St. Valentine ကို ဒီနှစ်ကျမှ သတိရနေမိတာကတော့ ကျွန်တော့်ရင်ထဲမှ မီးတောက်ကလေးကြောင့် ဖြစ်လိမ့်မည် ထင်သည်။ ဒီမီးတောက်ကလေး ကဖြင့် အခြားသော အကြောင်းအရာများနှင့် ရှုပ်ထွေးနေပုံရသည်။

"နင့်ကြည့်ရတာ ခုတစ်လော ရှုပ်နေသလိုပဲ"

"အေး ..."

"ဘာလုပ်နေတာလဲ"

"အမေ မပဌာမွေးနေ့မှာ အလှူတစ်ခု လုပ်ပေးမလို့"

လာပြန်ပြီ၊ အမေမပဌာ။

ဒီနှစ်ယောက်၏ ရေစက်က ဘယ်လိုဆိုတာတော့ ကျွန်တော် မသုံးသပ်တတ်။ နားလည်းမလည်။ သေချာတာကတော့ သူတို့နှစ်ယောက်သည် တစ်နေရာစီမှာ မှားယွင်းစွာ ဖြစ်တည်ခဲ့ကြသည် ဆိုသည်ပင်။

"နင် ဘာလုပ်မှာလဲ"


www.burmeseclassic.com

www.burmeseclassic.com

"ငါ့မုန့်ဖိုးတွေနဲ့ ဘုန်းကြီးဆွမ်းကပ်မှာ"

"ဘယ်မှာလဲ"

"အဲဒါ နင်တို့ကို မေးမလို့၊ နင်တို့သွားနေကျ ဘုန်းကြီးကျောင်း မရှိဘူးလား"

"ရှိပါတယ်"

"ငါ့ကိုပြောပေးနော်၊ ငါ သံဃာအပါး (၄၀) ဆွမ်းကပ်မယ်"

"အပါးလေးဆယ်"

"ဟုတ်တယ်၊ အမေမပဉ္စာက ဒီနှစ် (၁၉)ပြည့်မှာ၊ ငါက ပိုထွက်ပြီး အပါး (၄၀) ကပ်ပေးမှာလေ"

သူ့မိဘတွေကိုတောင် သူ ဒီလောက်သိရဲ့လားဟု ကျွန်တော့်ခေါင်းထဲ ခုန်ဝင်လာသော အတွေးကို မနည်းမောင်းထုတ်ပစ်ရသည်။ ခုချိန်မှာတော့ ကျွန်တော်သည် လျှို့ စိတ်ချမ်းသာမှုကိုသာ ဦးစားပေးချင်သော လူတစ်ယောက် ဖြစ်နေခဲ့ပြီ။

"ငါ စီစဉ်ပေးပါ့မယ်၊ ဘယ်နေ့လဲ"

"၁၄ ရက်နေ့"

မြတ်စွာဘုရား ... ဟုပင် ကျွန်တော် မတတ်နိုင်တော့ပါ။ သူတော်စင် St. Valentine လည်း ဘာမှတတ်နိုင်မည် မဟုတ်။ ထိုသို့သော နေ့မှာမှ ကျွန်တော်က သူ့ကို Be my Valentine! ဟု ဘယ်လိုမှ ပြောနိုင်စရာ အကြောင်းမရှိ။

ကျွန်တော် ကိုယ့်ကိုယ်ကိုယ် သရော်သလို ပြုံးမိသည်။

"ဟင် ... ဘာပြုံးတာလဲ"

"ပြုံးမိလို့လား"





ကျွန်တော် ဖြောင်ပြင်းမိသည်။

"ဟင် ... ပြုံးတာအသိသာကြီးကို"

"မသိပါဘူးဟာ"

"မသိဘူးမရှိဘူး၊ ပြော ... ငါ့ကို ပြုံးတာလား"

"ဘာလဲ"

"အဲဒီနေ့က St. Valentine နေ့လို့ တွေးမိလို့"

"ဘာမှမဆိုင်ဘူး"

ဟုတ်တာပဲ။ သူ့မအတွက် ဘာမှမဆိုင်ပါ။ ဆိုင်နေသူက ကျွန်တော်ပဲ။

"ကဲ ကဲ ... ထား၊ နင့်ဆွမ်းဟင်း ဘယ်နှစ်မျိုးကပ်မှာလဲ၊ အာရုံလား၊ နေ့ဆွမ်းလား ပြော၊ ငါ သွားပေးမယ်"

"ငါလိုက်မယ်လေ"

"မလိုက်နဲ့၊ ငါ ဖိုးသကြန်နဲ့ သွားလိုက်မယ်"

"ရအောင်တော့ လုပ်ခဲ့နော်၊ နေ့ဆွမ်း၊ ဟင်းကသုံးမျိုး၊ အရည်သောက်တစ်မျိုး၊ အသီးအရွက်တစ်မျိုး၊ အသားငါးတစ်မျိုး"

"ဟုတ်ပြီ"

"အပြီးအစီးနော်"

"အင်းပါ"

ဒီနေ့ပဲ ဖေဖော်ဝါရီ (၁၀)ရက်။ ကျွန်တော် ဖိုးသကြန်ကို ခေါ်ကာ ဘုန်းကြီးကျောင်း ပြေးရတော့သည်။ ဖိုးသကြန်ကတော့ ကျွန်တော့်ကို ပြော၏။

"မင်း ကြားဖူးမလား မသိဘူး မိုးတိမ်"

"ဘာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်ဝယ်ရာ အဆစ်ပါဆိုတဲ့ စကားပုံလေ"

ဒီမြန်မာစာ ဆရာမသားနဲ့တော့ ခက်နေပါပြီ။

"ဘာလဲ၊ မင်းက အဆစ်ပါတယ်လို့ ပြောမလို့လား"

"အင်းလေ၊ မဟုတ်ဘူးလား"

"သူက ငါ့ကို ဝယ်မှမဝယ်သေးတာ"

"မင်းကရော ရောင်းနေပါတယ်လို့ ပြောလို့လား"

"မပြောပါဘူး၊ ပြောဖြစ်ရင်တော့ မင်းပါ အဆစ်ပါမယ်လို့ ပြောလိုက်မယ်လေ"

"မင်း သတ္တိကောင်းရင်ပေါ့"

ဖိုးသကြိန်၏ စကားကြောင့် ကျွန်တော် ကျောချမ်းသွားရကာ ကပျာကယာ ဘွာခတ်ရတော့သည်။

"သတ္တိမကောင်းပါဘူးကွာ၊ အလကားနောက်တာ"

ဒီလိုကျတော့လည်း ဖိုးသကြိန်က တဟားဟားရယ်ပြန်ကာ "ဆေးမမီတော့" ဟု ဆိုသည်။

တကယ့်တကယ် ဆွမ်းကပ်သည့်နေ့ကျတော့ ကျွန်တော်တို့အားလုံး အတန်းဖျက်ရတော့သည်။

ပထမတော့ ငုဝါက ဘာသာမတူတာမို့ရော၊ စာကူးဖို့ရော ထားခဲ့ဖို့ စဉ်းစားကြသေးသည်။ ငုဝါက လက်မခံ။

သံဃာတော်များကို သေချာရိုကျိုးစွာ ဆွမ်းကပ် ဝတ်ပြုနေသော လျှံ့ကိုကြည့်ကာ ကျွန်တော် သက်ပြင်းတွေချနေမိတာ ကိုယ့်ဘာသာကိုယ်ပဲ သိသည်ထင်တာ။

"မင်းဟာက နည်းနည်းလျှော့ပါဦး မိုးတိမ်"





"ဘာလဲ၊ ဘာကိုပြောတာလဲ"

"မင်းရဲ့ သက်ပြင်းခိုးတွေကိုလေ"

ကျွန်တော် ရယ်မိတော့သည်။

"မင်းက အလကားနေ လိုက်သိနေတာကိုး"

"မင်းက သိသာနေတာ"

"ငုဝါတောင် မသိဘူး"

"ဟိုက မင်းလိုပဲ အူဆိုတော့ မင်း ကံကောင်းတာပေါ့"

ကျွန်တော် ရယ်မိတော့သည်။

"ရယ်မနေနဲ့ မိုးတိမ်"

"ဘာလို့လဲ၊ မင်းက ရယ်ဘော့လည်းတစ်မျိုး"

"မင်း သက်ပြင်းတောင်မချနိုင် ဖြစ်မှာစိုးလို့ ငါ မပြောဘဲနေတာ"

"ဘာလဲ၊ ပြောပါ"

"လျှံ့ကြည့်ရတာ ..."

ဖိုးသကြိန်က လေသံကိုလျှော့ကာ ဝေးရာထပ်လျှောက်သွားသဖြင့် ကျွန်တော် လိုက်ရသည်။ တော်တော်ဝေးဝေးရောက်မှ ဆက်ပြော၏။

"သူဟာ မပဋ္ဌာသမီးပါလို့ သူ့ဟာသူ ခံယူထားရုံမကဘူး၊ သူ့ရဲ့ အမေအရင်း တစ်ယောက်ထက်တောင် ခံစားမှုလွန်ကဲလာသလိုပဲ၊ အပြင်ပန်း ကြည့်ရင်တော့ ငြိမ်သက်သလိုပဲ၊ အမေလို့ ထင်ရတဲ့သူအတွက် အလှူတွေ လုပ်ပေးတယ်၊ သွားပြီး ပြုစုပေးတယ်၊ ဒါဟာ သာမန်အားဖြင့်တော့ ကုသိုလ်ရတဲ့ အလုပ်ပဲ၊ စိတ်အခြေအနေအားဖြင့် တွက်ရင်တော့ လုံးလုံးလျားလျားကြီးကို ဟိုဖက်ကို ပုံပစ်လိုက်ပြီ၊ သူ့အိမ်မှာ သူ့မိဘအရင်းတွေနဲ့ကော အဆင်ပြေရဲ့လား မသိဘူး"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဘာမှပြန်မပြောနိုင်။

ဖိုးသကြိန် ပြောတာအားလုံး လက်ခံနိုင်စရာတွေချည်း ဖြစ်သည်။ စိုးရိမ်မည်ဆိုလည်း စိုးရိမ်စရာကောင်းသည်။ ကျွန်တော်တို့ ပြီးခဲ့တဲ့လက ရွှေစင်နှင့် သွားတွေ့ခဲ့တာကို ပြန်သတိရမိသည်။

ရွှေစင်က –

“လှျံ ဘယ်လိုလာလဲတော့ မသိဘူး၊ အလာစိပ်တာတော့ သေချာတယ်၊ ငါနဲ့ မတွေ့ရင်တောင် မြတ်သစ်နဲ့တွေ့တယ်၊ ဒီမှာလာပြီး တစ်ခုခုဝယ်လာ အတူစား၊ စကားပြော၊ ဆေးတိုက်ပြီး ပြန်တာပဲ”

“ဒီကလူတွေကလည်း လက်ခံတာပဲနော်၊ သားသမီးချင်း ကိုယ်ချင်းမစာ”

“ကိုယ်ချင်းစာတော့ရော ငါတို့သူငယ်ချင်းက တားလို့ရမှာမှ မဟုတ်တာ၊ ညှို့သည်ကို နှင်ထုတ်ရဲတဲ့စိတ် ငါတို့တိုင်းပြည်မှာ မရှိဘူးလေ ခုလို သူတို့ညီမ၊ သူတို့သမီးကို လာပြီးပြုစုပေး၊ စိတ်သက်သာမှု ပေးနေတာဆိုတော့ နင်တို့ပဲ စဉ်းစားကြည့်ပေါ့”

“ဒီလိုလာနေတာကို ငါတို့လည်း ဘာမှကန့်ကွက်ပိုင်ခွင့်မှ မရှိတာ”

“ဒီလိုပဲပေါ့ဟာ”

ဘာအဖြေမှမရဘဲ အခြေအနေတစ်ခုကို သိရုံနှင့် ပြန်ခဲ့ကြရခြင်း ဖြစ်သည်။ ခု ဒီလိုအလှူလုပ်တာ ရွှေစင်တို့၊ မြတ်သစ်တို့ကိုပင် မခေါ်။ ခေါ်ပါလားဟု သတိပေးခဲ့တုန်းကတောင် လှျံက “အလှူလုပ်တာက ကုသိုလ်ရစေချင်တဲ့သူအတွက်ပဲ၊ လူများများသိဖို့ မလိုသလို သူတို့ကိုလည်း မပင်ပန်းစေချင်ပါဘူး” ဟု ပြောခဲ့သည်လေ။

ညနေကျတော့ လှျံ့ကို ကျွန်တော် ကားနားထိ ပြန်ပို့ဖြစ်သည်။ ဟာမပျက် ကျောင်းမှာ ကားပြန်လာစောင့်ကြသည်ကိုး။ လှျံ့ကို လာကြိုသူက လှျံ့အမေ မဟုတ်လို့ တော်တော့သည်။

“လှျံ”

“ဟင် ...”

“နင် စိတ်ချမ်းသာလား”

“အင်း ... နင်တို့ကိုလည်း ကျေးဇူးတင်ပါတယ်”

“ကျေးဇူးတင်စရာ* မလိုပါဘူး၊ ဒီလိုလုပ်နိုင်အောင် ဒီလောက်ငွေကြေးပမာဏကို မုန့်ဖိုးအဖြစ် ပေးနိုင် စုနိုင်စေခဲ့တဲ့ နှင့်မိဘတွေကိုပဲ ကျေးဇူးတင်ပါ”

လှျံ့မျက်နှာပြင် တစ်ခုလုံး သွေးဆုတ်ဖြူရော်သလို ဖြစ်သွားချိန်မှာ ကျွန်တော်မှားပြီဆိုတာ သိလိုက်သော်လည်း ကျွန်တော် နောင်တမရတော့။ ပြောစရာရှိတာကိုတော့ ပြောရမှာပင်။ ကျွန်တော် သူ့ဆန္ဒကို အဆုံးစွန်ထိ မှားလား မှန်လား မသိဘဲ လိုက်လျောပေးခဲ့ပြီးပြီပဲ။

“အင်းပါ၊ နင်ပြောတာ မှန်ပါတယ်”

“ပြီးတော့ ...”

“ဘာလဲဟင်”

“နင် စိတ်ချမ်းသာအောင်နေပါလို့”

ကျွန်တော့်ကို ပြုံးပြနှုတ်ဆက်ပြီး လှျံ ကားပေါ်တက်သွားသည်။ အမှန်က ကျွန်တော် ပြောချင်သည့်စကားက ထိုစကားမဟုတ်။ မပြောဖြစ်လိုက်သော စကားတစ်ခွန်းအတွက် ကျွန်တော့်ရင်ထဲက နေရာလပ်ထဲမှာ ပြန်သိမ်းဆည်းထားလိုက်သည်။ တစ်ချိန်ချိန်ပေါ့။

○

www.burmeseclassic.com

## March

ရာသီဥတုက အတော်ပူနေပြီ။

ကျွန်တော်တို့၏ နှစ်လည်စာမေးပွဲကလည်း ကပ်နေပြီမို့ စာတွေကျက်နေရပြီ ဒီအချိန်မှာ နွေအပူ၊ ခေါင်းအပူနှင့်အတူ ရင်ပါပူနေသူက လျှံ။

"ပူလိုက်တာဟာ၊ အမေမပဒ္မာဆော့ ဒုက္ခပါပဲ"

ကျွန်တော့်နားနားကပ်ကာ တိုးတိုးလေးပြော၏။

"သူ့ကို Aircon ခန်းနဲ့ ထားရင်ရော"

"သူတို့အိမ်မှာ Aircon မှ မရှိတာ"

"တက်ခိုင်းလိုက်လေ၊ သူတို့ ဝယ်နိုင်မှာပါ"

"အေးနော်၊ ငါ သွားဖုန်းဆက်လိုက်ဦးမယ်"

ချက်ချင်း ထထွက်ရန်ပြင်သဖြင့် လက်ကို ဖမ်းဆွဲထားလိုက်မိသည်၊





"နေဦး"

"ဘာလဲ"

"အဲဒီအိမ်မှာ ဖုန်းမရှိဘူးလေ"

"သြော် ... သိတာပေါ့၊ ရွှေစင့်ကို သွားပြောခိုင်းမှာ"

"ဒါဆိုလည်းသွားဆက်၊ ငါလိုက်ခဲ့မယ်"

ကျွန်တော် ဖုန်းဆက်ရာထိ လိုက်သွားပေးလိုက်သည်။ ပြောဆိုနေတာတော့ နားမထောင်တော့။ ပြီးမှပဲ မနေနိုင်စွာ မေးရသည်။

"လျှံ"

"ဟင် ..."

"နှင် ..."

"ဘာလဲ၊ ပြောလေ"

"နှင် ... နှင့်အမေ မပဒ္မာကို တကယ်ပဲချစ်သလား"

လျှံက ကျွန်တော့်ကို တအံ့တဩ ကြည့်၏။ ဘယ်လိုမေးတာလဲဟူသော အကြည့်ဆိုတာ ကျွန်တော် ခံစားလို့ရသည်။

"နှင် နှင့်အမေကို ချစ်သလိုပေါ့"

"အပ်ကြောင်းထပ်နေပြီလား မသိဘူး လျှံ"

"ဘာလဲ"

"အိမ်က နှင့်အမေကိုရော"

"မေမေက ငါ့ကိုချစ်တယ်၊ ငါကလည်း ချစ်ပါတယ်"

ဒီလိုဖြေပုံကို ကျွန်တော်မကြိုက်။ သို့သော် ဘာမှမတတ်နိုင်။ သေချာတာကတော့ လျှံ ဖိုးသကြိန်ပြောသလို တစ်ဖက်ကို လုံးလုံးလျားလျား ပုံကျသွားပြီဆိုတာပင်။



www.burmeseclassic.com

www.burmeseclassic.com

ကျောင်းဆင်းတော့ ကျွန်တော်နှင့် ဖိုးသကြ်န် အဖြေမထွက်သော အကြောင်းအရာတွေကို ပြောမိကြပြန်သည်။ ထိုအခါကျမှ ဖိုးသကြ်န်က ပြော၏။

"မနေ့က လျှံ့အမေ မေမေ့ဆီလာတယ်"

"ဟင် ... ဟုတ်လား၊ ဘာလာလုပ်တာလဲ"

"လာရင်းကိစ္စကတော့ သူ့တူမတစ်ယောက်ကို လာအပ်တာ၊ ဒီနှစ်ကိုးတန်းကို ငါတို့ကျောင်းမှာ ပြောင်းထားမှာမို့တဲ့"

"ပြီးတော့ရော"

"လျှံ့အကြောင်း ပြောကြတယ်၊ ငါ ခိုးနားထောင်နေတာ"

"ပြောပါဦး"

"လျှံတစ်ယောက် ဟိုကို ခိုးခိုးသွားနေတာ၊ လျှံ့အမေတောင် သိတယ်၊ ပြောလို့မရလို့တဲ့၊ ပြောရင် ဆူတာတောင် မဟုတ်ဘူး၊ မေးရုံနဲ့ လုံးဝငြိမ်ကျသွားပြီး မလှုပ်တော့ဘူးတဲ့၊ အစာလည်း စားချင်မှ စားတာတဲ့၊ အဲဒါနဲ့ အန်တီတို့က ဘာမှမမေးဘဲ ထားခဲ့တာလို့ပြောတယ်"

"အခြေအနေဆိုးနေတာရော သိလား"

"သိပုံပဲ၊ အန်တီကြည့်ရတာ သူ့သမီးက သူ့ကို မချစ်တာထက် သူက သူ့သမီးကို ချစ်ခွင့်မရတော့မှာကို ပိုပူနေတာ"

ကျွန်တော်တို့အားလုံး ငယ်ကြပါသေးသည်။ မိဘနေရာကနေ ဘယ်လိုမှ မခံစားပေးနိုင်တာတောင်မှ ကျွန်တော်တို့ကို ကျွန်တော်တို့အမေက ချစ်သောချစ်ခြင်းနှင့် နှိုင်းယှဉ်ခံစားလို့ ရနေတာမို့ နားလည်နိုင်သည်။ ဖိုးသကြ်န်က စိုးရိမ်စွာမေး၏။

"စာမေးပွဲနီးတာရော စာကြည့်ရဲ့လား"





"ကြည့်တော့ကြည့်ပုံပဲ"

"လျှံရေ နှင့်အစား မိုးတိမ်ကိုကြည့်ရတာ ငါ ပိုပူတယ်"

ဖိုးသကြ်န် ထအော်သံကြောင့် ကျွန်တော် ကပျာကယာ ပါးစပ် လှမ်းပိတ်ရ၏။

"ဘယ်သူမှ မကြားပါဘူးကွာ"

ကျွန်တော် ရယ်မိသည်။

"မိုးတိမ်တွေဟာ သိပ်လေးလံနေရင် ရွာချလိုက်လို့ ရတယ်တဲ့၊ ငါ့ကျတော့ ဒီလောက် လေးလံနေတာတောင်မှ ရွာချခွင့်မရှိဘူး ဖြစ်နေတယ်၊ ဒီတော့ ပိုပူတာပေါ့ကွာ"

ကျွန်တော့်စကားကြောင့် ဖိုးသကြ်န်က ရယ်သည်။ ပြီးမှ –

"ငယ်ငယ်တုန်းက သင်ခဲ့ရတဲ့ ပထဝီလိုပေါ့ မိုးတိမ်၊ တောင်တစ်တောင်ကို ကျော်ဖို့ဆိုရင် မင်း မဖြစ်မနေ ရွာချရတော့မှာပဲ၊ အဲဒီတောင်ကို တွေ့ဖို့နဲ့ ကျော်ခွင့်ရဖို့ပဲ လိုပါတယ်" ဟု ပြောသည်။

ကျွန်တော် နားလည်သလိုလိုနှင့် နားမလည်နိုင်ခဲ့ပါ။

○



www.burmeseclassic.com

www.burmeseclassic.com



## April

ဒီနေ့ ဧပြီတစ်ရက်။

လှျံ့မွေးနေ့။

ပြီးခဲ့တဲ့နှစ်ကလို April fool အလုပ်ခံရမှာစိုး၍ အားလုံးက သတိကြီးစွာ နေခဲ့ကြသည်။ ဒီလိုနေကာမှ လှျံကမလှုပ်။ ညကလည်း ဖုန်းမဆက်။

မနက်စောစောကျကာမှ –

မေမေ ဖုန်းယူပြီး ဝင်လာသည်။

မေမေ့ပုံစံက တုန်တုန်လှုပ်လှုပ်နှင့်။

"သား ဖုန်း"

လှျံ့ဆီကပဲဟု ယူဆကာ ကျွန်တော် လှမ်းယူလိုက်သည်။

"သား မိုးတိမ်လား"

"ဟုတ်၊ ဟို ... ဘယ်သူလဲမသိဘူး"





"လှျံ့အမေပါ"

လှျံ့အမေအသံကို မမှတ်မိတာ မပြောနှင့်။ တစ်ခါမှ ဖုန်းမပြောဘူးပဲ။

"ဟုတ် အန်တီ"

"သား လှျံပျောက်နေတယ်"

"ဗျာ ..."

ကျွန်တော် အထိတ်တလန့် ထအော်ပြီးတော့မှ တစ်ချက် အသိဝင်လာသည်။ လှျံတို့က April fool လုပ်တာ အမေတောင် မကျန်ဘူးဟူသော အတွေး။

"ဟို ဟို ... အန်တီ"

"သားတို့ကို သူ ဘာပြောသေးလဲ"

"ဘာမှမပြောဘူး အန်တီ"

"ဘယ်တုန်းတည်းက ထထွက်သွားမှန်း မသိဘူး၊ ခြံတံခါးက ပွင့်နေတယ်၊ အန်တီတို့လည်း အိပ်ပျော်နေတော့ မသိဘူး၊ အိမ်တံခါးတော့ အပြင်က ပြန်ခတ်သွားတယ်"

ကျွန်တော့်မှာ အန်တီပြောတာတွေကို ယုံသော်လည်း လှျံ တစ်ခုခု ကြံစည်နေတာကို သိနေတော့ ဘာပြောရမှန်းမသိ။ အန်တီ့အသံက တကယ် ကို စိုးရိမ်နေပုံ။

"ကျွန်တော်တို့ လာခဲ့မယ် အန်တီ"

ထိုသို့ပြောပြီး ဖိုးသကြန်ဆီ ဖုန်းဆက်ရသည်။ ပြီးမှ မေမေ့ကို ပြောရန်ပြင်ဆဲ မေမေကမေး၏။

"သား လှျံ ပျောက်နေတယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မေမေ၊ ဒါပေမယ့် မေမေကလည်း April fool လုပ်တာပါ"

"ဟုတ်လို့လား သားရယ်"

"ဟုတ်ပါတယ်၊ မနှစ်ကလည်း လုပ်တာပဲ"

"ခုဟာက"

"ဘာဖြစ်လဲမေမေ"

"သူ့အမေ သိပ်စိတ်ပူနေတယ် သား"

"ဟုတ်တယ်၊ ဒါကြောင့် သားနဲ့ ဖိုးသကြန် သွားကူရှာပေးမယ်"

"အေး အေး ... သတိနဲ့သွားနော်"

မေမေ ဘာကိုဆိုလိုမှန်း ကျွန်တော်မသိ။ ဖြစ်နိုင်တာက သွားသတိ လာသတိရှိပြီး လျှံ့အောနှင့် မလှောမိစေဖို့ ဖြစ်နိုင်သည်။ လောစရာ ဘာ အကြောင်းမှမရှိ။ အားလုံး ဒေါင်းတောက်အောင် ရှာပြီးလျှင် သူ ပြန် ရောက်လာမှာ ကျွန်တော် သိနေသည်ပဲ။

ဖိုးသကြန်နှင့် ကျွန်တော် လမ်းမှာဆုံကြသည်။ သူကလည်း ကျွန်တော့်လိုပင်။

"ဟေ့ကောင် ... ဒီနှစ်ကတော့ သူ့အမေကို အရင်းပြုပြီး ငါတို့ကို Run နိုင်းပြီ ထင်တယ်"

ဟု ဆီးပြောသည်။ ကျွန်တော် ပြုံးပြလိုက်၏။

"ဟုတ်တယ်၊ ငါလည်း သဘောပေါက်တယ်"

ကျွန်တော်တို့ လျှံ့အိမ်ရောက်တော့ လျှံ့အမေ ဖုန်းတစ်လုံးနှင့် အလုပ်ရှုပ်နေသည်။ ကျွန်တော်တို့ကိုမြင်တော့ အားတက်သွားသလို။

"ဒီနေ့ သားတို့နဲ့ မချိန်းထားဘူးလားဟင်"





"ဟင့်အင်း ... အန်တီ၊ သူ ဖုန်းမဆက်လို့ ဆောင့်နေတာ။ ညက birthday wish လုပ်ဖို့ ဖုန်းခေါ်တာလည်း မရဘူး"

"မရဘူး ဟုတ်လား"

အန်တီ မျက်လုံးပြူးသွားရသည်။

"ဖုန်းမပျက်ဘူး သားရဲ့"

"ဟုတ်တယ်၊ မအားတာမျိုး"

"မအားတာ"

အန်တီ စဉ်းစားမရ ဖြစ်နေပုံက ကျွန်တော်တို့ကို စဉ်းစားစရာ ပေးနေပုံနှင့် တူသည်။ ဖိုးသကြန်က ကျွန်တော့်ကိုမေး၏။

"မင်း ညက ဘယ်အချိန်ခေါ်တာလဲ"

"ဆယ့်နှစ်နာရီ ငါးမိနစ်"

"ဟင် ... ဒီအချိန်ကြီး ဘယ်သူမှ ဖုန်းမပြောလောက်ပါဘူး"

အန်တီက ထိုသို့ မှတ်ချက်ချသော်လည်း ကျွန်တော်က ကိုယ်တိုင် ကြုံခဲ့ရသူလေ။ ငါးမိနစ်ခန့် ဆက်တိုက်ခေါ်ပြီးမှ ဖုန်းပျက်ပြီအထင်နှင့် ချထားလိုက်ခြင်း ဖြစ်သည်။ ကျွန်တော် ခုမှတွေးမိတာက သူမ တစ်ယောက် ယောက်နဲ့များ ပြောနေလားဆိုတာ။ အဖြစ်နိုင်ဆုံးလူသည် ရွှေစင်။ သို့သော် ကျွန်တော် မပြောရဲ။

ဖိုးသကြန်က –

"သူ့အခန်းရော ကြည့်ပြီးပြီလား"

ရုပ်ရှင်ထဲကလို စာတွေ ဘာတွေ ထားခဲ့မလားဟူသော ခပ်တုံးတုံး အတွေးလောက်တော့ ဖိုးသကြန် တွေးမှာမဟုတ်ပါ။ သဲလွန်စ တစ်ခုခုကို ရှာလင့်ပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com

အန်တီက သော့ခန်းနှင့်ကပ်လျက် လျှို့အခန်းကို ဖွင့်ပေး၏။

"ကြည့်ပါဦး ကလေးတို့ရယ်၊ အန်တီလည်း ဘာမှမသိတော့ပါဘူး"

"အန်ကယ်လ်ရော"

"ကားနဲ့ပတ်ရှာနေတယ်"

ကျွန်တော်တို့ လျှို့အခန်းထဲ ဝင်ခဲ့ကြသည်။ ဘာမှမတွေ့ရ။ ဒိုင်ယာရီလည်း ရေးတတ်သူမှ မဟုတ်ဘဲ။ ကျွန်တော်တို့ လျှို့အခန်းထဲမှ ပြန်ထွက်လာခဲ့ကြသည်။

"မင်း ဘယ်လိုထင်လဲ ဖိုးသကြန်"

"မင်း အတွေးတွေ ပြောင်းကုန်ပြီလား မိုးတိမ်"

"ဟုတ်တယ်၊ ငါ့ရင်ထဲ တစ်ခုခု ခံစားနေရသလိုပဲ"

"ဘာကိုလဲ"

"မပြောတတ်ဘူး"

ခါတိုင်းဆို ဒီလိုပြောလို့က ဖိုးသကြန်ရိတာ ခံရပြီးသား။ ခုက… တော့ သူကိုယ်တိုင်က ကျွန်တော့်ကို မထောက်ခံတောင် မငြင်းပယ်။ ပြီးထသွားကာ ငုဝါနှင့် လရောင်ဆီ ဖုန်းတွေဆက်သည်။ ဘာမှမထူးခြား။ ခဏနေမှ သတိရကာ–

"အန်တီ"

"ပြော သား"

"ရွှေစင့်ဖုန်းနံပါတ်များ အန်တီ သိမလားဟင်"

အန်တီက ဖိုးသကြန်ကို တအံ့တသြကြည့်၏။

"သားက ရွှေစင့်ကိုသိလား"

"ဟုတ်"





"ဒီစာအုပ်ထဲမှာရှိတယ်"

ဖုန်းစာအုပ်တစ်အုပ် ထိုးပေးသည်။

"ကျွန်တော် ရှာလိုက်မယ်"

ကျွန်တော် ဝင်ရှာပေးလိုက်သည်။ နံပါတ်တွေ့၍ ဖိုးသကြန်ကိုပေးတော့ ဖိုးသကြန်က ချက်ချင်း ကောက်ဆက်သည်။

"ရွှေစင်နဲ့ ပြောချင်လို့ပါ"

"………"

"ရွှေစင်လား၊ ဖိုးသကြန်ပါ"

"………"

"ဘယ်လို၊ သေချာပြော ရွှေစင်"

ဖိုးသကြန်အသံက တစ်စုံတစ်ရာကို ရည်ညွှန်းနေမှန်း ကျွန်တော်သိသည်။ တစ်ခုခုတော့ ထူးပြီဆိုတာ။ အန်တီလည်း သိမှာပင်။ ဖိုးသကြန်ကိုသာ မျက်တောင်မခတ် ကြည့်နေသည်။

"အေး အေး … ငါခုပဲ စီစဉ်လိုက်မယ်၊ ဒါပဲ"

ဖိုးသကြန် ဖုန်းချကာ အသာလှည့်လာသည်။ ကျွန်တော့်မှာ သူ့ငယ်ချင်း မျက်နှာကို ဖတ်နေရင်းက ဝေဝါးလာသလို ခံစားနေရ၏။

"ဘာတဲ့လဲ သား"

"လျှို့ ဆေးရုံရောက်နေတယ်တဲ့"

"ဘာ …"

"ဘယ် … ဘယ်လို"

အန်တီ တုန်လှုပ်သွားပုံကို ကျွန်တော် ဘာနှင့်မှ နှိုင်းပြစရာ စကားလုံးမရှိ။ သို့သော် အန်တီက ချက်ချင်းထိန်းကာ ထိုင်ရာကထ၏။

"ဘယ်ဆေးရုံမှာလဲ၊ လာ သွားမယ်၊ လမ်းကျမှပြော"

ပြောပြောဆိုဆို လှျံ့အဖေကားကိုပင် မစောင့်တော့ဘဲ အိမ်ရှိ ကား နောက်တစ်စီးကို မောင်းရန်ပြင်နေသဖြင့် ကျွန်တော် Taxi လှမ်းခေါ်လိုက်ရသည်။

"အန်တီ ဒီမှာ ကားငှားလိုက်ပြီ၊ အန်တီ ကားမမောင်းပါနဲ့"

ဖိုးသကြ်န်ပြောသည့် ဆေးရုံသို့ သူတို့ ထွက်ခဲ့ကြသည်။ ကားပေါ်မှာ တော်တော်ကြာသည်ထိ ဖိုးသကြ်န်ထံမှ ဘာမှမကြားရ။ ကျွန်တော်လည်း မေးရမှာ ဆွံ့နေသည်။ အန်တီလည်း စိတ်ကို ကြိုးစားငြိမ်အောင် ထိန်းနေပုံရသည်။

"လှျံ မပဒ္မာ ပျောက်တယ်ဆိုလို့ အစောကြီးထွက်သွားတာ"

"ဩော် ..."

အန်တီ့ "ဩော် ..." က တိုးလျဖျော့တော့လွန်းသည်။

"ခု သူရော၊ မပဒ္မာရော ဆေးရုံရောက်နေတယ်"

"ဘာဖြစ်တာလဲ"

"ကားတိုက်တာတဲ့"

နှစ်ယောက်ပူးကြီး တိုက်ခံရတာ မဟုတ်လောက်။ ရုပ်ရှင်တွေထဲက တစ်စုံတစ်ယောက်ကို ဝင်ဆွဲသော ပြကွက်ကြီးကို ကျွန်တော် ပြေးမြင်နေမိသည်။ မိုက်လိုက်တာ လှျံရယ်။ အန်တီက စီးကျလာသော မျက်ရည်များကို လက်ခုံဖြင့် အလျှင်မီအောင် ဖယ်ချနေသော်လည်း မနိုင်။ သူ့စိတ်ထဲမှာလည်း ရင်နှင့်လွယ်ထားရသော သမီး၊ တုန်အောင် ချစ်ရသော သမီးက သူတစ်ပါးအတွက် အသက်အန္တရာယ်ကိုပင် မမှုနိုင်ဘဲ ကာကွယ်ရသတဲ့လားဟု တွေးနေမှာစဉ်ပင် –

ဆေးရုံ၏ အရေးပေါ်ခန်းထဲမှာတော့ လှျံ။ လှျံ့ဘေးမှာက မပဒ္မာ။ သေဆုံးနေခဲ့လေပြီ။ ကျွန်တော်တို့ မပဒ္မာကို ခုမှမြင်ဖူးကြခြင်း ဖြစ်သည်။ အံ့ဩစရာ သိပ်ကောင်းသော အရာတစ်ခုက ကျွန်တော်တို့ကို ကိုင်လှုပ်လိုက်သလို ဖြစ်သွားစေတာမို့ သုံးယောက်သား မှင်တက်သွားရသည်။

မပဒ္မာသည် လှျံနှင့် အတော်ကြီး တူနေခြင်းပင် ဖြစ်သည်။ အသက်ကြီးတာနှင့် ငယ်တာပဲကွာသည်။ လှျံ့ကိုမွေးထားသော လှျံ့အမေပင် လှျံနှင့် ဒီလောက်မတူ။

လှျံ့အမေသည် မပဒ္မာ၏အလောင်းကို တအံ့တဩကြည့်ရင်း အသံမထွက်နိုင်။ မျက်ရည်တွေသာ စီးကျလာသည်။

လှျံကတော့ သတိလစ်နေဆဲ။

အခြေအနေကလည်း ၉၀% တဲ့။ မျှော်လင့်ချက် မဟုတ်ပါ။ ပစ်လိုက်ရဖို့ ၉၀% သေချာသည်ဟု ဆိုလိုခြင်းဖြစ်သည်။

"သမီးရယ်"

လှျံ့အမေ လှျံ့ကုတင်ဘေးတွင် ခွေကျသွားသည်။ ကျွန်တော်တို့လည်း ကပျာကယာ ဆွဲထူရင်း ခုံတစ်ခုံမှာ ထိုင်စေရသည်။

ခဏနေတော့ လှျံအဖေ ရောက်လာသည်။ လှျံ့အဖေက ဆရာဝန်နှင့် အရင်ဝင်တွေ့၏။ အတန်ကြာမှ ပြန်လာကာ အန်တီ့ကို လာဆွဲထူသည်။

"အမေကြီး"

"အဖေ ... သမီး ... သမီးလေး"

"မပူပါနဲ့ကွာ၊ မစိုးရိမ်ရပါဘူးတဲ့"

မပိရိသော လိမ်ညာမှုနှင့် နှစ်သိမ့်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ သိပါတယ်"

"သမီးကို ကယ်လိုက်တဲ့သူကတော့ သေသွားရှာပြီ"

လှျံ့အဖေစကားကြောင့် ကျွန်တော်တို့ သုံးယောက်သား မျက်လုံးပြူးကာ တအံ့တသြ ဖြစ်သွားရသည်။

"ဘယ်လို ... ဘယ်လို ... ဦး၊ လှျံက သူ့ကို သွားရှာတာလေ"

"ဟုတ်တယ်၊ ခုဟာက လှျံကိုတိုက်တဲ့ကားရှေ့ သူ ဖြတ်ဝင်လာတာလို့ ဆေးရုံလာပို့တဲ့သူတွေက ပြောတယ်တဲ့"

"အို ... တကယ်လား"

ကျွန်တော်ရော ဖိုးသကြင်နံပါ မပဋာကို နောက်တစ်ခေါက် ထပ်ကြည့်ရင်း စိတ်ထဲက တောင်းပန်လိုက်မိကြသည်။ သူမသည် ကျွန်တော်ချစ်သော လှျံ့ကို အဆုံးစွန်ထိ ချစ်သွားခဲ့သည်ပဲ။ လှျံ့ဆောင်တွင် ကျွန်တော်တို့ တိတ်ဆိတ်စွာ မငြိမ်သက်သောရင် ကိုယ်စီနှင့် ရပ်နေမိကြသည်။

လှျံကရော ...

ဘယ်ဆီဘယ်ဝယ်ဆီ ခရီးနှင်ဖို့ အားယူနေသည်လဲ။

ချစ်သော မပဋာ၏ ဝိညာဉ်နောက်ကို လိုက်ရန်များ အားယူနေသည်လား။

ပြန်ခဲ့ပါ လှျံရယ်။

ကျွန်တော် တိုးလျစွာ လှျံ့ကို ပြန်လုနေမိသည်။

ဖိုးသကြင်နံက ကျွန်တော့်ကို အသာဆွဲခေါ်သွား၏။ အပြင်ရောက်မှ—

"မိုးတိမ်"

"ဟင် ..."

"မင်းရင်ထဲမှာ သိပ်တင်းကြပ်နေရင် ဖွင့်ချလိုက်လေ"





ကျွန်တော် ခေါင်းခါပြမိသည်။

ကျွန်တော့် မျက်ရည်များက မျက်ဝန်းတွင် တွဲသီလျှင် တွဲသီနေပေလိမ့်မည်။ သို့သော် ကျွန်တော် မငိုချင်ပါ။ မငိုတော့ပါ။ မျှော်လင့်ချက်ရှိသေးသ၍တော့ လှျံ့ကို မျှော်လင့်နေချင်သေးသည်။ ဘယ်သောအခါမှ ရွာချခွင့် မရတော့သည့် မိုးတိမ်လေးတစ်ခု ဖြစ်ခဲ့လျှင်လည်း ထိုရေစိုးရေငွေ့တွေကို အမြဲတမ်းပဲ သိမ်းဆည်းထားလိုက်တော့မည်။ အေးခဲသွားသည် အထိပေါ့။

လှျံ့အမေ မပဋာကို အဝတ်ဖြူနှင့်အုပ်ကာ သူတို့ ခေါ်သွားကြပြီ။

မပဋာ၏ မိသားစုများက လှျံ့ကို မကြည့်ရဲလို့ပဲလား မသိ၊ ဒါမှမဟုတ် သူ့သောကနှင့် သူမို့ပဲလားမသိ။ လှျံ့ကို တစ်ချက်လေးမှ ကြည့်မသွားကြ။

လှျံကော ...

အသိမဲ့နယ်ပယ်ထဲက ရန်းထကာ မပဋာနောက်များ လိုက်သွားလေပြီလား။

အရာအားလုံးသည် မှောင်အတိကျနေသလို ခံစားရသည်။

တိမ်တွေအားလုံး ဘာလို့ မှိုင်းညို့နေရတာလဲ။

နေလုံးကြီးကရော ဘာကြောင့် မတရား ပူပြင်းနေရတာတဲ့လဲ။

ဆေးရုံမှ လှည့်ပြန်ခဲ့ရသော ကျွန်တော်တို့ အားလုံး၏ ခြေလှမ်းများသည် လေးကန် တုံ့ဆိုင်းနေကြလိမ့်မည်။ ထုံးစံအတိုင်း လှျံသည် ကျွန်တော်တို့ကို အဖြေတစ်ခု မပေးခဲ့ပါ။ အဖြေမထွက်နိုင်သော ပုစ္ဆာတစ်ပုဒ်လို ထားရစ်ခဲ့သည်။

"မိုးတိမ်"



www.burmeseclassic.com

www.burmeseclassic.com

"………"

"မိုးတိမ်"

"………"

တိုးတိုးဖွဖွ ခေါ်တတ်သော အသံလေးတစ်ခု ကျွန်တော့်နောက်က ကပ်ပါလာခဲ့သလို ခံစားရသည်။ ဘယ်သောအခါမှ ပြန်ကြားခွင့် မရတော့ဘူး ဆိုလျှင်တောင် ကျွန်တော့်ရင်ထဲမှာ တည်ရှိနေမည့် အသံလေးဖြစ်သည်။

လှျံရယ် …။

ဘယ်မှထွက်မသွားပါနဲ့နော်။

○





**May**

ခုဆို လှျံ ဆေးရုံပေါ်မှာ သတိလစ်နေသည်မှာ (၇)ရက်ရှိပြီ။

မပဌာပင် ရက်လည်သွားခဲ့ပြီ။ အခြေအနေကလည်း မတိုးတက်လာပါ။'

လှျံသည် ခုထိ အဖြေမထွက်သေးသော ပုစ္ဆာတစ်ပုဒ်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ပြန်လည်ရယူခြင်းငှာ မစွမ်းနိုင်သည့်
အတိတ်သက္ကရာဇ်များဆီ
အတွေးခြေလှမ်းများနှင့် တစ်ထစ်ချင်း
နင်းတက်သွားသည့်အခါ
အလိုတော်အရ လှုပနေခဲ့သော
နေ့ရက်များ ရှိနေခဲ့သည်။

ကမ္ဘာပေါ်တွင်
မည်သူမှ မသိရှိလိုက်သည့်
ငြိမ်းချမ်းအေးမြ ဖြူစင်လွန်းကာ
နွေးထွေးမှုတွေကို ပေးစွမ်းနိုင်သော
မီးလျှံလေးတစ်စ ရှိခဲ့ဖူးသည် ...။

ထိုမီးလျှံလေးသည် ...။ ။

မနော်ဟာရီ
24-3-2006
10:00 PM
website - www.manorhary.com
email - manorhary@gmail.com

ကြောင်နှစ်ကောင်စာအုပ်တိုက်

BURMESE CLASSIC
www.burmeseclassic.com